# ရွေ့ရှေ့ဆောင်

# ဆွေဆွေအောင်

# စောင့်ရကျိုးနပ်မယ်





### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

### ပြည်သူ့သဘောထား၊

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ၊

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

**စာမူခွင့်ပြုချက်အမှတ်**

**၁၃၃၉ / ၂၀၀၄ (၁၁)**

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

**၁၃၄၇ / ၂၀၀၄ (၁၂)**

**ထုတ်ဝေသူ**

**ဒေါ်ဆွေဆွေအောင်**

**ဆွေဆွေအောင်စာပေ**

၁၅၂၀၊ ဘိုလီမ်းလမ်း၊ **မင်္ဂလာတောင်ညွန့်**

**ပုံနှိပ်သူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**

ပထမအကြိမ် **၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ**

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်




အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရှိခိုးကန်တော့ပြီး ... 

ဂုဏ်ကျေးဇူးများကို ဦးထိပ်ထက်ပန်ဆင်လျက်

**ဆွေဆွေအောင်**

## ၁

"'မြင့်ရီ'"

"'မြင့်ရီ' ရေ..."

အိမ်ရှေ့ခြံဝမှအော်သံကြောင့် 'မြင့်ရီ' က လှမ်းကြည့်သည်။

'ဒေါ်အေးကွန့်' ကိုမြင်လိုက်ရသောကြောင့် ရင်ထဲတွင်ဒိုင်းကနဲ မြည်ဟီးသွားသည်။ 'ဒေါ်အေးကွန့်' ကိုယ်တိုင်ရောက်လာတိုင်း အိမ်လခပိုတောင်းတတ်စမြဲ။ တစ်နှစ်ကို နှစ်ခေါက်လာရောက်တတ်သည်။

အိမ်လခတိုးတောင်းဖို့လာတာဆိုရင်တော့ လွန်လွန်းပြီ။





လာသွားတာနှစ်လပင် မပြည့်သေး။ ရင်ထဲမှာ မကျေမနပ်ရန်ထောင်နေသော်လည်း မျက်နှာကိုပြုံး၍ အပြေးအလွှားပင် ခြံတံခါးကိုဖွင့်ပေးရင်း...

"'မမကွန့်' ရယ်... နေပူကျဲတဲကြီးများ ထီးဆောင်းပြီးလာရအောင် ဘာတွေများအရေးကြီးနေလို့တုန်း"

"အရေးကြီးလို့ပေါ့ကွယ်"

ထိုစကားကြောင့် 'မြင့်ရီ' စိတ်ပူသလိုဖြစ်သွားမိသည်။

"ထိုင်ဦးနော် 'မမကွန့်'... စားစရာသောက်စရာလေးတစ်ခုခု လုပ်လိုက်ဦးမယ်"

"မလုပ်ပါနဲ့တော့ လာလာ"

လက်ကိုအတင်းဆွဲပြီး ထိုင်ခိုင်းသဖြင့် ထိုင်လိုက်ရသည်။ နားထင်တွင် ချွေးတွေစီးကျနေသော 'ဒေါ်အေးကွန့်' ကို သနားလို့ မဟုတ်သော်လည်း ဖားပြီး သတင်းစာဖြင့် ရပ်ခတ်ပေးမိသည်။ ပြီးတော့ ပြောလာမည့်စကားကို နားစွင့်နေမိသည်။

"အင်း မပြောလို့ မဖြစ်လို့ပြောရတော့မှာပဲ... အိမ်ကိစ္စလာတာ"

"ဟော 'မမကွန့်' မေ့တတ်ပြီရော... အိမ်လခခြောက်လစာလာကောက်သွားပြီးပြီလေ... လခလည်း နှစ်ထောင်ကနေ

သုံးထောင် တိုးသွားသေးတယ်လေ… ကျွန်မတို့မှာ မရှိလို့ လက်စွပ်တောင်ရောင်းပေးလိုက်တာလေ”

‘ဒေါ်အေးကွန့်’ က ဆေးလိပ်ကိုမီးညှိရင်း ရှုံ့မဲ့နေသော မျက်နှာဖြင့်…

“မမေ့ပါဘူးအေ… အခုလာတာ အိမ်လခအတွက်မဟုတ်ဘူး… ငါတို့ဒီအိမ်ကိုရောင်းတော့မယ်”

“အို ဘယ်ဖြစ်မှာလဲ”

‘မြင့်ရီ’ က မျက်နှာတင်းတင်း၊ အသံမာမာဖြင့် ပြန်အော်မိခြင်းဖြစ်သည်။ ထိုစကားသည် နွေခေါင်ခေါင် မိုးကြိုးပစ်ချလိုက်သလို ထိတ်လန့်တုန်လှုပ်စရာ ဖြစ်သွားခဲ့ပါသည်။

အငယ်မကို ပြေးခေါ်ချင်စိတ်ပင် ပေါက်လာသည်။

အငယ်မဆိုသည်မှာ ‘မြင့်ရီ’ ၏ အထက်အောက်ညီမဖြစ်သူ ‘မြင့်နီ’ ကိုခေါ်ခြင်းဖြစ်သည်။

“ဒီကိစ္စကတော့ လုံးဝမဖြစ်နိုင်ဘူး ‘မမကွန့်’… ‘မမကွန့်’ တိုးတောင်းသမျှအိမ်လခကိုလည်း ‘မြင့်ရီ’ တို့ ပေးခဲ့တာ ကြီးပဲ… နေလာတဲ့နှစ်သက်ကလည်း ‘မြင့်ရီ’ တစ်သက်ဆိုတော့ နှစ်သုံးဆယ်ကျော် ပြီ… စနေတည်းက ထရံကာ သက်ကယ်မိုးပဲရှိတာ… အမေတို့ပဲသွပ် မိုးမိုးခဲ့ရတာ”





“အေးလေ နှစ်သုံးဆယ်ကျော် နေလာခဲ့ပြီးပြီပဲလေ… ဒီလောက် အကြာကြီးထားလာတာ ကျေနပ်ပါဦးတော့… နည်းတဲ့ကျေးဇူးလား”

“အို ‘မြင့်ရီ’ တို့ကတော့ လုံးဝမဖယ်ပေးနိုင်ဘူး”

“အလိုတော် ကိုယ့်အိမ်ကိုယ်ရောင်းတာတောင် မရောင်းရဘူးလား… သူက အိမ်ရှင်ကျနေတာပဲ”

“အိမ်ရှင်နဲ့ဘာထူးသေးလဲ… ရေအဆုံးကုန်းတစ်ဝက်ပဲ… တစ်ရာရရင် ငါးဆယ်ပေးရမှာပဲ… မပေးရင် ကုတ်နဲ့ဆွဲချတောင်ဖယ်မပေးဘူး… ရပ်ကွက်ရုံးမှာလည်း သွားတိုင်မှာပဲ… အိမ်လခမှန်မှန်ပေးလျှက်နဲ့ လာအနိုင်ကျင့်တယ်လို့”

‘ဒေါ်အေးကွန့်’ မျက်နှာနီနီကြီးဖြင့် အံကြိတ်ရင်း ပြန်ထွက်သွားသည်။ အိမ်ငှားတွေနိပ်ကွပ်လို့ အိမ်ရှင်တချို့ ရှူးသလိုလိုဖြစ်သွားတာလဲ ကြားနေတွေ့နေရသည်။ တချို့ အိမ်ရှင်တွေလည်း တစ်သက်လုံးရခဲ့သည့် အိမ်လခထက် အဆပေါင်းရာထောင်ချီပြီး အိမ်ငှားတွေကို ပေးလိုက်ရတာတွေလည်း ကြားရသည်။

တချို့ အိမ်ငှားများဆိုလျှင် သိန်းရာချီပြီးရသွားကြသည်။ အိမ်ရှင်က သိန်းနှစ်ဆယ်လောက်သာရသော်လည်း သွေးမ

တော်သားမစပ်ဘဲ အမွေယူသလိုယူသွားကြသည်။

ယခုလည်း 'မြင့်ရီ' ပုံစံက ဒီအချိုးမျိုး။

"ငါသာရှိရင် ဘွားဒေါ်ကို ကောင်းကောင်းပညာပေးလွှတ်လိုက်မှာ"

ယိုစုံလုပ်ငန်းတွင် တစ်နေ့ငါးရာဖြင့် အလုပ်ဝင်လုပ်နေသော အငယ်မက ခါးထောက်ရင်း ပြောခြင်းဖြစ်သည်။

"ငါလည်း ပြောလွှတ်လိုက်တာပဲ... ဒါကြောင့် 'ဒေါ် ကွန့်' တွန့်ပြီး ပြန်သွားတာပေါ့"

"ငါပြောရင် တွန့်ယုံတင်မဟုတ်ဘူး... တစ်ခါတည်းငိုပြီး ပြန်သွားရမယ်မှတ်... အိမ်ပေါ်တက်ပြီး ပါးရိုက်ပါတယ်ဆိုပြီး အော်လိုက်ရင် ထွန့်ထွန့်လူးပြီး ပြန်သွားရမယ်မှတ်"

"ဟား ဟား ဟား အဲ့သလောက်တော့ မလုပ်ပါနဲ့ဟယ် သနားပါတယ်"

"သူက ကိုယ့်ကိုသနားမှာမဟုတ်ဘူးလေ... အမေပြောဖူးတာရော... ဒီအိမ်ကို ငှားမယ့်လူမရှိလို့ စောင့်မယ့်သူမရှိလို့ တောင်းပန်ပြီးတော့ကိုနေခိုင်းထားခဲ့တာလေ... အခုမှလာပြီး မြေဈေးအိမ်ဈေးတွေကောင်းနေလို့ လာကြီးကျယ်နေတာ... အစတုန်းက ဒီအရပ်ဒေသမှာ လူတောင်နေတာမဟုတ်ဘူး...





အမေတို့နေမှ တဖြည်းဖြည်း ရောက်လာကြတာ... လူနေရပ်ကွက်လဲ စည်ကားရော အမေတို့ကို တစ်နှစ်တစ်ခါ လခတိုးတောင်းသွားတာ တစ်ဆယ်ကနေတစ်ရာ... အမေသာသေသွားတယ် မရပ်ဘူး... ငါတို့လက်ထက်ကျတော့ ထောင်ချီနေပြီ... အခုတစ်ထောင်ကနှစ်ထောင် နှစ်ထောင်က သုံးထောင်ဖြစ်နေပြီ"

"သူတို့ဘက်ကကြည့်တော့လည်း အခုလူနေစိပ်လာပြီး မြို့ကွက်ကျယ်လာတော့ ဈေးတွေကကောင်းလာတာကိုး... အရင်တုန်းက ငါးရာတစ်ထောင်လောက်နဲ့ ဝယ်ထားခဲ့ပေမယ့် အခုသိန်းလေးငါးဆယ်ဖြစ်လာတော့လည်း ရောင်းချင်မှာပေါ့... သူတို့ကလည်း သိပ်အဆင်ပြေတာမဟုတ်တော့... ရောင်းချင်ရင်ရောင်းလေ... ငါတို့ကို တစ်ဝက်ပေးရင်ပြီးတာပဲ"

"အို အမှန်အတိုင်းပြောမယ်ထင်လို့လား... အခုနောက်ပိုင်း စာချုပ်ကိုနှစ်မျိုးချုပ်တတ်ကြတာ သိရဲ့လား... ကဲ ငါးဆယ်နဲ့ရောင်းပြီး နှစ်ဆယ်ပဲရောင်းပါတယ်ပြောပြီး ဆယ်သိန်းပဲလာပေးရင်ရော"

"အလကားရတာပဲဟယ်... ယူပြီး တခြားမှာသွားဝယ်နေလိုက်ကြတာပေါ့"

"ဒီလို ခပ်ရုတ်ရုတ်ခပ်ချာချာတောင် ငါးဆယ်လောက် အော်နေမှတော့ သူတို့ပေးတဲ့ဆယ်သိန်းနဲ့ ဘယ်နားမှာသွားဝယ်မှာလဲ… သချိုင်းကုန်းနားတောင် ဆယ်သိန်းမရဘူးသိရဲ့လား… 'မမရီ' က ဘယ်ကိစ္စမဆို သိပ်လွယ်လွယ်တွေးတာပဲ… ဒီကိစ္စ 'အငယ့်' တာဝန်ထား… ပြောစရာရှိရင် 'အငယ်' နဲ့သာ လွှဲချ"

'မြင့်နီ' က နောက်တစ်ခါလာရင် ဘယ်လိုတွယ်ထည့်လိုက်မယ်ဆိုတာကို နည်းမျိုးစုံခံပက်ဖို့ တစ်ညလုံးမအိပ်ဘဲ စဉ်းစားထားသည်။

"ဟဲ့ မအိပ်သေးဘူးလား… အထဲဝင်တော့လေ"

ဝရံတာတွင် လက်ပိုက်၍ ကျောက်ရုပ်လိုထိုင်နေသော ညီမကိုလှမ်းခေါ်ရသည်။

"အလုပ်ထဲကျတော့လည်း ပင်ပန်းမှာ… အိပ်ရေးပျက်ရင် ဖျားမယ်လေ"

"ဩော် 'မမရီ' ရယ်… ကိုယ်လည်း ဘယ်မတရားလုပ်ချင်ပါ့မလဲ… တစ်သက်လုံး ကိုယ့်အိမ်လိုကျယ်ကျယ်ဝန်းဝန်းနေလာခဲ့ကြတာမဟုတ်လား… သူတို့ပေးမယ့်ပိုက်ဆံနဲ့ တိုက်ခန်းငှားနေရင်လဲ စဘော်တင်လို့ရတယ်ထားဦး… တစ်လကို





ငါးထောင်လောက် လခတောင်းရင် ဘယ်လိုလုပ်မလဲ… ရေဘိုးမီးဘိုးတွေလာဦးမယ်… ပြီးတော့ စာကလေးအိမ်လို ကျဉ်းကျဉ်းကြပ်ကြပ်မိုးတိုးမတ်တတ်နဲ့ ခြောက်ထပ်တွေ ရှစ်ထပ်တွေတက်ရမယ်… သေရင်တောင်အလောင်း အောက်ချလို့ရမှာမဟုတ်ဘူး"

" 'အငယ်' ရယ်… ညည်း စိတ်ချမ်းသာသလိုသာလုပ်ပါ… အိမ်ငှားတိုင်း ရသင့်ရထိုက်တာရရင် ဖယ်ပေးဆင်းပေးနေကြတာပဲ သူတို့မတရားမလုပ်ရင် ကိုယ်လည်းမတရားမလုပ်နဲ့… ဒီကြားထဲ အိမ်ရှင်အိမ်ငှား ဘယ်လိုပေးရင် ဖယ်ပေးကြတယ်ဆိုတာ စုံစမ်းထားလေ… အများမိုးခါးရေသောက်ရင် ကိုယ်လည်း သောက်ရမှာပဲပေါ့"

" 'အငယ်' က ကလေးတွေကိုသာ မငဲ့ရရင် မာနနဲ့တစ်ပြားမှမယူဘဲ ဆင်းပေးချင်တဲ့မိန်းမမျိုးပါ"

'မြင့်နီ' တစ်ယောက် ကိုယ့်အိမ်ပိုင်မဟုတ်ဘဲ ငွေတွေအများကြီးရမှ ဖယ်ပေးနိုင်မည့်ကိစ္စအတွက် ကိုယ့်လိပ်ပြာကိုယ်မလုံသလို ဖြစ်နေမှန်းသိပါသည်။ ဟိုဘက်ဒီဘက် ဒွိဟဖြစ်နေမှန်းသိပါသည်။

"အေးလေ… ကိုယ်လည်း မတရားလုပ်တာမဟုတ်ဘူး

လေ... ခေတ်ကာလ အခြေအနေအရလုပ်ရတာပဲ... ကဲ ကဲ အိပ်တော့... ငါတို့တွေက တစ်ရက်လေးတောင်ဖျားဖို့ အချိန်ပေးနိုင်တဲ့သူတွေမဟုတ်ဘူး... အိပ်ရေးပျက်လို့ မဖြစ်ဘူး... လာ လာ သွေးဆေးလေးသောက်ပြီးအိပ်လိုက်"





ကလေးနှစ်ယောက်နှင့် 'အငယ်' တို့ ကျောင်းသွား၊အလုပ်သွားမှ 'မြင့်ရီ' ဈေးခြင်းတောင်းဆွဲပြီး ထွက်ခဲ့ရ သည်။ ခြံတံခါးပိတ်ပြီးမှ ဆေးလိပ်ခုံသွင်းဖို့ လိပ်ပြီးသားဆေး လိပ်တွေ တစ်ခါတည်း ယူသွားမည်ဟုတွေးပြီး ခြံတံခါးပြန်ဖွင့်၊ အိမ်တံခါးပြန်ဖွင့်ပြီး ကြိမ်ခြင်းတောင်းကြီးရှက်၍ ထွက်ခဲ့သည်။

သွားရင်းလာရင်း အိမ်ဘေးပတ်လည်ရှိ စားပင်များကို လှမ်းကြည့်သည်။ ရုံးပတီသီးက ငါးတောင့်၊ ခရမ်းသီးက သုံးလုံး၊ ကန်စွန်းရွက်ညွန့်တွေကလည်း တစ်အိုးစာလောက်ရ

သည်။ အားလူးလေးငါးလုံးဝယ်လာပြီး ငါးခြောက်ရိုးနှင့် ခရမ်းသီး၊ ရုံးပတီးသီးနှင့်ကုလားဟင်းတစ်ခွက်စာရသည်။

ကန်စွန်းရွက်ကြော်မည်။ နောက်ရက်တွေကျလျှင် ပဲသီးတောင့်လေးတွေ ခူး၍ကြော်မည်။ ဗူးသီးတစ်လုံးခူးပြီး ဆီပြန်ချက်မည်။ ခြေလှမ်းတွေက လိုရာခရီးကိုသွားရင်း ဦးနှောက်ကသုံးလေးရက်စာကြိုတင်ပြီး စဉ်းစားရသည်။

ဆေးလိပ်ခုံတွင် တစ်ပတ်စာလိပ်ပြီးသား ဆေးလိပ်များအပ်လျှင် တစ်ပတ်စာဈေးဘိုးရသည်။ 'မြင့်နီ' ရှာသမျှက ကလေးနှစ်ယောက်ကျောင်းစရိတ်နှင့် ကျောင်းဝတ်စုံဘိုးနဲ့ပင် လုံးခြာလည်နေသည်။

အိမ်ကအသီးအနှံလေးတွေ ထွက်သည့်အချိန်မျိုးတွင်ဈေးဘိုးနည်းနည်းသက်သာသဖြင့် မိမိတို့အဝတ်အစားဝယ်ဖို့လိမ်ကျစ်ပြီးစုရသည်။

ဒါတောင် လုံချည်တစ်ကွင်းဝယ်ဖို့ နှစ်လလောက်စုယူရသည်။ ကလေးနှစ်ယောက် ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဘွဲ့ရပြီးသည်အထိတော့ အားမွေးပြီးကြိုးစားရဦးမည်။ သူတို့လေးတွေအလုပ်ရသွားလျှင်တော့ မိမိတို့ညီအစ်မ အသက်ရှူချောင်သွားနိုင်သည်။





အသွားလည်းစိတ်ကူးယဉ်၊ အပြန်လည်းစိတ်ကူးယဉ်လာခဲ့သူ 'မြင့်ရီ' တစ်ယောက် အိမ်ရှေ့ရောက်သောအခါ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရှာသည်။

"ဟင် ဘယ်လိုဖြစ်တာလဲ"

ခြံတံခါးကြီးပွင့်နေပြီး ခြံထဲတွင် လူတွေရောက်နေပါလား။ပြီးတော့ မိမိတို့တူဝရီးတွေ မနက်တိုင်း၊ ညနေတိုင်း ရေလောင်းပြီး တယုတယစိုက်ပျိုးထားသော စားပင်၊ပန်းပင်၊ သီးပင်များကို ခုတ်ပစ်နေကြပါလား။

"ဘုရား ဘုရား"

ရင်ဝကိုဓါးနှင့်ထိုးမွှေခြင်းခံရသလို နာကျင်သွားခဲ့ပါသည်။ မူးကနဲ၊ မိုက်ကနဲဖြစ်သွားခဲ့ပါသည်။ အားတင်းပြီး ထိုသူများရှိရာ ရောက်လာခဲ့ပါသည်။

"ရှင်တို့ဘယ်သူတွေလဲ... အိမ်ရှင်မရှိဘဲ ခြံတံခါးဖွင့်ဝင်တာက တစ်ပြစ် သူများခြံထဲက သစ်ပင်တွေကို ခွင့်မတောင်းဘဲခုတ်တာက တစ်ပြစ်ဖြစ်နေပြီ... ရုံးတွေဂတ်တွေမရောက်ချင်ရင်ပြန်တောင်းပန်ကြပါ... ခုတ်ပစ်တဲ့အပင်တွေအတွက် လျော်ကြေးပေးကြပါ"

ထိုစကားကို မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်နား

ထောင်နေကြရာမှ ပုပုဝဝ ဗိုက်ပူပူဖင်ကောက်ကောက် ထိပ်ပြောင်ပြောင်နှင့် ကွမ်းတွေတမြုံ့မြုံ့ဝါးနေသော မျက်လုံးပြူးပြူး၊ မျက်ခုံးထူထူနှင့်လူက ကွမ်းတံတွေးကို ပစ်ကနဲထွေးရင်း...

"ခင်ဗျား မှားနေပြီထင်တယ်... အိမ်ရှင်က ကျုပ်တို့ကိုခြံရှင်းပြီး ချက်ချင်းဟိုဘက်တစ်ခြမ်း ဒီဘက်တစ်ခြမ်းအဖီဆွဲပြီးနေဖို့လွှတ်လိုက်တာ"

"ဘာ..."

"ရော် မြန်မာစကားနားမလည်ဘူးလား... ဒီခြံနဲ့ဒီအိမ်ရဲ့ပိုင်ရှင် 'ဒေါ်အေးကွန့်' တို့ဆီမှာ ကျုပ်တို့ တစ်လနှစ်ထောင်တစ်နှစ်စာပေးပြီး အိမ်ငှားထားပြီးပြီ... ဟိုဘက်ခြမ်းကတစ်ဦးဒီဘက်ခြမ်းကတစ်ဦးဗျာ... မယုံရင် ကိုယ်တိုင်သွားမေးပေ တော့"

မယုံသဖြင့် သွားမေးရပါလိမ့်မည်။ ယခုချက်ချင်းသွားချင်ပါသော်လည်း၊ မီးဖိုချောင်ကိစ္စရှိနေသေးသဖြင့် ချက်ဖို့ပြုတ်ဖို့အရင်စဉ်းစားရသည်။ ကလေးတွေ ထမင်းစားပြန်လာလျှင်အရံသင့်ရှိစေချင်သည်။

"ဗူးသီးတွေ ပဲသီးတွေ ကန်စွန်းရွက်တွေ ဘယ်ရောက်ကုန်ပြီလဲ"





"ခုတ်ပစ်လိုက်ပြီလေ... မြင်ရဲ့သားနဲ့"

"ဟွန်း ဖြောင်ညာတယ်... ဟိုမှာ ခူးပြီးဝှက်ထားတယ်မဟုတ်လား"

ဂျာကင်အစုတ်အောက်မှ ကန်စွန်းညွန့်များက ထိုးထွက်နေသည်။ အကျီကိုဆွဲဖယ်ပြီး သူတို့ခူးသမျှ ငရုတ်သီးတစ်တောင့်ပင်မချန်ပြန်ယူခဲ့သည်။

## ၂

"ဟုတ်တယ် ရောင်းချင်ပေမယ့် ညည်းတို့ ကဆင်းမပေးတော့ ငှားမယ့်လူရှိတုန်း ငှားရတာပဲ... လခနှစ်ထောင် တစ်နှစ်စာကြိုပေးကြတယ်... သူတို့ဖါသာ မိုးကာပြီးနေကြမှာ... ကိုယ်ကဘာမှ လုပ်မပေးဘူးလို့ပြောလိုက်တာ... ဟုတ်တယ်... ငါတို့လည်းအိုပြီ ငွေပိုငွေလျှံလေးရအောင် လုပ်ရတာ"

ညနေစောင်း 'မြင့်နီ' ပြန်လာတော့ ကိုယ့်မျက်လုံးကိုယ်မယုံချင်။ လမ်းမှားလာတာလား အိမ်မှားလာတာလားဟုပင်





ထင်မိ၍ ဟိုဟိုဒီဒီ ကြည့်မိသည်။ အိမ်ရှေ့တည့်တည့်က ဝိတောက်ပင်ကြီးကို ကြည့်ယုံဖြင့် မိမိတို့အိမ်မှန်း တစ်ရပ်ကွက်လုံးသိသည်။

ဘယ်လိုကြောင့် မိမိတို့အိမ်က အတောင်ပေါက်သွားသနည်း။

ဟုတ်ပါသည်။ ဟိုဘက်၊ ဒီဘက်တစ်ဖက်ရပ်အမိုးထည့်ပြီး ထရံတောင်ကာပြီးသွားပြီ။ အဝင်အထွက်တံခါးပေါက်နှင့်ပြူတင်းပေါက်လည်း ဖောက်ထားပြီးပြီ။ အိမ်ထဲကို သေချာကြည့်တော့ လူတွေပင်ဝင်နေပြီ။

"ဟား ဘယ်လိုဖြစ်တာလဲ 'မမရီ' ရဲ့... နတ်မျက်စေ့လှည့်လိုက်သလိုပဲ"

"အေးလေ 'ဒေါ်အေးကွန့်' ပညာပေးလိုက်တာလေ... သူ့ဆီ ငါလိုက်သွားသေးတယ်... သူတို့လည်း ငွေလိုလွန်းလို့တဲ့"

ခါးထောက်ပြီးဒေါပွနေသော 'မြင့်နီ' ၏ မြင်ကွင်းထဲသို့ ချေးပိတုံးနှင့်ပုံစံတူသော လူတစ်ယောက်က မျက်နှာကိုရှုံ့မဲ့ပြီး ခါးကိုထောက်ဗိုက်ကိုပွတ်၍ ရောက်လာပါသည်။

"ဒီမှာ အစ်မကြီး... သော့ သော့ သော့ပေးစမ်းပါ"

"ဘာသော့တုန်း"

ဒေါပွနေသော 'မြင့်နီ' က အကျယ်ကြီး ပြန်အော်မေးလိုက်ခြင်းဖြစ်သည်။

"အိမ်သာသော့လေ... သော့ခတ်ထားလို့ ဝင်လို့မရဘူး"

'မမရီ' သော့ခတ်လိုက်ပြီဆိုတာ ရိပ်မိလိုက်သဖြင့်...

"အိမ်တောင် ချက်ချင်းဆောက်ပြီး နေလို့ရသေးတာပဲ ကိုယ့်အိမ်သာကိုယ်ဆောက်ပေါ့"

"ဟာ တစ်ခြံမှာတစ်လုံးရှိရင်တော်ပြီပေါ့"

"အောင်မာ... ဒီအိမ်သာ အိမ်ရှင်ဆောက်ပေးထားတာ မဟုတ်ဘူး... ကျုပ်တို့ဖါသာဆောက်နေတာ... ရှင်တို့လည်း ကိုယ့်ဖါသာကိုယ်ဆောက်"

"အေးပါဗျာ... နောက်ရက်ကျရင် ဆောက်ပါ့မယ်... ခုလောလောဆယ်တော့ ပေးသုံးဖို့တောင်းပန်ပါတယ်"

"မပေးဘူးလို့ ပြောနေတယ်လေ"

"ဟား တော်တော်ယုတ်တဲ့မိန်းမတွေပဲ... 'ဘိုရဲ' ရေ... စောင်အစုတ်တစ်ထည်နဲ့ ဝါးလုံးချည်ပြီးလာကာပေးကွာ"

ဆယ်နှစ်ခန့်ရှိသော ဆံပင်နီနီနှင့်ကောင်လေးက အလိုက်သိစွာ အဆင်ပြေအောင်လုပ်ပေးနေကြောင်း တွေ့ရသည်။





ချေးပိတုံးလို မည်းမည်းပုပုလူကတော့ အန္တရာယ်ကိုမလွယ်နိုင်တော့သဖြင့် စောင်အစုတ်နောက်သို့ ဝင်သွားခဲ့လေပြီ။

"ငါတို့တော့ တကယ်ကံဆိုးတာ 'အငယ်' ရယ်... ဖြစ်နိုင်ရင် ခုချက်ချင်းတောင် ပြောင်းပြေးချင်တယ်"

"ဘာဆိုင်လဲ... ကိုယ့်အိမ်ကိုယ်နေတာပဲ"

"အရင်ကလို နေချင်သလိုနေလို့မရတော့ဘူးလေ... မိုးလင်းလို့မှ ခေါင်းရင်းခြေရင်းက တံခါးတွေဖွင့်ခွင့်မရတော့တဲ့ဘဝ... အရင်တုန်းက ခြံတံခါးသော့ခတ်ပြီး တစ်အိမ်လုံးတံခါးတွေဖွင့်ပြီး အိပ်နေရင်တောင် လုံခြုံသလိုရှိပေမယ့် အခု ခြံတံခါးသော့ခတ်ထားရင်တောင် မလုံတော့ဘူးလေ... 'ဘိုရဲ' တို့သားအဖနှစ်ယောက်အပြင် နောက်ထပ် ဘယ်နှစ်ယောက်ထပ်ရောက်လာဦးမလဲ မသိဘူး... ခြေရင်းအခန်းကလည်း ဘယ်လိုလူတွေ ရောက်လာဦးမလဲမသိဘူး"

"ဟင် ဟိုခွေးက ဘယ်ကရောက်လာတာလဲ"

"သူတို့နဲ့ပါလာတာပဲ"

"အလိုတော် လူတောင်နေစရာမရှိလို့ သူများအိမ်ဘေးအဖီထိုးပြီး လာနေရတဲ့ဘဝနဲ့များ ခွေးကမွေးထားသေးတယ်"

ထိုစဉ် မည်းတူချိတ်နေသော ထိုခွေးက သူ့သခင်များရှိ

ရာ အမြီးတနံ့နံ့နှင့်လိုက်သွားပါသည်။

"သွား သွား 'ဘလက်' "

ခွေးနာမည်က 'ဘလက်'။ အနက်ပေါ့။ ဘိုကဆန်နေသေးသည်။

ပိုင်ရှင်တွေစောင်နောက်က ထွက်လာပြီးသောအခါ 'ဘလက်' တန်းဝင်သွားကြောင်းတွေ့လိုက်ရသည်။

'မြင့်ရီ'တို့ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ရှုံ့မဲ့ပြီးကြည့်နေမိကြသည်။ 'ဘိုရဲ' မျက်နှာကိုသေချာမြင်လိုက်ရသော 'မြင့်နီ' က ...

"ကောင်လေးက ဆံပင်နီနီ အသားဖြူဖြူနဲ့လူချောလေးပါလား... သူ့အဖေနဲ့တော့ တခြားစီပဲ"

"သူ့အမေနဲ့တူလို့နေမှာပေါ့"

"အိမ်က 'မျိုးသန့်'နဲ့ရွယ်တူလောက် ရှိမယ်ထင်တယ်... သူစိမ်းလူပျိုပေါက်ရောက်လာတာ အရေးမကြီးဘူး... 'မျိုးလှ' အနေကြို့မှာစိုးရတယ်"

"ဟုတ်တယ် 'မျိုးလှ' အတွက်လည်း မကောင်းဘူး... သူစိမ်းယောကျ်ားကြီး ကိုယ်နဲ့နံရံတစ်ချပ်ခြားမှာ ရောက်လာတာငါတို့ အတွက်လည်း မကောင်းဘူး"





"နောက်ရက်ကျရင် သူ့မိန်းမရောက်ချင်ရောက်လာမှာပေါ့... ဟင် ဟဲ့ခွေး သွားသွား"

'ဘလက်' က မသွားဘဲ 'မြင့်နီ' တို့ ပန်းကန်ဆေးသည့် ဒန်ဇလုံထဲမှရေကို မြိန်ရေယှက်ရေငုံ့သောက်နေလေသည်။ 'မြင့်နီ' က သနပ်ခါးတုံးဖြင့် အံကြိတ်ပြီး ပစ်ထည့်လိုက်သည်။

"ကဲ ကဲ"

"ဂိန် ဂိန်"

'ဘလက်' က ဂိန်ကြောရှည်နေသလို 'မြင့်နီ' ၏ ဒေါသကလည်း ငယ်ထိပ်ကိုမြင့်တက်သွားခဲ့ပြီ။

"ကဲ ကဲ ဒီဇလုံကကောင်းဦးမှာလား... လူစားတဲ့ပန်းကန်ခွက်ယောက်ကို ဆေးတဲ့ဇလုံဟဲ့... ကဲ ကဲ ဝှမ် ဝှမ် ဂလောင်ဂလောင်"

'မြင့်နီ' က ဇလုံကို ဖင်ထိုင်ခုံဖြင့် ထုရိုက်လုံးခြေပြီး ဘောလုံးလို အိမ်ရှေ့ဘက်သို့ကန်ယူသွားပြီး ခြံပြင်ရှိရေစီးနေသော မြောင်းကလေးထဲ ကန်ချခဲ့ပြီဖြစ်သည်။

"နင့် ဒေါသကလဲ ကိုယ့်ပစ္စည်းဆုံးရှုံးတာပဲ အဖတ်တင်တယ် ဒီလိုမှန်းသိရင် ဒီနေ့တစ်ရက် အိမ်သာပေးတက်လိုက်ပါတယ်ဟယ်"

"ပေးတက်ရင် နောက်တစ်ရက် အိမ်သာဆောက်မှာ မဟုတ်တော့ဘူး"

"ကဲ ပေးမတက်လည်း မဆောက်ဘဲ ဒီစခန်းဆက်သွားနေရင်ကော"

"အရမ်းစိတ်ပျက်တယ်ကွာ... ဟင် ဟိုကောင်လေး ရေမြောင်းထဲက ဇလုံကို သွားကောက်ယူလာနေပါလား"

'ဘိုရဲ' က လုံးခြေထားသောဇလုံကို မြှောက်ပင့်ကစားပြီး ပြန်ယူလာနေသဖြင့်...

"ဟဲ့ ဘာဖြစ်လို့ပြန်ယူလာတာလဲ... သွားပြန်ထား"

'ဘိုရဲ' က နောက်ပြန်မလှည့်ဘဲ မျက်လုံးပြူးလေးဖြင့် သူ့အခန်းဘက် လှမ်းကြည့်နေသည်။

"ဟဲ့ သွားပြန်ထားလို့ ပြောနေတယ် မဟုတ်လား"

ဖိနပ်တစ်ဘက်လှမ်းကောက်ပြီး လှမ်းပေါက်ဖို့ရွယ်လိုက်သော 'မြင့်နီ' ၏ ဟန်ပန်ကြောင့် 'ဘိုရဲ' ခြေဝပြန်လှည့်ဖို့ပြင် သည်။

"ဟော့ကောင် ဘာမှကြောက်နေစရာ မလိုဘူး... ဒီပစ္စည်း သူတို့ဟာ မဟုတ်တော့ဘူး... မလိုချင်လို့ ခြံပြင်ကိုပစ်ထားပြီးပြီ ... သူတို့နဲ့မဆိုင်တော့ဘူး ဒီကိုယူခဲ့"





ထိုစကားကြောင့် ကောင်လေးလှစ်ကနဲ အိမ်ထဲပြေးဝင်သွားသလို 'မြင့်နီ' လည်း စုံးကဝေတွေလို လွှားကနဲဝရံတာမှ ခုန်ဆင်းသွားခဲ့ပြီ။

"ရှင် ဘာသဘောနဲ့ရန်စနေတာလဲ... ရောက်လာတာတောင် တစ်ညမအိပ်ရသေးဘူး... လူပါးဝလှချည်လား"

"ကျုပ်က ခပ်ဝဝဆိုတော့ ကျုပ်ပါးကလည်း ဝတာပေါ့ဗျာ"

"အဲ့ဒီပါးဝဝကြီး ဟောဒီလက်ဝါးနဲ့ အရိုက်မခံချင်ရင် ကောင်းကောင်းနေပါ"

"ဟား ခင်ဗျားတို့တယ်စွာပါလား... အရင်ကလို ခင်ဗျားတို့ တစ်ဦးတည်းနေတာ မဟုတ်တော့ဘူးလေ"

"ရှင်တို့ဘာလို့ ရန်စနေသေးလဲ"

"ဘာရန်စလို့လဲ"

"ဘာလို့ မြောင်းထဲပစ်ထားတဲ့ခွက်ကို ပြန်ကောက်ခိုင်းလဲ"

"ခင်ဗျားတို့အသုံးမလိုလို့ စည်းအပြင်လွှင့်ပစ်ပြီးပြီ မဟုတ်လား"

"ခြံထဲမထားချင်လို့ ပစ်လိုက်တာကို ရှင်ကဘာကိစ္စပြန်

ကောက်တာလဲ"

"ဟောဗျာ ကျုပ်က ဒန်အိုးဒန်ခွက် အစုတ်အပြတ် အဟောင်းဝယ်တဲ့အကောင်... စာအုပ်အဟောင်း သတင်းစက္ကူ တွေ ဝယ်တဲ့အကောင်... "

"ဟွန်း ကြီးကြီးကျယ်ကျယ်လုပ်တာကိုး... လူမြင်အောင် လမ်းဘေးကကောက်ဝံ့မှတော့ လူမမြင်ရင် လမ်းကြိုလမ်းကြား ထဲလည်း လိုက်ကောက်လိုက်မွှေမယ့်ပုံ"

'ကိုထိပ်ပြောင်' က ခေါင်းတညိတ်ညိတ်လုပ်ရင်း...

"ဟုတ်တယ်... ဒါပေမဲ့ သူများပစ္စည်းကိုတော့ ကျုပ်တို့ မခိုးဘူး"

"ပြောလို့ရမလား... 'ဒေါ်အေးကွန့်' က ဘယ်လိုလူ တန်းစားတွေ လျှောက်ငှားမှန်းမသိဘူး... ရှေ့လျှောက်ဘယ်လို နေရတော့မှာလဲ"

ငိုသံကြီးနှင့်ပြောပြီး သူမတို့အခန်းဘက် ပြန်တက်သွား သဖြင့် 'မြင့်နီ' ကို 'ကိုထိပ်ပြောင်' က စိတ်ပျက်သလို ခေါင်းခါ ရမ်းပြရင်း ကျန်ရစ်ခဲ့ပါတော့သည်။

'မြင့်နီ' က အိမ်ပေါ်မှဆက်ပြီး အော်နေပါသည်။

"ဒင်းရဲ့ခွေးကို ဒီခြံထဲမှာထားမယ်ဆိုရင် အဆိတ်ခတ်ပြီး





ကို သတ်ပစ်မယ်"

နောက်တစ်နေ့ 'မြင့်နီ' အလုပ်မသွားခင် ကားသံကြား သဖြင့် ထွက်ကြည့်သောအခါ လေးဘီးတစ်စီးနှင့် လူသုံး ယောက်ရောက်လာသည်။ သေ့တ္တာသုံးလုံးနှင့် ခြင်းတောင်းသုံး လေးလုံးကို အိမ်ထဲဆွဲသွင်းလာလေမှ အိမ်ပြောင်းလာမှန်းသိ တော့သည်။

"ဟင် ခြေတစ်ဖက် မရှိပါလား"

ဂျိုင်းထောက်နှင့်ခြံထဲဝင်လာသည်ကို တအံ့သြရဲမြင်ရသ လို 'မြင့်နီ' က အော်လိုက်ချိန်တွင် တစ်ဖက်ခန်းမှ ထိပ်ပြောင်နှင့် 'ဘိုရဲ' တို့က အပြေးအလွှားသွားကြိုနေကြသည်။ ပစ္စည်းတွေ ဝိုင်းသယ်နေကြသည်။

သြော် မိတ်ဟောင်းဆွေဟောင်းတွေကို။

"အင်း အမှိုက်ကောက်တဲ့လူနဲ့ ဒုက္ခိတနဲ့... 'မြင့်နီ' တို့ပါ ရောပြီး အောက်တန်းကျရပြီ"

"ကွယ် ငါတို့ဘဝကရောဘာတွေများ အဆင့်အတန်းရှိ လို့လဲ ငါကဆေးလိပ်လိပ်တယ်... နင်က သူများမုန့်လုပ်ငန်း တွေမှာ မုန့်ထည့်ရတယ်... ဆိုင်တွေလိုက်သွင်းရတဲ့လူ" ဆယ်တန်းအောင်ပြီး သွက်လက်ချက်ချာသော 'မြင့်နီ' ကို

အလုပ်ရှင်များက လခကောင်းကောင်းပေးထားသဖြင့် သူမကနည်းနည်းဘဝင်မြင့်ချင်သည်။ ဘဝင်မြင့်ရ သည့်အကြောင်းအရင်းကတော့ သူမ၏ငယ်သူငယ်ချင်းများထဲမှ ဘွဲ့ရပြီးအလုပ်မရသေးသူများရှိ သလို အလုပ်ဝင်နေသူများထက်လည်း 'မြင့်နီ' က လခပိုရသောကြောင့်ဖြစ်သည်။

လခပိုရသဖြင့် မိုးလင်းကမိုးချုပ် တန်အောင်လုပ်ပေးရသည်ကိုတော့ သူမ မမြင်။ နားရက်အားရက်မရှိအောင် ခိုင်းထားတာကို သူမ မမြင်။

ဤအနီးအနားတဝိုက်တွင် 'မြင့်ရီ' တို့မိသားစုကကိုယ့်ဝန်း ကိုယ့်ခြံနှင့်နေကြပြီး ရပ်ရည်သန့်ပြန့်ကြသည်။ ကြွေးကင်းပြီး ကလေးနှစ်ယောက်ကလည်း စာတော်ကြသည်။ အပျိုကြီးနှစ်ယောက်က တူနှင့်တူမကို လိမ္မာရေးခြားရှိအောင် သွန်သင်ထားသလို မိမိတို့ ညီအစ်မ နှစ်ယောက်လုံးကလည်း ဘာနာမည်ပျက်မှုမရှိ။

ယခုအချိန်အထိ မိမိတို့ကိုစိတ်ဝင်စားသူ လူပျိုကြီးတချို့နှင့်တစ်ခုလပ်၊ မုဆိုးဖိုတို့ရှိနေဆဲ။ အနေအထိုင်တည်သော မိမိတို့ကို မည်သူကမှ ထိကပါရိကပါးမလုပ်ရဲကြ။ သာရေးနာရေးဖြစ်လာလျှင်လည်း ဝိုင်းကူညီကြသည်။ အမှန်အတိုင်းပြော





ရလျှင် မိမိတို့ကိုဣန္ဒြေရှင်အပျိုကြီးများအဖြစ် လေးစားကြ သည်။ ခင်မင်ကြသည်။

ခုတော့ မိမိတို့ခြံထဲရှိ အမှိုက်ကောက်သူနှင့် ခြေတစ်ဖက်မရှိ သူတို့ရောက်လာသောအခါ မိမိတို့၏အရောင်သည် မှေးမှိန်သွားလေပြီ။ သူတို့နှင့်တစ်တန်းတစ်စားထဲ ဖြစ်သွားပြီဟု ခံစားလိုက်ရသည်။

" 'အေးနွဲ့' ရေ… နင့်မှာပိုက်ဆံပိုသေးလား"

"နည်းနည်းပါးပါးတော့ ရှိတာပေါ့… ဘာဖြစ်လို့မေးတာလဲ"

"အိမ်သာအမြန်ဆောက်မှ ပေးမတက်ဘူး"

လက်ဟန်ခြေဟန်ဖြင့် မေ့ငေါ့၍ပြောမှန်းသိပါသည်။

"ဟင် အံ့ပါရဲ့ ရိုင်းလိုက်တာ"

'မြင့်နီ' တို့ အံကြိတ်နေကြပါသည်။

"ကဲ နှစ်ထောင်လောက်ပေး… လိုတာငါစိုက်မယ်… ရေလောင်းအိမ်သာလေးပဲလုပ်လိုက်မယ်"

"သိပ်ချမ်းသာနေရင်လည်း ရေတွင်းပါတစ်ခါတည်းတူးလိုက်ကြပါလား… အခုသုံးနေတဲ့ရေတွင်းက အိမ်ရှင်တူးပေးထားတာမဟုတ်ဘူး… မတူးချင်ရင် ရေတစ်ပေပါကိုငါးကျပ်နဲ့

ရောင်းမယ်"

"ဟား ခင်ဗျားတို့ တော်တော်ရက်စက်ယုတ်မာပါ လား... ဒီလို စိတ်ဓါတ်မျိုးရှိမယ်မှန်းသိရင် ပြောင်းကိုမလာ ဘူး...တစ်ခြံထဲမှာ ရေတွင်းတစ်ခုရှိရင် တော်ပြီပေါ့... ရေအကျိုး ဆယ်ပါးမတောင်းဘဲပြည့်တယ်ဆိုတာ ခင်ဗျားတို့သိမှာပါ... တစ်ခြံထဲတစ်ဝန်းထဲနေတာပဲ... မိသားစုစိတ်ဓါတ်ရှိရင် ပိုမ ကောင်းပါလား... ခုတော့ရောက်တည်းက တစ်ခုပြီးတစ်ခု နှိပ် ကွပ်နေသလိုပဲ"

"ဒါကတော့ထင်ချင်သလိုထင်လေ... 'မြင့်နီ' တို့ဘက်က လဲ ပြန်စဉ်းစားကြည့်လေ... ကိုယ့်ပိုက်ဆံနဲ့ကိုယ် လုပ်ထားရ တာမို့လို့ ပြောနေရတာ"

လောလောဆယ်ရေတွင်းတူးဖို့ မဖြစ်နိုင်သေး။
ရေတွင်းတူးပြီးရင်လည်း ချက်ချင်းသုံးလို့ရတာမဟုတ်။
အခုရေတွင်းတူးပြီး အခုရေသောက်လို့ရတာမဟုတ်။
သည်တော့ မတူးခင် ဝယ်သုံးရတော့မည်ပေါ့။

မိမိတို့လူသစ်များက အိမ်သာအသစ်အတွက် အမြန်ဆုံး လှုပ်ရှားနေချိန်တွင် 'မြင့်နီ' တို့ညီအစ်မကလည်း လက်သမား များခေါ်၍ ရေတွင်းကိုလုံအောင်အခန်းဖွဲ့နေကြောင်း တွေ့ရသ





ဖြင့် စိတ်ပျက်လွှဲရှာစွာကြည့်မိတော့သည်။

နောက်တစ်နေ့မနက် 'ဒေါ်အေးကွန့်' ရောက်လာပြီး...

"ညည်းတို့ကလည်း အိမ်ငှားအချင်းချင်း ရိုင်းပင်းစိတ် တော့ ရှိဦးမှပေါ့အေ... အခုမှရောက်လာတဲ့သူတွေကို အိမ်သာ လဲပေးမတက် ရေတွင်းလည်းပေးမသုံးနဲ့ ဒီပတ်ဝန်းကျင်က ညည်းတို့ကိုအထင်ကြီးနေတဲ့သူတွေတောင် စိတ်ဓါတ်ယုတ်မာ မှန်းအခုမှသိသွားကြပြီ... နှာခေါင်းရှုံ့ကုန်ကြပြီ... နနယ်တဲ့မိန်း မသားတွေဖြစ်လျက် ဘာဖြစ်လို့ ခုလောက်စိတ်ရင်းယုတ်မာ ချင်ရတာလဲ"

"အများကတော့ ဒီလိုပဲမြင်ကြမှာပေါ့... ကျွန်မတို့ဘက် ကလည်း စဉ်းစားကြည့်ဦးလေ... အိမ်ငှားချင်းအတူတူ ကိုယ့် ပိုက်ဆံနဲ့ကိုယ် ဆောက်ခဲ့ရတဲ့အိမ်သာကိုလည်း ပေးသုံးရ မယ်... ရေတွင်းကိုလည်း ပေးသုံးရမယ်ဆိုတော့ 'ဒေါ်အေးကွန့်' ဘက်က ကျွန်မတို့ကို မတရား အနိုင်ကျင့်လွန်းလို့ မခံချင်လို့ လုပ်ရတာ... အခုအိမ်စဘော် အိမ်လခ တွေအများကြီးရသွား တာက 'ဒေါ်အေးကွန့်' လေ... ကျွန်မတို့က ပြူတင်းပေါက် တွေလည်း အပိတ်ခံလိုက်ရပြီး ခြံထဲကအပင်တွေလည်း အခုတ် ခံရတယ်... မတရားအနိုင်ကျင့်တာက ရှင်ကြီးပဲ... ကျွန်မတို့ခံ

စားရသလို ရှင် မခံစားပါရစေနဲ့နော်”

“ဟဲ့ ဒါက ငါ့မြေ ငါ့အိမ်ပဲလေ... ငါ့မှာလည်း အသုံးလိုလို့လုပ်ရတာပဲ... အိမ်ရောင်းမယ်ဆိုတော့လည်း ညည်းတို့က ဖယ်မပေးဘူးလေ”

“ကဲ သိန်းနှစ်ဆယ်ပေးမလား... အခုချက်ချင်းထွက်ပေးမယ်”

“သိန်းနှစ်ဆယ်မပြောနဲ့... နှစ်သိန်းတောင်မရှိဘူး... မနေချင်လည်း ဒီအတိုင်းသာဆင်းသွားပေတော့”

“ဘာ ရှင်ဘာစကားပြောတာလဲ... ဘယ်တော့မှမဆင်းဘူး... သေတောင်မဆင်းဘူး”

“သေမှတော့ မဆင်းလို့ရမလားအေ ညည်းကလည်း”

“အို လူအဖြစ်ကဆင်းရပေမယ့် အစိမ်းဘဝနဲ့ဆက်နေမှာ သိရဲ့လား... ရှင်ကြီးလာရင် ဂုတ်ချိုးပစ်မှာသိရဲ့လား”

“အလိုတော့် ဘုရား ဘုရား... ကိုယ့်ပစ္စည်းမဟုတ်ပဲမက်လှချည်လား... ‘မြင့်ရီ’ ရယ် နင့်ညီမဆိုးချက်ကတော့ ဖွတ်ထွက်မှတောင်ပို့မှန်းသိရတော့တယ်... အခုရှုပ်မှနောင်ရှင်းပဲ... ဒီအိမ်ကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ်ဘယ်သူမှလာမတိုင်ကြနဲ့ တော့... နေနိုင်တဲ့လူနေ... မနေနိုင်တဲ့လူ ပြောင်း ဒါပဲ ဒါပဲ”





‘ဒေါ်အေးကွန့်’ က ပါးစပ်က တတွတ်တွတ်ပြောရင်း ထွက်သွားခဲ့ပါသည်။

## ၃

ဘာပဲပြောပြောနေ့စဉ် ရေဘိုးဆယ့်ငါးကျပ်ရနေသဖြင့် ဈေးဘိုးကာမိနေပါသည်။ ရေတွင်းမတူးပါစေနှင့်ဟုပင် ဆုတောင်းနေမိသည်။

“ ‘ခင်လေး’ ”

“ရှင် ‘မေနီ’ ”

မျက်လုံးပြူးလေးဖြင့် မော့ကြည့်ရင်းထူးလိုက်သော ‘ခင်မျိုးလှ’ ၏မျက်နှာမှာ မနက်စောစော နှင်းဖြန်းသောပန်းကလေးပမာ လန်းဆန်းတောက်ပ၍နေပါသည်။





ဩော် အရွယ်ကလေးကလည်း ဆယ်နှစ်ဆိုတော့ ကညာအရွယ်။ မကြာခင် သုံးနှစ်အတွင်းယုဝတီဆိုသည့် အပျိုပေါက်ဘဝရောက်တော့မည်။

သူမ၏ မျက်လုံးအစုံက ညအခါ လမင်းကြီးဘေးတွင် အပြိုင်တောက်ပနေသော ကြယ်ပွင့်ကြီးပမာ အရည်လဲ့ပြီးတဖျတ်ဖျတ်တောက်ပနေသည်။

စာတော်ပြီးရုပ်ချောသောတူမကို ဆရာဝန်မကြီးဖြစ်စေချင်သည်။

ပြီးတော့အလွန်ချမ်းသာသော ဆရာဝန်မျိုးနှင့်သာရစေချင်သည်။

ခုတော့မနေ့တစ်နေ့ကမှပြောင်းလာသော ‘ဘိုရဲ’ က ‘ခင်လေး’ ကိုတွေ့တိုင်း ရယ်ရယ်မောမောမျက်နှာဖြင့် တွေ့လိုက်တိုင်းမျက်နှာချိုသွေးစကားလိုက်ပြောတတ်သဖြင့် လွန်စွာဒေါပွနေမိသည်။

“မလိုအပ်ဘဲ ဟိုဘက်ကကောင်လေးနဲ့ စကားမပြောနဲ့”

“သူက ကျောင်းစာတွေဘာသင်လဲမေးတာပါ... သူ မတတ်တဲ့ ပုစ္ဆာလေးတွေကိုမေးတာပါ... ”

“အောင်မာ သူနဲ့ကျောင်းစာနဲ့ဘာဆိုင်လို့လဲ... ကျောင်း

မှမနေတာ"

"လေးတန်းအောင်တဲ့အထိတော့ နေဖူးတယ်တဲ့... ငါးတန်းတက်မယ့်နှစ်မှာ သူ့အဖေနဲ့အမေကွဲပြီး အဖေကနောက်အိမ်ထောင်ပြုလိုက်လို့ သူ့မိထွေးက ကျောင်းဆက်မထားတော့ဘူးတဲ့"

"နားထောင်လို့မကောင်းတဲ့အကြောင်းတွေ ပြောမနေစမ်းနဲ့ 'ခင်လေး' ရယ်... သူ့အကြောင်းဘာမှမသိချင်ဘူး... နောက်ကိုမရောနဲ့ စကားမပြောနဲ့"

"တစ်ခြံထဲ နံရံတစ်ချပ်ခြားနေကြတဲ့ သူတွေပဲ 'မေနီ' ရယ်... မခေါ်လို့တော့ဘယ်ကောင်းပါ့မလဲ"

"အလိုတော် ကြီးကြီးကျယ်ကျယ်... ကျုပ်တို့လည်း ဒီလိုနေကြတာပဲ... ဟိုဘက်ခန်းဒီဘက်ခန်း ဘယ်သူ့မှမခေါ်ပါဘူး အေ... ပတ်သက်စရာမလိုပါဘူး"

" 'မေနီ' က အစောကြီးအလုပ်ထွက်သွားလို့ မခေါ်မပြောဘဲနေလို့ရပေမယ့် 'မေရီ' နဲ့ 'ခင်လေး' တို့မောင်နှမကတော့ ရေတွင်း ကိစ္စအတွက် ရေရောင်းဖို့မခေါ်လို့မှမဖြစ်တာ... 'ဘိုရဲ' ဘကြီးက ရေတွင်းတူးဖို့ ပိုက်ဆံစုနေတာတဲ့... မတူးဖြစ်ပါစေနဲ့လို့ ဆုတောင်းနေကြတာ... 'မေရီ' က ဈေးဘိုးရ





လို့အရမ်းကျေနပ်နေတာ"

"ရေတွင်းတစ်ခုတူးတာ လွယ်တယ်မှတ်လို့လား"

"သူ့ဘကြီးမှာ သူငယ်ချင်းတွေအများကြီးရှိတယ်တဲ့... ခေါ်လာပြီးတူးလို့ရတယ်တဲ့... ဒါပေမဲ့ဘေးက ဂုတ်စီတို့ ဘောင်ခတ်ဖို့ ရေတွင်းဘေးမှာ သံမံတလင်းခင်းဖို့အုတ်တို့ ဘိလပ်မြေတို့အတွက် ပိုက်ဆံစုနေတာတဲ့"

"ပြောထားလိုက်ဦး... ကိုယ့်အိမ်နောက်တည့်တည့်ကိုယ်တူးလို့"

'ဘိုရဲ' နှင့်မရောဖို့ပြောထားပါလျက် 'ခင်လေး' က အခင်မင်မပျက် စာပြမပျက်သဖြင့် 'မြင့်နီ' ခံရခက်နေသည်။

မီးကိုမလောင်ခင် ကြိုတားထားကာမှ တော်ကာကျမည်။

"သြော် ခင်ဗျားကို လာပါထိုင်ပါ"

"အို မထိုင်ပါဘူး... ပြောစရာရှိလို့လာတာ... ရှင်ရှိမှန်းသိရင်လည်းမလာပါဘူး... 'ဘိုရဲ' နဲ့တွေ့ချင်တာ"

"ကျုပ်ဒီနေ့ ဝမ်းလျှောနေလို့ သူတစ်ယောက်တည်းသွားတာ သူ့ကိုဘာများ ပြောချင်တာရှိလို့လဲ"

"ရှင့်တူက 'ခင်လေး' နောက် တကောက်ကောက်လိုက်လွန်းတယ်... ကျွန်မ မကြိုက်ဘူး"

ထိုစကားကြောင့် 'ကိုအုံမောင်' က သူ၏ပြောင်နေသော ဦးခေါင်းကို လက်နှင့်ပွတ်ရင်း ရယ်ကျဲကျဲမျက်နှာဖြင့်...

"ခင်ဗျား စိတ်ပူလွန်းတာကိုး... ကလေးတွေပဲဗျာ... ကျုပ်တူက စာရူး... ကျောင်းစာအကြောင်း သိချင်လို့ မေးတာနေ မှာပါ... လေးတန်းနဲ့ကျောင်းထွက်ခဲ့ရပေမယ့် ရှစ်တန်းကိုးတန်းတွေထက်ကို ဗဟုသုတမှာရော အင်္ဂလိပ်စာ သင်္ချာမှာရောပိုသာတယ်... အမှိုက်ကောက်ရင်း ကျောင်းဘေးကျူရှင်ဘေးတွေ မှာ ဆရာဆရာမတွေ သင်သမျှလိုက်မှတ်နေလိုက်နားထောင်နေတတ်တာလေ...

ကြည့်လေ နံရံတွေမှာ သူ ဝယ်လာတဲ့ စာအုပ်အဟောင်းတွေထဲက ကောင်းမေ့ဆိုတဲ့စာပိုဒ်တွေ ဆောင်ပုဒ်တွေကို အကုန်ကပ်ပြီး အလွတ်ကျက်ထားတာဗျ... လူသာငယ်တာ ဗဟုသုတနဲ့ပြည့်စုံပြီး လိမ္မာရေခြားလည်းသိပ်ရှိတာ"

"အို ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေလိုက်တာ... ဒီလောက်တော်နေရင်လည်း ကျွန်မတူမနောက် တကောက်ကောက် လိုက်ပြီး စာမေးမနေနဲ့လို့ပြောလိုက်"

"အေးဗျာ... ပြောပေးပါ့မယ်... ဒါပေမဲ့ သူဟာကျုပ်မဟုတ်လို့ သူ့စိတ်ကိုတော့ ကျုပ်မပိုင်လို့ အာမမခံဝံ့ပဲရှိတော့





တာပဲ"

ထိုစဉ် ဘယ်ဘက်ခန်းမှ 'မအေးနွဲ့' က ဂျိုင့်ဆွဲ၍ဝင်လာရင်း...

"ဟင် 'ကိုအုံမောင်' တစ်ယောက်တည်းမှတ်လို့ ဝင်လာတာ အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါနော်"

ပြန်ထွက်သွားတော့မည်ပုံစံဖြင့် ရိုးရိုးကျိုးကျိုးလေးလုပ်နေသော 'အေးနွဲ့' ကို ခါးထောက်၍ကြည့်ရင်း...

"ဟိုမရောက်ဒီမရောက်စကားတွေ ပြောမနေစမ်းပါနဲ့... 'ဘိုရဲ' ကို 'ခင်လေး' နောက်တကောက်ကောက်မလိုက်ဖို့ လာပြောနေတာ"

"အို ဒါတော့ ကိုယ့်တူမ လက်မခံရင်ပြီးတာပဲ... ကိုယ့်လူကိုယ်ထိန်းပေါ့"

"ညည်းက ဘာဝင်နာနေတာလဲ"

" 'ကိုအုံမောင်' တို့နဲ့ တစ်သက်လုံးဆွေမျိုးရင်းလို နေလာတာ အိမ်နီးနားချင်း ဆွေမျိုးရင်းလိုနေခဲ့ကြလို့ အခုပြောင်းတာတောင် အတူတူ နီးနီးနားနားနေရအောင် ပြောင်းခဲ့ကြတာ... သူတို့တူဝရီး မချက်နိုင်ရင် ကိုယ်ပဲချက်ပေးနေကြ... အခု 'ကိုအုံမောင်' ဝမ်းလျှောနေလို့ ဆန်ပြုတ်လာပို့တာ...

'ဘိုရဲ' အတွက် ထမင်းဟင်းလာပို့တာ... ဖြစ်နိုင်ရင် အခန်းခြင်းကပ်လျက်တောင် နေချင်တာ... ရှင်တို့အခန်းရှေ့နဲ့နောက်ကို တစ်နေ့တစ်နေ့ ဖြတ်လျှောက်ရတာ အားနာလွန်းလို့"

ထိုစကားကြောင့် 'မြင့်နီ' မျက်နှာက မဲပုပ်သွားပြီး...

"ဒါဆိုလဲ ဒီအခန်းထဲပဲ အတူပေါင်းနေလိုက်ကြပါ လား... သူတို့ တူဝရီးနှစ်ယောက်တည်းနေတာပဲ... ရှင်တို့ အခန်းကို 'မြင့်နီ' တို့ပဲ ဆက်ငှားလိုက်တော့မယ်... ပြူတင်း ပေါက်မရှိတော့ အသက်ရှူကျပ်လွန်းလို့"

"ဒါဆိုရင် အခန်းခနှစ်ဆပေးနေရမှာပေါ့... အခန်းခြင်းရွှေ့လိုက်ပြီးတာပဲ"

"တော်စမ်းပါ... ညည်းတို့အခန်းနဲ့ ကျုပ်တို့အခန်း အပြင်အဆင် အဆင့်အတန်းခြင်းတူလို့လား... ကြမ်းပြင်ကိုလျှာထိုးခင်းထားတာ... မျက်နှာကျက်ကို မီးခံပြားအကောင်းစားကပ်ထားတာ... အခန်းတွေကို သုံးထပ်သားနဲ့ကာပြီး ကိုယ့်အခန်းနဲ့ကိုယ် ကိုယ့်ကုတင်နဲ့ကိုယ်အိပ်ကြတာ"

"နောက်တော့ အဲ့ဒီကုန်ကျစရိတ်တွေပြန်ပေးဆိုလည်း ပေးပါ့မယ်... ကျွန်မတို့နှစ်ခန်းက အကူးအသန်းများတော့အားနာလို့ပါ"

"ညည်း လွယ်လွယ်မပြောနဲ့... အဲ့ဒီကုန်ကျစရိတ်က သိန်းကျော်တယ်... ညည်းလိုနှိပ်စားတဲ့မိန်းမက ဘယ်လိုလုပ်ပေးနိုင်မှာလဲ"

"ပေးနိုင်လို့ပြောတာပေါ့ရှင့်... ချက်ချင်းရွှေရောင်းပြီးပေးရင်လည်းဖြစ်ပါတယ်... ဒါပေမဲ့ သမီးကမကြာခင် အပျိုဖြစ်တော့မှာဆိုတော့ သူ့အတွက် ကြိုးလေး လက်ကောက်လေး လက်စွပ်လေးတော့ သုံးကျပ်သားလောက်သွားရင်းလာရင်း ဝတ်ဖို့ရှိသင့်တယ်မဟုတ်လား"

"ဟုတ်မှလည်းပြောပါအေ... ဝါဝါမြင်တိုင်း ရွှေမထင်တတ်ဘူးနော်"

"ဒီလောက်လေးရှိတာ ကြွားစရာမှမဟုတ်တာ... ဒီရွှေက သူ့အဖေခြေမဖြတ်ရခင်က ရှာပေးထားတာတွေလေ... လင်မယားနှစ်ယောက်သာရှာနိုင်သေးရင် ခုချိန်ဆို အိမ်ဖြစ်ဖြစ် ကားဖြစ်ဖြစ်ပိုင်လောက်ပြီ"

"ဟွန်း ဒီနားဆက်ရပ်နေရင် တော်ကြာ သဘော်တွေလေယာဉ်တွေပါ ဝယ်နေမှာစိုးရတယ်... နားကလောတယ်"

ခြေသံပြင်းပြင်းဖြင့် ပြန်ထွက်သွားသော 'မြင့်နီ' နောက်

သို့ ရယ်သံများကပ်လိုက်သွားကြပါသည်။

အစော်ကားခံ၊ အကြွားခံရပြီး ပြန်လာရသည့်အပြင် အဟားပါခံလိုက်ရသဖြင့် 'မြင့်နီ' ဒေါသက နံရံပေါ်ရောက်သွားတော့သည်။

ဟိုဘက်နံရံကို သနပ်ခါးတုံးနှင့်ပေါက်လိုက် ဒီဘက်နံရံကို ဒန်ခွက်တွေနှင့် ပေါက်လိုက်လုပ်နေတော့သည်။

နံရံတစ်ချပ်သာခြားသဖြင့် ရွှေသုံးကျပ်သားပိုင်ဆိုင်ထားသည့် 'အေးနွဲ့' ကို အထင်ကြီးနေမိသူက 'မြင့်ရီ'။

မိမိတို့မှနားကပ်ပင် မြဲအောင်မနည်းထိန်းသိမ်းနေရသည်။ မကြာခင်အရွယ်ရောက်လာတော့မည့် 'ခင်လေး' ကို လည်း ဆွဲကြိုးလေးတစ်ကုံးလောက် ဆင်ပေးချင်သည်။ ဆန္ဒက အရင်တည်းကရှိခဲ့ပါသည်။ ယခုတော့ ရွယ်တူခြင်းတွေဖြစ်၍ အလှူလေးအတန်းလေးသွားလျှင် ဝတ်ချင်ရှာပေလိမ့်မည်။

'မြင့်နီ' ကိုကြည့်တော့လည်း ဘယ်အချိန်ကြည့်ကြည့် မျက်မှောင်ကြုတ်ပြီး အံကိုကြိတ်နေတတ်ကြောင်း တွေ့နေရ သည်။

"တောက် ကိုယ်လည်းအလုပ်ကို ခါးချိမတတ်လုပ်နေပါလျက် အမှိုက်ကောက်တဲ့လူနဲ့ အနှိပ်သည်တွေလောက်တောင်





ငွေပိုငွေလျှံ မရှိတာအံ့ဩတယ်... သူတို့လိုအမှိုက်ပဲကောက်ရတော့မလို လိုက်ပဲနှိပ်ရတော့မလိုလိုဖြစ်နေပြီ"

"အို ငါ့ညီမရယ်... အဲ့ဒီအလုပ်တွေလုပ်ရင် အနှိမ်ခံရမှာပေါ့... အထင်သေးခံရမှာပေါ့... ကိုယ်တွေတောင် သူတို့ကို အထင်သေးကြသေးတာ... မပိုလျှံရင်နေပါစေကွယ်... ခြိုးခြံချွေတာစားလို့ဖြစ်ပါတယ်"

"ဒီ့ထက်ချွေတာရင် ဆန်ပြုတ်သောက်ယုံပဲ ရှိတော့တယ်... မြက်စားယုံပဲရှိတော့မယ်"

"စားတာလူမမြင်ပါဘူးလေ... သောက်သင့်ရင်သောက်ရမှာပဲ ကလေးနှစ်ယောက်ကို ထမင်းနဲ့ကြက်ဥလေးပြုတ်ကျွေး ကြော်ကျွေးပြီး ငါတို့နှစ်ယောက် ဆန်ပြုတ်သောက်သင့်ရင် သောက်ရမှာပဲ"

"တစ်ခုတော့ရှိတယ်... 'မြင့်နီ' လခများတဲ့အလုပ်ပြောင်း လုပ်မယ်... အလုပ်ရှင်အိမ်မှာ အိပ်ရမှာမို့"

"ဘာလုပ်ရမှာလဲ"

"ချက်ပြုတ်လျှော်ဖွပ်ပဲပေါ့... စားရိတ်ငြိမ်းဆိုတော့ အိမ်ကိုလခ အကုန်အပ်လို့ရတယ်... ငါးထောင်လောက်ရမယ်"

"ဟား တစ်သက်လုံး အခိုင်းအစေလို့ မြင်ကုန်ပါ့မယ်

ပယ်”

“ကိုယ်တွေကရော ဘာမို့လို့လဲ… မွေးကတည်းက ရွှေတစ်ကျပ်သားတောင် ကပ်တာမဟုတ်ဘူး… ‘ခင်လေး’ အတွက် လုပ်ကိုလုပ်မှဖြစ်မယ်… ကိုယ့်တူမကိုတော့ နှိမ်တာမခံနိုင်ဘူး”

“တို့တူမက ကျောင်းတက်နေတာ… အတန်းထဲမှာအမြဲ ပထမ ရတာ… ပညာရွှေအိုး လူမခိုးတဲ့… ပညာဆိုတဲ့ရွှေအိုးကို တစ်သက်လုံးအတွက် အပိုင်ပေးဖို့ပဲကြိုးစား… သူတို့ရဲ့သမီး က ကျောင်းနေတာမှမဟုတ်ပဲ… အိမ်မှာချက်ပြုတ်လျှော်ဖွပ်ရပြီး ဒုက္ခိတအဖေကြီးကိုပြုစုရင်း ကွာစေ့ နေကြာစေ့လေးတွေလှော် ပြီး ဒီနားတစ်ဝိုက်ကဆိုင်တွေ လိုက်သွင်းရရှာတာ… အဆင့် အတန်းခြင်းက တစ်နေ့တခြားကွာသွားမှာပါလေ”

“တစ်နေ့ဆိုတာ ဘယ်အချိန်ဘယ်ကာလ မှန်းမသိဘူး လေ… အသေအချာသိရတာက မကြာခင်နှစ်နှစ် သုံးနှစ်ဆိုရင် သူ အပျိုကြီး ဖားဖားဖြစ်လာတော့မယ်… တချို့ကပညာပြိုင်ပေ မယ့် တချို့က အိမ်တို့ရွှေတို့ပြိုင်ကြတာ… အိမ်ငှားခြင်းအတူတူ ကိုယ့်တူမကို ပညာရေးမှာလည်း ယှဉ်လို့မရစေချင်သလို ဝတ် စားပြင်ဆင်တဲ့နေရာမှာလည်း သူများထက်မသာရင်တောင် မျက်နှာမငယ်စေရဘူး…





ဒီတော့ ဒီကိစ္စကို ခုချိန်ကစပြီး ‘မြင့်နီ’ ခေါင်းထဲမှာထည့် ထား ပြီး စက္ကန့်တိုင်းစက္ကန့်တိုင်း ဦးစားပေးစဉ်းစားနေပြီ ‘မမရီ’ ရေ… အရေးကြီးတာက ကျွန်မတူနဲ့တူမအတွက် အိမ်ပြန်မအိပ် နိုင်တဲ့အချိန်မှာ ‘မမရီ’ က ကျွန်မကိုယ်စားပါထပ်ပြီး နှစ် ယောက်စာစောင့်ရှောက်ပါ… ထိန်းသိမ်းပါ… စည်းကမ်းနဲ့ပတ် သက်ရင်လုံးဝအလိုမလိုက်ပါနဲ့… ဟိုဘက်ဒီဘက်တွေနဲ့လည်း ရင်းရင်းနှီးနှီးရောရောနှောနှော နေခွင့်လုံးဝမပေးပါနဲ့”

“အေးပါ အေးပါ စိတ်ချပါ”

‘မြင့်နီ’ က စိတ်ထက်မြန်သူ၊ ပြောလျှင်ပြောသလို လုပ် တတ်သူ။ နောက်တစ်နေ့ ညနေဘက် သူ့အဝတ်အစားတွေ လာယူရင်း…

“ကံကတော့ကောင်းလာပြီ ‘မမရီ’ ရေ… အိမ်ငှားတစ် ယောက်ရလာတယ်… အိမ်လခသုံးထောင်နဲ့ တစ်နှစ်စာလက်ခံ လိုက်တယ်”

“ဘယ်လို ဘယ်လို ငါမရှင်းလို့ ပြန်ပြောပါဦး”

“အသက်လေးဆယ်လောက်ရှိတဲ့ မိန်းမတစ်ယောက် ကျွန်မတို့ အိမ်မှာလာနေလိမ့်မယ်… ”

“တစ်နှစ်တောင်နေမှာတဲ့လား… ပြီးတော့ ငါတို့တစ်အိမ်

လုံးရဲ့ လခကမှ သုံးထောင်တည်းရယ်... သူ့ဆီကသုံးထောင် တောင်ယူလို့ ကောင်းပါ့မလား... အိမ်ရှင်သိသွားရင် ငါတို့ကိုပို တောင်းနေဦးမယ်"

'မြင့်နီ' က ရှုံ့မဲ့ရင်း ဒေါသသံဖြင့်...

" 'မမရီ' က နေရာတကာ ရိုးအကြောက်ရွံ့နေတာပဲကိုး... အမှန်အတိုင်းမပြောနဲ့ပေါ့... ဆွေမျိုးတစ်ယောက် ယောကျ်ားနဲ့ကွဲပြီး နေစရာမရှိလို့ ခေါ်ထားတယ်လို့ပြောလိုက်ရင်ပြီးတာ ပဲ... အဲ့ဒီအမျိုးသမီးကလည်း တကယ်ကို ယောကျ်ားနဲ့မပေါင်း ချင်လို့ လာပုန်းနေတာ"

"ဟယ် ရှုပ်ရှုပ်ယှက်ယှက်တွေလား.. တော်ကြာ သူ့ ယောကျ်ားက ငါတို့ကိုပါလာသတ်နေပါ့မယ်"

"အဝေးကြီး... မြစ်ကြီးနားက ထွက်ပြေးလာတာ လာ ပုန်းနေတာ... အပြင်လည်းထွက်မှာမဟုတ်ဘူး"

"အပြင်မထွက်ဘဲ ဘာနဲ့သွားစားမှာလဲ"

"ပိုက်ဆံတော့ရှိမှာပဲ... ရွှေတွေလည်းဝတ်ထားတယ်... ငွေလဲ ဘဏ်မှာရှိပုံပဲ"

"နင့်ဟာက တော်ကြာလူသတ်ပြီး ယူလာတာဆိုရင် ရော"





"မဟုတ်ပါဘူး... အလုပ်ရုံက သူငယ်ချင်းရဲ့အဒေါ်ရဲ့ သူငယ်ချင်းပါ... သူတို့အိမ်မှာနေတာ သုံးလရှိပြီ... သူတို့အိမ် က မြို့ထဲပိုင်းဖြစ်ပြီး လူဝင်လူထွက်များလို့ တစ်နေ့မဟုတ်တစ် နေ့ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး သိသွားမှာစိုးလို့... ဘာပဲ ဖြစ်ဖြစ် ပြန်ကာမှပြန်ရော ကိုယ်ကတော့တစ်နှစ်စာ နှစ်သောင်း လေးထောင်ပိုင်သွားပြီ 'ခင်လေး' အတွက် ကြိုးတစ်ကုံးပိုင် သွားပြီ"

သူ ပြောတာဟုတ်နေသဖြင့် ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်စွာလက်ခံလိုက်မိပါသည်။

နောက်တစ်နေ့နေ့လည်တွင် ညီမဝမ်းကွဲဟု သတင်း လွှင့်ထားသော 'မငြိမ်းအေး' လက်ဆွဲအိတ်နှစ်လုံးဖြင့် ရောက်ရှိ လာသည်။

အသားညိုညို၊ အရပ်မြင့်မြင့်၊ မယ်ဗမာကိုယ်လုံးမျိုးနှင့် နက်မှောင်သန်စွမ်းသော ဆံပင်ရှည်များကို ဖွတ်မြီးတစ်ချောင်း ထည့်ထိုးထားသည်။

မျက်လုံး၊မျက်ခုံး၊နှာတံ ကောင်းသဖြင့် ကြည့်၍ကောင်း သည်။ နှစ်ကျပ်သားရွှေဆွဲကြိုး၊ ရွှေလက်ကောက်ရှစ်ကွင်း၊ ရွှေလက်စွပ်နှင့် နားကပ်က စိန်လား စိန်တုလားမပြောတတ်။

လက်တော့အတော် လက်သည်။

"'မငြိမ်းအေ' က ကိုယ်တိုင်ချက်စားမှာလား"

"ထမင်းလခပေးစားမယ်လေ... ဘယ်လောက်ပေးရမလဲ"

'မြင့်ရီ' အကြာကြီး စဉ်းစားပြီးမှ...

"'မမရီ' တို့ တူဝရီးတွေဖြစ်သလို စားတာဆိုတော့ 'ငြိမ်းအေး' စားနိုင်မယ်မထင်ဘူး... ပိုက်ဆံရှိနေတာပဲ... အိုးလေးခွဲပြီး ကောင်းကောင်းပဲချက်စားပါလား"

"ညီမက အပြင်ထွက်ပြီး ဈေးမဝယ်ချင်လို့ပါ... ပြီးတော့ အိုးခွဲစားရင် ပတ်ဝန်းကျင်က သူစိမ်းကိုလက်ခံထားမှန်း သိသွားမှာပေါ့ ညီမရဲ့လုံခြုံမှုအတွက် 'မမရီ' တို့ရဲ့ ဆွေမျိုးအဖြစ်ပဲ သိစေချင်တယ် တူနဲ့တူမကိုလည်း အမျိုးတော်တယ်လို့ပဲ သိထားစေချင်ပါတယ်"

'မြင့်ရီ' မျက်လုံးကလယ်ကလယ်နှင့် စဉ်းစားနေပြီးမှ...

"ဟုတ်ပြီ ဟုတ်ပြီ... သူတို့အမေရဲ့အမျိုးလို့ပြောပေးမယ်... စိတ်သာချနေနော်... ထမင်းဟင်းကိစ္စအတွက်လည်း နောက်မှဈေးညှိယူရတာပေါ့"

နောက်တစ်နေ့ညနေတွင် 'မြင့်နီ' ရောက်လာပြီး မည်သူမျှမသိအောင် ရွှေဆွဲကြိုးလေး လက်ထဲလာထည့်သွားသည်။





လိုချင်ရင်ဖြစ်အောင်လုပ်လို့ရတယ်ဆိုတာကို 'မြင့်နီ' က လက်တွေ့ပြနေပါတော့သည်။ နောက်တစ်ပတ်ကြာသောအခါ လက်ကောက်တစ်ရံလာပေးနေသဖြင့်...

"ဟဲ့ ဘယ်ကရလာတာလဲ... တစ်မတ်သားနှစ်ကွင်း"

"အလုပ်ရှင်ဆီက နှစ်ဝက်စာကြိုထုတ်လိုက်တာ"

"ဟယ် ကြိုထုတ်ပြီး ဖျားနာနေရင်ကော"

"ခက်ပါလား အစ်မရယ်... ဘာလို့အဲ့သလောက် ပူပင်သောကတွေများနေရတာလဲ... ဖျားတော့လည်း ကိုယ့်မှာရွှေရှိနေတာပဲ ရောင်းပြီးပြန်ပေးလို့ရတာပဲ... ဒါမှမဟုတ် တစ်ပတ်ဆယ်ရက်ဖျားတာမျိုးဆိုရင်လည်း 'မမရီ' ခဏသွားဝင်လုပ်ပြီး ကျွန်မအိမ်ပြန်အနားယူရင်ဖြစ်တာပဲ... စစ်မရောက်ခင် မြှားကုန်တာမျိုးမတွေးစမ်းပါနဲ့ ဘာပဲဖြစ်ဖြစ် သတ္တိမွေးပြီး လုပ်သင့်လုပ်ထိုက်တာကိုလုပ်လိုက်တော့ ရွှေတစ်ကျပ်သားတော့ ပိုင်သွားပြီလေ...

နောက်ခြောက်လဆိုရင် နောက်ထပ်ကြိုးတစ်ကုံးဝယ်နိုင်အောင်လုပ်ရမယ်... 'မျိုးသန့်' အတွက်လေ... အိမ်စားစရိတ်ကတော့ 'မမရီ' ရှာတာနဲ့ပဲဖြစ်သလို စားလိုက်ကြဦး... နောက်

နှစ်လောက်ဆိုရင်တော့ ပိုပြီးချောင်လာမှာပါ... ရေဘိုးလည်းရှိနေတာပဲ"

"သူတို့ကလည်း ရေတွင်းတူးဖို့ပဲ နေ့တိုင်းပြောနေကြတာ"

"စိတ်ချ ပြောတာကြာနေတည်းက တူးဖြစ်ဦးမှာမဟုတ်ဘူး... သူတို့အားလုံးလည်း တစ်နေ့လုပ်မှတစ်နေ့စားရတာ... ရေတွင်းလာတူးပေမယ့် သူတွေကလည်း တစ်နေ့လုပ်မှတစ်နေ့စားရတာ... ဘယ်သူမှ အချိန်ပိုမရှိကြဘူး... တစ်နှစ် လောက်မတူးဖြစ်ပါစေနဲ့သာ ဆုတောင်း... ဒါမှ စားစရိတ်ကာ မိမှာ"

ဟုတ်ပါသည်။ 'မမြင့်ရီ' ဘုရားရှိခိုးတိုင်း ဈေးဘိုးမှန်မှန်ရပါစေ ဆုတောင်းမိစမြဲ။ နောက်တစ်မျိုး အစိပ္ပါယ်ဖွင့်မည်ဆိုလျှင် သူတို့တွေရေတွင်းမတူးဖြစ်အောင် ဆုတောင်းရတာပဲမဟုတ်ပါလား။

ဘုရားရှိခိုးပြီးတိုင်း ရေဘိုးရဖို့ဆုတောင်းမိရင်း ရှက်ပြုံးတော့ ပြုံးမိတာအမှန်။





## ၄

'မငြိမ်းအေး' က နာမည်နှင့်လိုက်အောင် ငြိမ်းအေးလှပါသည်။

မနက်ခြောက်နာရီခွဲလောက် ထခြင်းသည် အစောဆုံးဖြစ်သည်။တစ်ခါတရံ ရှစ်နာရီလောက်မှ ထသည်။ ညနက် အထိ ဝတ္ထုမဂ္ဂဇင်းတွေဖတ်သောကြောင့်ဖြစ်သည်။

ဤအိမ်ရောက်ပြီး သုံးရက်ခန့်ကြာသောအခါ ညာဘက်ခန်းသို့ 'မငြိမ်းအေး' အဝင်အထွက်ရှိပါသည်။

အကြောင်းကတော့ စာအုပ်အဟောင်းများ ဝယ်ရောင်း

လုပ်သော 'ဘိုရဲ' တို့တူဝရီးနှစ်ယောက်ထံမှ စာအုပ်များငှားဖတ်ချင်သောကြောင့်ဖြစ်သည်။ တချို့စာအုပ်များမှာ ကောင်းသလောက် တန်ဘိုးရှိလှသည်။ မဂ္ဂဇင်းအသစ်များလည်း ပါတတ်သည်။ နေ့စဉ်မဂ္ဂဇင်း စာအုပ်နှင့် ဝတ္ထုတစ်အုပ်ငှားဖတ်တတ်သည်။

ဖတ်ခလည်း သက်သာတာကိုး။ စာအုပ်ဆိုင်မှာ တစ်ဆယ်ဆိုလျှင် 'ဘိုရဲ' က ငါးကျပ်နှင့်ပေးသည်။

" 'ငြိမ်းအေး' ကို မှာထားရဦးမယ်… ဟိုဘက်ခန်းကို အဝင်အထွက်လုပ်တာ 'မြင့်နီ' မသိစေနဲ့နော်… သူက ဟိုဘက်ဒီဘက်ခန်းတွေနဲ့ ကူးလူးဆက်ဆံတာ သိပ်မကြိုက်ဘူးလေ…"

" ဟုတ်လား… နှစ်ခန်းလုံးသဘောကောင်းကြပါတယ်"

"သူမကြိုက်လို့ပြောရတာပါ…သူလာတဲ့အချိန်မျိုးတွေတော့ မသွားနဲ့ပေါ့ကွယ်… "

'ငြိမ်းအေး' ကမျက်လုံးလေးမှေးပြီး မနှစ်သက်သလိုပုံစံဖြင့် ခေါင်းညိတ်ပြသည်။ 'မြင့်နီ' ပြန်လာချိန်တွင်တော့ သူမဆင်ခြင်ပါသည်။

သို့သော် ကျန်အချိန်များတွင်တော့ ဟိုဘက်နှစ်ခန်းလုံးကို ရှေ့ကဝင်နောက်ကထွက်၊ နောက်ကဝင်ရှေ့ကထွက်နှင့်





တစ်နေ့ဘယ်နှစ်ကြိမ် ဝင်ထွက်နေမှန်းပင် မရေတွက်နိုင်တော့ပါ။

တစ်ခါတရံ မိမိတို့အိမ်တွင်ပင် ထမင်းမစားဖြစ်ဘဲ 'အေးနွဲ့' တို့အခန်းတွင် လာစားတတ်သည်။ တစ်ခါတရံ သူမကပင်ဟင်းဘိုးထုတ်ပေးပြီး ချက်ခိုင်းတတ်သည်။ 'အေးနွဲ့' နှင့် ဝိုင်းချက်ပြီး 'ကိုအုံ့မောင်' တို့ အခန်းတွင် သွားစားတတ်သည်။

မိမိတို့အိမ်တွင်စားသောအခါ ဟင်းဘိုးကိုအတတ်နိုင်ဆုံး ချွေတာသလောက် ထိုအိမ်များတွင် တော့ တွန့်တိုမှုမရှိတတ်။

"ဒီအလယ်ခန်းက ကလေးနှစ်ယောက်က စာကိုဦးစားပေးသလောက် ဟိုဘက်အခန်းကကလေးတွေက ပိုက်ဆံအရှာတော်တယ် 'မမရီ' ရဲ့… ငယ်ငယ်လေးတွေနဲ့ စီးပွားရေးအကွက်တွေလည်း မြင်သလားမပြောနဲ့… 'ဘိုရဲ' က အခုမြို့ထဲမှာ စာအုပ်အပေါင်းဆိုင် တောင်ဖွင့်ထားပြီ…

'ကိုအုံ့မောင်' ကလည်း ဈေးထဲမှာ ဆိုင်ခန်းတစ်ခန်းငှားပြီး စာအုပ်အပေါင်းတွေဝယ်နေရာက အခု အဲ့ဒီဆိုင်ခန်းကိုပိုင်သွားပြီတဲ့"

'မြင့်ရီ' စိတ်ထဲတွင် ဝမ်းသာရမှာလား၊ ဒေါပွရမှာလားဆို

တာ လွန်ဆွဲစရာပင်မလိုပါ။

"အဲ့ဒါတွေ 'မြင့်နီ' ရှေ့ကျရင် မပြောနဲ့နော်"

"မပြောပါဘူး 'မမရီ' ရယ်... 'မမရီ' ကိုပဲပြောပြတာပါ... တကယ်ဆို 'မမရီ' တို့လည်း ချောင်လည်တာမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ကလေးနှစ်ယောက်ကို ကျောင်းတက်ခိုင်းနေတာလဲ... အလုပ်ထဲသွင်းလို့ရနေပြီပဲ"

"အို ဘယ်လိုပြောလိုက်တာလဲ... 'မြင့်နီ' များကြားသွားရင်တော့ မိုးမီးလောင်ပြီသာမှတ်လိုက်နော်... ပညာရွှေအိုး လူမခိုးဆိုတဲ့စကားအတိုင်း ဒီကလေးနှစ်ယောက်ရဲ့ ဘဝတလျှောက် မညှိုးမငယ်နေရအောင် ဂုဏ်ရှိအောင် ငါတို့ညီအစ်မနှစ်ယောက်က မြေတောင်မြှောက်ပေးနေတာ... သေသွားတဲ့ 'ခင်လေး' တို့အဖေလည်း ဘွဲ့ရပညာတတ်ပဲလေ... သူသာမသေရင် ခုလောက်ဆို ညွှန်ကြားရေးမှူးလောက် ဖြစ်နေပြီပေါ့"

"'ငြိမ်းအေး' ကတော့ စေတနာနဲ့ပြောတာပါနော်... 'မမရီ' တို့ ညီအစ်မနှစ်ယောက် မစားရက်မသောက်ရက် ခါးချိမတတ်အလုပ်တွေလုပ်ပြီး ဘွဲ့ရအလုပ်ရတဲ့အထိ ထားပေးခဲ့တဲ့ စေတနာနဲ့ကျေးဇူးတွေကို သူတို့ကပြန်သိတတ်ရင်တော့ ကောင်းတာပေါ့လေ"





ထိုစကားကိုလည်း 'မြင့်ရီ' မကြိုက်ပါ။

"ဒါတော့ ကုသိုလ်ကံပေါ့ကွယ်... မသိတတ်လည်းကိစ္စမရှိပါဘူး... သူတို့ကောင်းစားရင် ပြီးတာပါပဲ"

"ဒါက 'မမရီ' တို့ရဲ့ဖြူစင်တဲ့ စေတနာလေ... ကဲ နောက်ဆယ်နှစ်လောက်နေရင် 'မမရီ' က ငါးဆယ်ကျော်ပြီ... 'မနီ' လည်း ငါးဆယ်လောက်ရှိမယ်ထင်တယ်... အဲ့ဒီအချိန်ကျရင် ခုလိုဝင်ငွေရအောင် ရှာနိုင်ပါဦးမလား... အဲ့ဒီအချိန်စားဖို့ ဆေးကုဖို့လည်း ကြိုစဉ်းစားထားဦးမှနော်... သူတို့မောင်နှမက ဘွဲ့လဲရရော အလျှိုလျှိုအိမ်ထောင်ပြုသွားကြမှာ 'မမရီ' တို့ နှလုံးကွဲပြီးကျန်ရစ်ခဲ့ကြမှာ"

ထိုစကားများပြောနေသော 'ငြိမ်းအေး' ကို ချက်ချင်းမောင်းထုတ်ပစ်ချင်လောက်အောင်ကို မုန်းသွားမိပါသည်။

"အဟင်း ဟင်း... 'မမရီ' စိတ်ဆိုးနေပြီဆိုတာ မျက်နှာကိုကြည့်တာနဲ့သိပါတယ်နော်... 'ငြိမ်းအေး' က စေတနာနဲ့ပြောတာပါ... 'မမရီ' ကို အစ်မရင်းတစ်ယောက်လိုလည်း ချစ်လို့ပါ... စိတ်မဆိုးနဲ့နော်... မကြိုက်ရင် နောက်မပြောတော့ပါဘူး"

ဖြစ်နိုင်လျှင် 'ငြိမ်းအေး' ကို ဤအိမ်တွင် ဆက်မထားချင်တော့တာ အမှန်။

သို့သော် 'မြင့်နီ' ကိုလည်း ဖွင့်မပြောရဲပါ။ ငွေယူပြီးသား ဖြစ်၍ တစ်နှစ်ပြည့်အောင်တော့ ထားကိုထားရဦးမည်။ ယခု သုံးလပြည့်ခါနီးပြီ။

" 'ငြိမ်းအေး' ရဲ့ ယောက်ျားကို မလွမ်းဘူးလား"

"အို ရှူး တိုးတိုး တိုးတိုး"

'ငြိမ်းအေး' က ဟိုဘက်ခန်း ဒီဘက်ခန်းတွေ ကြားသွားမှာစိုး၍ ပြာယာခတ်သွားသည်။

" 'ငြိမ်းအေး' က သူတို့တွေကို အပျိုကြီးလို့ပြောထားတာ"

"ငါတို့တွေက စကားလည်းမရှုပ်ဘူး... ရောရောနှောနှောလဲမနေလို့ 'ငြိမ်းအေး' အကြောင်း မပေါက်ကြားဘူးဆိုတာ ယုံပါ... တစ်ခုသတိထားရမှာက ဟိုဘက်နှစ်ခန်းကတော့ လူဝင်လူထွက်များတယ်... သူတို့ကိုယ်တိုင်လည်း ဟိုအိမ်ဒီအိမ် အဝင်အထွက်များတယ်နော်... တော်ကြာ လုံအောင်မပုန်းမိလို့ ဒုက္ခရောက်နေဦးမယ်"

ထိုစကားကြောင့် 'ငြိမ်းအေး' နည်းနည်းတော့ သောက ဖြစ်သွားပုံရသည်။





'အေးနွဲ့' ဈေးခြင်းလေးနှင့် ဆိုင်ရှေ့ရောက်လာချိန်တွင် 'ဘိုရဲ' က စက်ဘီးနောက်ဘက် ကယ်ရီယာပေါ်တွင် လေးထောင့်ခြင်းကြီးနှင့်စာအုပ်အပြည့် ထည့်ပြီးနေပြီ။

" 'ကိုအုံမောင်' တို့ တူဝရီးလည်း အိမ်တောင်ပြန်မအိပ်နိုင်လောက်အောင် စီးပွားရေးသောင်းကျန်းလွန်းနေပြီနော်... ဆိုင်ထမင်းဟင်းတွေ မမုန်းသေးဘူးလား... ဝယ်စားရတာ တန်တာလည်းမဟုတ်ဘဲနဲ့ 'အေးနွဲ့' ချက်ပို့ပေးမှာပေါ့... မနေ့ကတောင် 'မငြိမ်းအေး' က ရှင်တို့တူဝရီးအတွက်ပါ ငါးအချို

ပေါင်းပိုပေါင်းထားသေးတယ်”

‘ကိုအုံ့မောင်’ က နို့ဆီခွက်ထဲ ကွမ်းထွေးပြီးနောက်…

“အေး အဲ့ဒီ ‘မငြိမ်းအေး’ ကြောင့် ငါအိမ်ကိုမပြန်ဖြစ်တာ”

“ဟင် ဘာဖြစ်လို့လဲ… သူ့ခမြာ ‘ကိုအုံ့မောင်’ တို့တူဝရီး နှစ်ယောက် ပြန်အလာကိုမျှော်နေတာ… စာအုပ်ထပ် လဲချင်လို့တဲ့”

“နင့်ကိုသော့ပေးထားတာပဲ… စာဖတ်ချင်တာကိုတော့ ငါ အပြစ်မတင်ချင်ပါဘူး… ဒါပေမဲ့ ငါတော့ရှိနေတုန်း ငါတို့အိမ်ထဲကို အဝင်အထွက်လုပ်တာတော့ သိပ်မကြိုက်ဘူးဟာ”

“အိုးကမပူ စလောင်းကပူနေပြန်ပြီတော်… ‘မငြိမ်းအေး’ လို မိန်းမမျိုးကိုများ မူချင်နေသေးတယ်… ‘မမြင့်ရီ’ တို့ညီအစ်မ ထက် ရုပ်ရော ကိုယ်လုံးရော ငွေရော အစစအရာရာသာပါတယ်တော်”

“နင်တို့မိန်းမတွေ ဒါပဲသိတယ်… ‘မမြင့်ရီ’ တို့ ညီအစ်မ က မျက်နှာပေါက်ဆိုး အပေါက်ဆိုးပေမယ့် သူတို့ရဲ့နှလုံးသားနဲ့စိတ်ဓါတ်တွေက တကယ့်အဖြူသက်သက်တွေဆိုတာ မပြောဘဲနဲ့သိတယ်… သူတို့တစ်သက်လုံးနေလာခဲ့တဲ့ အိမ်နဲ့ခြံကို ရုတ်တရက်ဖွဲ့ပေးလိုက်ရလို့ ဂျီတိုက်ပြီးဂျစ်ကန်ကန်လုပ်တာက





လွဲရင် သူတို့မှာဘာမှ အပြစ်ပြောစရာကိုမရှိဘူး”

“အံမယ်မယ်… လူပျိုကြီးက နေနေလိုက်တာ… အကြီး လား အငယ်လား ပြောထားဦး”

“အောင်မယ်လေး… အဲ့ဒီစိတ်ကူးမျိုးတော့ မရှိပါဘူး ဗျာ… သူတို့နှစ်ယောက်ကလည်း သူတို့ရဲ့တူနဲ့တူမအတွက်ပဲ ဘဝကိုမြှုပ်နှံထားသလို ကျုပ်ကလည်း ကျုပ်တူနဲ့ ကျုပ်ညီ အတွက်ပဲ စိတ်ကူးရှိတာပါဗျာ”

“ကြာရင်တော့ ကြိုးချင်းထားကြိုးခြင်းငြိချင်ငြိမှာပေါ့… မဟုတ်မှလွဲရော သဘောထားပိုပျော့ပျောင်းတဲ့ ‘မမရီ’ ကိုတော့ စိတ်ဝင်စားချင်တယ်မဟုတ်လား… ‘မမရီ’ ကလည်း သူ့ညီမ ကွယ်ရာဆိုရင် ‘ကိုအုံ့မောင်’ ကို ခေါ်ခေါ်ပြောပြော ရယ်ရယ် မောမောရှိရှာသားပဲ”

“သူ ရယ်မောခေါ်ပြောနေတာက ရေရောင်းတဲ့အချိန်ပါပဲ ဟာ ဘာပဲဖြစ်ဖြစ် ရေနှစ်ဆပေးတာကိုတော့ ကျေးဇူးတင်ရတာ ပေါ့… ဟဲ ဟဲ ဟဲ”

“ဟင် ရယ်ပုံကြီးကလည်း တစ်မျိုးကြီးပဲ… ကဲ ‘မမရီ’ ထက် အပုံကြီးချောတဲ့ ‘မငြိမ်းအေး’ ကိုကျတော့ စိတ်မလှုပ်ရှားဘူးတဲ့လား ကျွန်မကတော့ ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲဖိတ်စေ

ချင်နေတာ… ပြည့်စုံပြီးသားလည်းဖြစ်တော့ 'ကိုအုံ့မောင်' တို့ တူဝရီးနှစ်ယောက်ကို သူက ချက်ပြုတ်ကျွေးမွေးယုံပဲ"

"မထင်ပါဘူးဗျာ… တစ်နေ့တစ်ရက်မြင်တွေ့နေရတဲ့ ကိစ္စမှမဟုတ်တာ… မိန်းမပျင်းပဲ… မီးဖိုထဲတောင် ဝင်တာမှ မဟုတ်ဘဲ"

"ဩော် သူက ထမင်းလခပေးစားထားတာကို… အိုးတွေ ခွက်တွေလည်း ပါလာတာမှမဟုတ်ဘဲ… 'အေးနွဲ့' တို့အိမ်မှာ လာချက်ပြုတ်ပေးတာတော့ ဟင်းချက်ကောင်းမှန်းသိသာ တယ်"

"ပြောရမှာတော့ ရှက်ပါတယ်ဟာ… ဒီမိန်းမကြည့်ရတာ အပျိုကြီးမဖြစ်နိုင်ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"သူများအိမ် အဝင်အထွက်ရဲတယ်"

"မျက်နှာလိုက်ပြန်ပြီ… 'မြင့်နီ' လည်း မပြောမဆိုဝင်တာ ပဲ မဟုတ်လား"

"အောင်မယ်လေး… အဲ့ဒီတစ်ခါတည်းပါ… ဒါတောင် ငါရှိမှန်း မသိလို့ ငါရှိနေတာသာသိရင် အိမ်သာလည်း မတက်ဘူး… ရေချိုးခန်းထဲတောင် မြင်အောင်မဝင်ဘူး"





"ဟော 'ကိုအုံ့မောင်' ကလည်း သူ့ကိုစောင့်ကြည့်သလို သူကလည်း 'ကိုအုံ့မောင်' ကို စောင့်ကြည့်နေလို့နေမှာပေါ့… မရိုးသားကြဘူးပေါ့"

"ဩော် လူပျိုအပျိုဆိုတာ ဒီသဘောပဲလေ… ကြိုက်တာ မကြိုက်တာထား… ဟန်တော့များကြတာပဲ… 'မငြိမ်းအေး' က ကျတော့ ငါ့ကိုနှိုးစပ်ချင်တဲ့ပုံဟ"

"ဩော် အားကိုးချင်လို့နေမှာပေါ့… ကျွန်မကတော့ သ ဘောတူတယ်"

"ဒီမိန်းမကိုကြည့်ရတာ မရိုးသားဘူးဟ… 'မမြင့်ရီ' တို့ အမျိုးလည်းဟုတ်ပုံမရဘူး… ရပ်ကွက်ထဲက လူတချို့ပြောတော့ 'မမြင့်ရီ' တို့ဒီမှာ မွေးတည်းကနေလာတာ… ဒီမိန်းမ တစ်ခါမှ မလာဖူးဘူးတဲ့ အမျိုးမဖြစ်နိုင်ဘူးတဲ့… အကြောင်းတစ်ခုခုနဲ့ လာပုန်းနေတာနေမှာတဲ့… ဒါကြောင့် အိမ်ပြင်မထွက်တာနေမှာ ပေါ့"

" 'ကိုအုံ့မောင်' က ဘာလို့သူများတွေကို လျှောက်ပြော တာလဲ… သူ့ခင်ဗျာ ပုန်းနေပါတယ်ဆိုမှ"

"ဟား ငါ သူများအကြောင်း ဘယ်တုန်းကစိတ်ဝင်စား ခဲ့ဖူးလို့လဲ… သူကိုယ်တိုင်က လုံအောင်မပုန်းတာ… ငါတို့အိမ်

ခန်းဘက် ခဏခဏကူးလာတာကိုး... ရပ်ကွက်ထဲက လူတချို့ ကလည်း ညဆို ငါ့ဆီစာအုပ်လာငှားတတ်တော့ သုံးလေးခါ လောက်သူ့ကိုတွေ့တော့ ဘယ်သူလဲလို့ မေးပြီပေါ့"

"အင်း"

"ကဲ သူများမိန်းမဖြစ်နေရင်ရော"

'အေးနွဲ့' တစ်ယောက် ခေါင်းတညိတ်ညိတ်ဖြင့် တအင်းအင်း ဖြစ်နေပါတော့သည်။

"လူဆိုတာမျိုးက တယ်စပ်စုတတ်တာကိုးဟ... မသိစေချင်တာဆို ပိုသိစေချင်ကြတာလား... မီးကင်းစောင့်တဲ့ 'ကိုသံချောင်း' က 'ငြိမ်းအေး' အကြောင်း သိသင့်သလောက်တောင် သိထားပြီးပြီ"

"ဟင် ဟုတ်လား... ဘာတွေသိထားပြီတုန်း"

ယခုမှ 'အေးနွဲ့' က ပြူးတူးပြဲတဲပုံစံဖြင့် မေးနေသည်။

"'မြင့်နီ' တို့ အလုပ်ရုံက ကောင်မလေးတစ်ယောက်ဆီက ကြားတာကတော့ အပျိုမဟုတ်ဘူး... ယောကျ်ားရဲ့ညှင်းပမ်းနှိပ်စက်တဲ့ဒဏ်ကို မခံနိုင်လို့ ပုန်းနေရတာတဲ့"

"ကလေးတွေဘာတွေရော မရှိဘူးလား... သူ့ယောကျ်ားက လိုက်မရှာဘူးတဲ့လား"





"အေး အဲ့ဒါကြောင့် သူနဲ့ခပ်ကင်းကင်းနေနေရတာပေါ့ဟ... ဒီမိန်းမပုံစံကိုလည်း သိပ်မကြိုက်ဘူး... လင်ကိုပစ်ပြေးခဲ့ပြီး ရွှေတွေညွတ်နေအောင် ဝတ်ထားသလို ငွေလည်းဖောဖော သီသီ သုံးနိုင်တယ်ဆိုတော့ သတ်ပစ်ခဲ့တာဆိုရင်ရော"

"ဟင် အင်းနော်... ဖြစ်နိုင်တာပဲ... အံ့မယ်လေး ကြောက်လိုက်တာ.... သူနဲ့တပူးပူးတွဲတွဲနေမိတာ မှားပြီထင်တယ်... အမှုများပတ်ဦးမလားမသိဘူး"

"မဆိုင်ပါဘူး... ကိုယ့်အိမ်ကိုယ်နေတာပဲ... ကိုယ်လက်ခံထားတာမှမဟုတ်တာ"

"ဒါဆိုရင် အမျိုးပါဆိုပြီး အိမ်ပေါ်ခေါ်တင်ထားတဲ့ 'မမြင့်ရီ' တို့တော့ အမှုပတ်နိုင်တာပေါ့"

"နည်းနည်းပါးပါးတော့ ငြိမှာပေါ့"

"'မမြင့်ရီ' ကိုသတိပေးလိုက်မှ ထင်တယ်"

"ဟာ မရှုပ်နဲ့... ကိုယ့်ဖါသာကိုယ်နေ ကိုယ်နဲ့လည်းခေါ်ခေါ်ပြောပြောရှိတာ မဟုတ်ဘဲနဲ့"

"ဩော် 'ကိုအုံ့မောင်' ရယ်... 'မမြင့်ရီ' တို့နဲ့ကအမြဲအတူနေရမှာလေ... ဘာပဲဖြစ်ဖြစ် သူတို့က မိန်းမသားတွေကြီး ကြိုးစားရုန်းကန်နေရတာ... အန္တရာယ်မဖြစ်စေချင်ပါဘူး"

"နင်ကသာ ဒီစကားပြောတာ... သူတို့က နင့်ကိုအနိုပ်သည်ဆိုပြီး ခေါ်ပြောဆက်ဆံချင်တာမဟုတ်ဘူး... ကိုယ့်ကိစ္စလည်းမဟုတ်ဘဲ သွားလျှာမရှည်နဲ့... နင်တို့ငါတို့ပြောရင် သူတို့ညီအစ်မက အရေးလုပ်မှာကိုမဟုတ်ဘူး"

ထိုစကားတွေကိုနားထောင်ပြီး 'ခင်လေး' တို့ အိမ်သားတွေအတွက် အစိုးရိမ်လွန်သွားသူက 'ဘိုရဲ' ပါပဲ။

"ဘဘ ကျွန်တော် သွားတော့မယ်နော်"

"ဟော့ကောင် အစောကြီးရှိသေးတယ်လေ... ထမင်းစားပြီးမှသွားလေ"

"ချိန်းထားတာလေးရှိလို့ပါ ဘဘ... နေ့ခင်းတစ်ခေါက်ပြန်လာမှပဲ စားတော့မယ်"

ပြောယာခတ်ပြီး ထွက်သွားသော တူတော်မောင်ကို အံ့သြသလို ကြည့်နေမိပါသည်။ ခါတိုင်းဆိုလျှင် မိမိကထိုင်ဆိုထိုင် ထဆိုထ ခုတော့တစ်မျိုးပါလား။





## ၅

"ဟင် 'ကိုရဲ' ပါလား"

'ခင်မျိုးလှ' ရင်ထဲတွင် ဒိန်းကနဲမြည်ဟီးသွားသလို ပတ်ဝန်းကျင်ကိုလည်း မျက်လုံးဝေ့ကြည့်မိသည်။

အကြောင်းမရှိဘဲ သူလာမည်မထင်။ မိမိ၏ကြီးဒေါ်များက မိမိနှင့်အရောတဝင်မနေဖို့ သူ့ကိုအကြိမ်ကြိမ်အခါခါ ပြောထားပြီးပြီ။ 'ခင်လေး' စိတ်ထင်ပြောရလျှင် 'ကိုရဲ' သည် ပြောင်းလာကာစထက် အသားပိုဖြူအရပ်ပိုရှည်ပြီး ကြီးကောင်ဝင်လာသဖြင့် သားသားနားနား လူပျိုတစ်ယောက်ဖြစ်လာသလိုပါပဲ။

" 'ကိုရဲ' ကို ဘယ်သူ့ကိုစောင့်နေတာလဲဟင်"

"ဒီကျောင်းမှာ 'ခင်လေး' ကလွဲရင် တွေ့စရာလူမရှိပါဘူး... ပြောစရာရှိလို့သာလာရတာ... 'ကိုမျိုးသန့်' မြင်မှာလည်းကြောက်မိတယ်"

"သူ အတန်းထဲမှာ စာထိုင်ဖတ်နေတာတွေ့ခဲ့တယ်... ဘာပြောစရာရှိလို့လဲ"

'ဒေါ်ငြိမ်းအေး' အကြောင်း သူ ကြားခဲ့ရသမျှတွေ ပြန်ပြောပြသည်။

"သူ့နောက်ကြောင်းရာဇဝင်က ဘာတွေဖြစ်ခဲ့မှန်းမသိတော့ သူ့ကြောင့် 'ခင်လေး' တို့မိသားစု ဒုက္ခရောက်မှာစိုး တယ်"

'ခင်လေး' ထံမှ ဘာပြန်ကြားချက်မှမကြားရဘဲ ခပ်ငေးငေးလေးဖြစ်သွားသဖြင့်...

"အင်း ဒီအကြောင်းကို 'ခင်လေး' အိမ်မှာပြန်ပြောပြရင်လည်း ဘယ်ကကြားလာတာလဲဆိုပြီး တောင်ထင်မြောက်ထင်နဲ့အဆူခံထိ နေဦးမှာပဲ... 'ကိုရဲ' လာပြောမိတာမှားသွားတယ်... ရတ်တရက်ဆိုတော့ 'ခင်လေး' တို့မိသားစု ဒုက္ခရောက်မှာကိုတွေးပြီးပူသွားမိတယ်လေ"





၁၁ သမီးနှင့် ၁၄ နှစ်သားလေးတို့၏ ခင်မင်မှုသံယောဇဉ်ကြိုးက မသိမသာရစ်ဖွဲ့ခဲ့ကြပြီ။

နံရံတစ်ချပ်ခြားနေကြပါသော်လည်း အသံကိုသာကြားခွင့်ရပါသည်။

'ခင်လေး' ၏ အရိပ်သဏ္ဌာန်ကိုအတတ်နိုင်ဆုံး မမြင်နိုင်အောင် ကြီးဒေါ်များက ကာကွယ်ဖန်တီးကြသည်။ ထိုကဲ့သို့တားမြစ်ကာ ကာဆီးထားသဖြင့် 'ဘိုရဲ' တို့၏ နုနယ်သောနှလုံးသားများကို ခပ်စောစောပူပန်မှုတွေ စိုးရိမ်မှုတွေ ရိုက်သွင်းသလိုဖြစ်သွားခဲ့သည်။

"ရော့ 'ခင်လေး' စားဖို့အချဉ်ထုပ်တွေ"

"ဟင် 'ခင်လေး' မယူဘူး"

ခိုးလာသော ချွေထုပ်ကို ပေးခြင်းခံရသလို မျက်စေ့ပျက်မျက်နှာပျက်ငြင်းနေသဖြင့် ဝမ်းနည်းသလို ခံစားလိုက်ရသည်။

"အခုနောက်ပိုင်း အမှိုက်ပုံမွှေတဲ့အလုပ်... လမ်းကြိုလမ်းကြားထဲ ဝင်တဲ့အလုပ်မလုပ်တာ ကြာပါပြီ 'ခင်လေး' ရယ်... အမှန်အတိုင်းပြောရရင် 'ခင်လေး' တို့ ရပ်ကွက်ထဲပြောင်းမလာခင်တည်းက အဲ့ဒီ အလုပ်ကိုမလုပ်တာပါ... ဘာဘက 'ဒေါ်လေးနီ' ကို ရွဲ့ချင်လို့ သူ့ ကိုယ်သူနှိမ်ပြီးလျှောက်ပြောတာနေမှာ"

'ခင်လေး' က ခေါင်းကိုခပ်ဖြည်းဖြည်းခါရမ်းရင်း...

"အဲ့ဒီအလုပ်ကြောင့် 'ခင်လေး' အထင်သေးပြီး မုန်းတွေမယူတာမဟုတ်ပါဘူး... သူများပစ္စည်းခိုးတာမှ မဟုတ် ဘဲ... သူများမလိုချင်တော့လို့ လွှင့်ပစ်ထားတဲ့ပစ္စည်းကို တောင် ငွေဖြစ်အောင်လုပ်နိုင်တဲ့ 'ကိုရဲ' တို့ တူဝရီးတွေမှ မချမ်းသာရင် ဘယ်သူ့မှမချမ်းသာဘူး"

"အောင်မယ်လေးဗျာ... ဒီစကားမျိုးပြောတတ်လာတာ ဘယ်သူ့ကြောင့်လဲ... 'ဒေါ်လေးရီ' ကြောင့်လား"

"မဟုတ်ဘူး...'အန်တီငြိမ်း' ခဏခဏပြောလို့ပါ... 'ကိုရဲ' တို့တူဝရီးကို 'မေနီ' နှိမ်ရင် သူကအဲ့ဒီစကားနဲ့ အမြဲပြန်ချေပတတ်တယ်လေ"

"ဟုတ်လား"

'ဘိုရဲ' စိတ်မကောင်းဖြစ်သွားမိသည်။

သူကကိုယ့်ကို အထင်ကြီးလေးစားပြီး ကွယ်ရာမှာပင် အကောင်းပြောပေးရှာသည်။ မိမိကတော့ သူနှင့်ဘာရန်ညှိုးမျှ မရှိဘဲ 'ခင်လေး' အတွက် စိတ်ပူတာတစ်ခုနှင့် သူ ဒုက္ခရောက်အောင်လုပ်မိပြီ။

" 'ကိုရဲ' စိတ်မကောင်းဖြစ်နေတာ မဟုတ်လား... စိတ်ချ





ပါ 'ကိုရဲ' ပြောတာတွေကို'ခင်လေး' ဘယ်သူ့ကိုမှဖွင့်မပြောဝံ့ပါဘူး... ပြောလိုက်တာနဲ့ 'ကိုရဲ'တို့ဘက်ခန်းကိုပဲ 'မေနီ' က ငြူးမှာ... ပြီးတော့ 'အန်တီငြိမ်း' ကိုလည်း မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို 'မေနီ' တို့ကမောင်းထုတ်မှာတော့ မဟုတ်ဘူး... အကျိုးလိုလို့ ညောင်ရေလောင်းတယ်လို့ပဲ သဘောပေါက်လိုက်ပါတော့"

စာများများမဖတ်သော ကလေးများအတွက် ၁၁ နှစ်အရွယ်သည် ကာတွန်းဖတ်သည့်အဆင့်က တက်ဦးမည်မဟုတ်သော်လည်း စကားပုံတွေ၊ ပုံပြင်တွေ၊ ကလေးစာပေတွေ အဖတ်များသော 'ခင်လေး' လို မိန်းကလေးတစ်ယောက်အတွက်က တော့ သာမန်ကလေး အတွေးမျိုးထက်သာလွန်ပြီး တွေးတတ် နေပြီ။

သူမထက် ဘဝနာခဲ့သော ငယ်ငယ်ရွယ်ရွယ်နှင့် ထမင်းနပ်မှန်အောင်စားရဖို့၊ နေစရာအရိပ်တစ်ခုရရှိဖို့ ကြိုးစားခဲ့ရ သော 'ဘိုရဲ' လို ကောင်လေးတစ်ယောက်အတွက်လည်း သာမန်လူပျိုပေါက်တွေထက် အတွေ့အကြုံ ဗဟုသုတတွေများလွန်းသဖြင့် အတွေးအခေါ်တွေ ရင့်ကျက်တိုးတက် တည်ငြိမ်နေပါပြီ။

'ဘိုရဲ' သူ့လွယ်အိတ်ထဲက အချဉ်ထုပ်များပြန်သိမ်းနေသည်ကို မြင်တော့လည်း 'ခင်လေး' သနားသွားသည်။

"ပေး ပေး 'ခင်လေး' ဖွက်ပြီးစားမယ်"

"မိသွားရင် အဆူခံနေရပါဦးမယ်"

"ရတယ် ဖွက်စရာတွေရှိတယ်"

"ဟုတ်လို့လား... 'ဒေါ်လေးရီ' က တစ်နေကုန်အိမ်မှာရှိနေတာကို"

"ရတယ်... 'အန်တီငြိမ်း' အထုပ်တွေထဲဖွက်ထားရင်ရတယ် 'ကိုရဲ' မုန့်ထုပ်တွေဝယ်ပေးတာ သုံးခါရှိသွားပြီနော်... 'ခင်လေး' အလုပ်ရမှ ပြန်ဝယ်ကျွေးမယ်နော်"

"မလိုပါဘူးကွာ... 'ခင်လေး' က ကျောင်းသူပဲ... နောက်ထပ် ကိုးနှစ်ဆယ်နှစ်လောက် ကျောင်းဆက်တက်ရဦးမှာ... 'ခင်လေး' ဆီက ပြန်စားရဖို့ မမျှော်လင့်ပါဘူး... မိန်းကလေးတွေ အချဉ်ထုပ်ကြိုက်တတ်တာသိလို့ ပြီးတော့ စာကျက်ရင် အိပ်မငိုက်အောင်လို့ပါ"

"ဒါနဲ့ 'ကိုရဲ' အိမ်မပြန်ဘူးထင်တယ်"

"သတိထားမိလို့လား"

"ဟင် ထားမိတာပေါ့... နံ့ရံလေးတစ်ချပ်ခြားတာများ





ပြီးတော့ ရေလည်းမဝယ်တာနှစ်ရက်ရှိနေပြီ"

ထိုစကားကြောင့် 'ဘိုရဲ' စိတ်မကောင်းဖြစ်သွားသည်။ 'ခင်လေး' တို့တူဝရီးတွေခြံထဲက သီးပင်စားပင်တွေ အခုတ်ခံလိုက်ရသဖြင့် ဈေးဘိုးထိခိုက်သွားသလို ဤရေဘိုးကြောင့် ဈေးဘိုးကာမိကြောင်းသိထားပြီးသား။ ဒါကိုသိသဖြင့် ဘကြီးဖြစ်သူမာနဖြင့် ရေတွင်းတူးမည်ပြောတိုင်း 'ဘိုရဲ' ကြံဖန်ပြီးဖျက်ခဲ့စမြဲ။

"စာအုပ်တွေအဝယ်လိုက်နေလို့ 'ကိုရဲ' တို့ဆိုင်မှာ ညနက်အထိ အလုပ်လုပ်ကြရတယ်လေ ညဘက်ရွေးသင့်တာ ရွေးပေါင်းနှမ်းစုတ်ပြတ်နေတာတွေကို အသစ်ဖြစ်အောင်ပြန်လုပ်ရတယ်လေ... သုံးရက်တစ်ခါတော့ အိမ်ပြန်ပြီး လျှော်ဖွပ်ရမှာဆိုတော့ ရေကတော့သုံးရက်စာတစ်ခါတည်းနဲ့ ဝယ်ရမှာပါ ပဲ"

ထိုစကားကိုနားထောင်ရင်း 'ခင်လေး' မျက်နှာ ရှက်သလိုဖြစ်သွားမှန်းသိသည်။ ရေဘိုးမျှော်လင့်နေကြောင့် 'ဘိုရဲ' သိသွားတာကို ရှက်တာလား၊ ဒါမှမဟုတ် 'ဘိုရဲ' မလာတာကို တိတ်တခိုးမျှော်လင့်နေကြောင်း ပေါ်သွားလို့လား။

"ကဲ 'ခင်လေး' သွားတော့မယ်"

"'ခင်လေး' လိုချင်တာရှိရင်ပြောနော်... 'ကိုရဲ' မှာ တခြား ပေးရကျွေးရမယ့် သူမရှိတော့ ပစ္စည်းလှလှလေးတွေတွေ့ရင် စာရေးကိရိယာဆန်းဆန်းလေးတွေတွေ့ရင် 'ခင်လေး' ကို ဝယ် ပေးချင်တာအရမ်းပဲ... ဒါပေမဲ့ 'ခင်လေး' အရိုက်ခံရမှာစိုးလို့ မဝယ်ဖြစ်တာ"

ထိုစကားများကိုနားထောင်နေသော 'ခင်လေး' မျက်လုံး များက တဖျတ်ဖျတ်လက်နေပါသည်။

"ယုံပါတယ် 'ကိုရဲ'... 'ကိုရဲ' အတွက် ကျောင်းစာတွေ ကိုလည်း 'ခင်လေး' အရမ်းပြောပြချင်တာပဲ"

"အဲ့ဒီအတွက်မပူနဲ့... ဘကြီး အခုငှားထားတဲ့ဆိုင်ဘေး မှာ ခြောက်တန်းရှစ်တန်းတွေရှိသလို 'ကိုရဲ' ရဲ့မြို့ထဲက အ ဟောင်းဆိုင် ရှေ့မှာ အထက်တန်းကျောင်းရှိတယ်... ကောင် လေးနှစ်ယောက်နဲ့ခင်သွားတယ်... 'ကိုရဲ' ဆီက စာအုပ်ဟောင်း စာအုပ်ကောင်းတွေလာငှားကြတယ်လေ... သူတို့လာငှားရင် 'ကိုရဲ' က စာအုပ်ငှားခမယူဘူး... သူတို့ကလည်း 'ကိုရဲ' သိ ချင်တဲ့ ပုစ္ဆာတွေကိုတွက်ပြကြတယ်... ရှင်းပြကြတယ်"

"ဒါဆို 'ကိုရဲ' အရမ်းတော်နေပြီပေါ့"

"မတော်ပါဘူးကွာ... ကိုယ့်ဘဝက ကျောင်းသားဘဝကို





လွမ်းနေရတဲ့ကောင်ပါ... ဒါကြောင့် စာကြိုးစားတဲ့သူတွေ တွေ့ရင် အရမ်းအားကျတာ... အရမ်းလဲအားပေးတာ... ကိုယ် ပိုက်ဆံအရမ်းချမ်းသာလာရင် ပညာမသင်နိုင်တဲ့ ကလေးတွေ အတွက်ရည်ရွယ်ပြီး လှူဒါန်းသွားချင်တယ်"

"ဖြစ်မှာပါ... 'ကိုရဲ' က ခုလိုအသက်ငယ်ငယ်လေး နဲ့တောင် ပိုက်ဆံရှာတတ်နေပြီပဲ... အရမ်းချမ်းသာသွားလို့ သူဌေးကြီးဖြစ်သွားရင်သာ 'ခင်လေး' ကို မေ့မသွားပါနဲ့လို့"

"အဲ့ဒီအချိန်ကျရင်ရော ကြီးဒေါ်တွေကိုကြောက်လို့ မခေါ်ရဲ မပြောရဲ ပေးတဲ့လက်ဆောင်မယူရဲ လုပ်နေဦးမှာလား"

'ခင်လေး' က သက်ပြင်းလေးချရင်း...

"တက္ကသိုလ်ကျောင်းအထိတော့ 'မေနီ' တို့ လိုက်တော့ မယ် မထင်ပါဘူး"

"'ကိုမျိုးသန့်' က ဂုံးပြန်ချော့လို့ အိမ်ကျရင်တော့ အဆူ ခံ ဖိုက်ခေါက်အဆွဲခံရဦးမယ်နဲ့တူတယ်"

"ယူတဲ့မေဂျာခြင်းတူချင်မှ တူမှာပေါ့... ပြီးတော့ သူက သုံးနှစ်စောပြီး တက္ကသိုလ်ရောက်နှင့်တော့ တစ်မေဂျာတည်းဆို ရင်တောင် တစ်နှစ်လောက်ပဲ ဆုံဖြစ်မှာပါ"

'ခင်လေး' ပုံစံက တကယ့်အပျိုမတစ်ယောက်လို တွက်

တတ် ချက်တတ်ပြောတတ် ဆိုတတ်နေပြီ။

အင်းပေါ့လေ။

သူ့ကြီးဒေါ်တွေက နေ့စဉ် တက္ကသိုလ်အကြောင်း၊ ဘွဲ့ယူရမယ့်အကြောင်းတွေ အပ်ကြောင်းထပ်အောင် ပြောတတ် တာ မိမိအမြဲ ကြားနေရတာပဲလေ။

ကျောင်းခေါင်းလောင်းထိုးသံကြောင့်...

" 'ခင်လေး' သွားတော့မယ်နော် တာတာ"

မခွဲခွာချင်သေးသော မျက်နှာလေးဖြင့် ပြေးထွက်သွားသော 'ခင်လေး' ၏ ပုံစံလေးပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေပြီးမှ 'ဘိုရဲ' လှည့်ပြန်ခဲ့ပါသည်။





## ၆

'ခင်လေး' က အရိပ်အခြေကိုကြည့်ပြီး...

" 'အန်တီငြိမ်း'..."

"ဘာလဲ 'ခင်လေး' "

" 'အန်တီငြိမ်း' ရဲ့ ခြင်းတောင်းထဲမှာ အချဉ်ထုပ်တွေ ထည့်ထားတယ် ယူစားနော်"

"အေး ကောင်းသားပဲ... အချဉ်ထုပ်တောင်မစားရတာ ကြာပြီ ပြန်ဝယ်မယ်လေ"

"ဝယ်ဖို့မလိုပါဘူး... အများကြီး... အထုပ်သုံးဆယ်

တောင်ရှိတာ… 'အန်တီငြိမ်း' ကြိုက်သလောက်ယူစားနော်… အဲ 'မေရီ' တို့တော့မသိစေနဲ့နော်… သူတို့က အချဉ်ထုပ်တွေ အပြင်ကမုန့်တွေ ဝယ်စားရင်မကြိုက်ဘူး"

'ငြိမ်းအေး' စဉ်းစားသလိုလုပ်ရင်း…

"ကောင်မလေး… အိမ်ကမုန့်ဘိုးများများစားစားရတာလည်း မဟုတ်ဘဲနဲ့… အိမ်ကနေ ငှက်ပျောသီးတစ်နေ့တစ်လုံး ယူသွားရတာ ဒါတွေ တစ်ယောက်ယောက်က ပေးလိုက်တာမဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်းအိမ်က မုန့်မျိုးစုံရောင်းလို့ လက်ဆောင်ပေးလိုက်တာ… 'မေရီ' တို့သိရင် ပြန်ပေးခိုင်းမှာစိုးလို့ 'အန်တီငြိမ်း' ပဲ သိမ်းပေးထားပါနော်"

"ရပါတယ်အေ… သူတို့တွေကလည်း အရမ်းကိုချုပ်ချယ်တာပဲ… ဟိုမသွားနဲ့ဒီမသွားနဲ့ ဟိုဟာမစားနဲ့ ဒီဟာမစားနဲ့နဲ့… ညည်းတို့မောင်နှမခမြာလည်း စက်ရုပ်တွေကျနေတာ ပဲ"

"သူတို့က လိမ္မာစေချင်လို့ ဆုံးမတာပါလေ… ဘာပဲဖြစ်ဖြစ် 'ခင်လေး' ကတော့ 'အန်တီငြိမ်း' လို သဘောကောင်းတဲ့ အဒေါ်တစ်ယောက်ထပ်ရထားတော့ ကံကောင်းတာပေါ့"





"ဒါပေါ့… အချဉ်ထုပ်တွေဖွက်ထားပေးတာကို… အပျိုဖြစ်ရင် ရည်းစားစာတောင် ဖွက်ခိုင်းမယ့်ပုံပဲ"

" 'အန်တီငြိမ်း' က 'ခင်လေး' တို့အိမ်မှာ အကြာကြီးနေမှာမို့လို့လား"

"အစဉ်ပြေနေရင်တော့ နေမှာပေါ့"

"အခုရောအဆင်ပြေရဲ့လား… ခိုင်းချင်တာ ဝယ်ချင်တာရှိရင် 'ခင်လေး' ကိုခိုင်းနော်"

"ညည်းလေးက စိတ်ကောင်းရှိပေမယ့် ညည်း ကြီးဒေါ်တွေက ခိုင်းတာကြိုက်မှမကြိုက်ဘဲ… ဒါကြောင့် ဟိုဘက်အိမ် က 'ချစ်စု' ကိုပဲခိုင်းနေရတာ… သူလုပ်ပေးတော့ သူ မုန့်ဘိုးရ တာပေါ့"

" 'ခင်လေး' ကတော့ ကျောင်းနားအနီးတဝိုက်က ဆိုင်တွေမှာ လိုချင်တာရှိရင် ဝယ်ပေးလို့ရပါတယ်"

"ညည်းတကယ်ကူညီမယ်ဆိုရင် တစ်ခုတော့ခိုင်းမယ်… မုန့်ဘိုးလည်းပေးမယ်… ဘယ်သူ့ကိုမှမပြောရဘူး ဘယ်နှယ့် လဲ"

ထိုစကားကြောင့် 'ခင်လေး' ထိတ်လန့်သွားရပါသည်။

'ဒေါ်ငြိမ်းအေး' အကြောင်းကို ကြီးဒေါ်များက ပြောပြ

ထားသဖြင့် 'ခင်လေး' ဘာမျှမသိ။ အပျိုကြီးပဲဟုသာ ထင်ထားခဲ့သည်။ ယနေ့ 'ကိုရဲ' ပြောပြမှ ယောက်ျားနှိပ်စက်၍ လာပုန်းနေကြောင်းသိလိုက်ရပါသည်။

"ဟိုလေ... 'မေရီ' တို့သိရင် ဆူမယ့်ကိစ္စမျိုးလား"

"စာတိုက်ပုံးထဲကစာထည့်ရင် အရမ်းကြာလွန်းလို့... စာတွေထည့်ပြီး ရောက်ပုံမပေါ်ဘူး... ကူညီစေချင်တာက ဒီက စာကိုထည့်ပေးပြီး ဟိုကစာကိုပြန်ယူလာတဲ့အထိ ကူညီစေချင်တာ"

'ခင်လေး' မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်နေပြီးမှ...

"ဖြစ်နိုင်ပါတယ်... 'ခင်လေး' သူငယ်ချင်းက စာတိုက်နားမှာနေတာ"

"ဒါဆိုရင် သူ့နာမည်နဲ့ပြန်စာထည့်ခိုင်းလိုက်မယ်... တစ်ဆင့် 'ခင်လေး' ဆိုရင်ရပြီပဲ...စာလာတော့ 'အန်တီငြိမ်း' ကိုပေး... 'ခင်လေး' တို့နှစ်ယောက်ကို စာတစ်စောင်ရရင် တစ်ရာပေးမယ်"

"အို ဒီလောက်အများကြီးပေးစရာမလိုပါဘူး... 'ခင် လေး' တစ်ပြားမှမယူဘူး... သူငယ်ချင်းကိုပဲ မုန့်ဘိုးတစ်ဆယ် လောက်ပေးရင်ရပါပြီ"





"တစ်ခုတော့ရှိတယ်... စာကိုဖောက်မဖတ်ရဘူး... တကယ်လို့ဖောက်ဖတ်လို့ 'အန်တီငြိမ်း' အတွင်းရေးသိရင်တောင် ဒီပတ်ဝန်းကျင်ကို လျှောက်မပြောရဘူး"

"ဟာ 'ခင်လေး'ကတော့ စကားမရှုပ်တတ်ပါဘူး... ဒါပေမဲ့ သူငယ်ချင်းကနှုတ်ဖွာရင်ကော... ပြီးတော့ ဘာဖြစ်လို့ ဒီပတ်ဝန်းကျင်က လူတွေကို မသိစေချင်ရတာလဲ"

" 'အန်တီငြိမ်း' ဒီမှာရှိနေတာကို 'အန်တီငြိမ်း' ရဲ့ယောက်ျားဆီကို သတင်းပို့လိုက်မှာစိုးလို့ပါ"

"ဟင် 'အန်တီငြိမ်း' က အပျိုကြီးမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး မဟုတ်ဘူး ဒီပတ်ဝန်းကျင်မှာ အပျိုမဟုတ်မှန်းသိတာဆိုလို့ ညည်းရယ် ညည်းကြီးဒေါ်နှစ်ယောက်ရယ်ပဲရှိတယ်... ညည်းကိုဖွင့်ပြောရတာလဲ ညည်းက ကူညီချင်တယ်ဆိုလို့ ယုံကြည်စိတ်ချလို့ဖွင့်ပြောပြလိုက်တာ... တခြားဘယ်သူ့ကိုမှ ဖွင့်မပြောရဘူးနော်"

" 'ခင်လေး' ကတော့ ဘာမှမပြောပါဘူး စိတ်ချပါ... အပျိုမဟုတ်ဘူးဆိုတော့ ကလေးကော မရှိဘူးလား"

"ရှိတာပေါ့... အကြီးဆုံးကလေးက အိမ်ထောင်တောင်ကျနေပြီ... မြေးတောင်ရနေပြီ"

"ဟင် ဒါဆို သူတို့ကိုမလွမ်းဘူးလား… မတွေ့ချင်ဘူးလား… ဘာလို့တစ်ယောက်တည်း လာနေနေတာလဲ"

"ဒါတွေ မသိချင်ပါနဲ့အေ… အကြောင်းထူးမှာလဲမဟုတ်ပါဘူး ကဲ နက်ဖြန်ကျောင်းသွားရင် စာတစ်စောင်ထည့်ပေးလိုက်မယ်"





## ၇

"ဟယ် 'ကိုရဲ' ရောက်နေတာကို… 'ချစ်စု' မမြင်လိုက်ဘူး… 'ချစ်စု' က မနက်တစ်ခေါက် အိမ်လာရှင်းပေးတယ်လေ… 'ကိုရဲ' တို့က ဒီမှာမနေတော့ဘူးလားလို့"

'ချစ်စု' အသံကစာပြီး ပြာနေသလိုပါပဲ။

"နေမှာပါ… အခုတလော စာအုပ်တွေအဝယ်များလို့ အဘရော ငါပါ အလုပ်များနေကြလို့ပါ"

"အဝတ်လျှော်မလို့လား… 'ချစ်စု' လျှော်ပေးမယ်လေ"

'ခင်လေး' အတွက် သီးသန့်ဖောက်ထားသည့် အပေါက်

တစ်ခုရှိပါသည်။ ပြက္ခဒိန်နောက်မှာလေ။ ချောင်းကြည့်လိုက် တော့ ကိုယ့်မျက်လုံးပင် ကိုယ်မယုံချင်။ မိမိထက်အသက်တစ်နှစ်ကျော်ကြီးသော 'ချစ်စု' သည် ဆယ့်သုံးနှစ်ပင်မပြည့်သေးသော်လည်း ဆယ့်ငါးနှစ် အရွယ်လို မျက်နှာကိုဖွေးနေအောင် လိမ်းထားပြီး မျက်ခုံးမွေးဆွဲထားသည်။

လိုင်နာထည့်ထားသည်။ နှုတ်ခမ်းနီရဲနေအောင် ဆိုးထားသည်။ တစ်ထွာကျော်ကျော်ရှည်သော ဆံပင်ကိုလိမ်ကျစ်ပြီး ရောင်စုံကလစ်တွေလည်း ညှပ်ထားသေးသည်။ နှင်းဆီပန်းတွေလည်း ပန်ထားသည်။

သူ့ကိုကြည့်ရတာ အရူးမနှင့်တူလှသည်။

စကားပြောနေတဲ့ပုံစံကလည်း မျက်လုံးကိုဒေါင့်ကပ်လိုက်၊ စွေလိုက် မေးလိုက်ပြူးလိုက်နှင့် စိတ်မှန်ပါလေစ။

"အဝတ်တွေလျှော်မလို့လား... 'ချစ်စု' လျှော်ပေးမယ်လေ"

"နေပစေ... နင်က ချက်ပြုတ်ရတာရော နင့်အဖေကိုရေမိုးချိုးပေးရတာရော မုန့်ထုပ်ရတာရော အလုပ်ကများပါဘိ"

"ဘယ်လောက်များများ ကိုယ့်အစ်ကိုအဝတ်ပဲ လျှော်ပဲရမှာပေါ့"





"ရတယ် ငါကိုယ်တိုင်ပဲလျှော်ချင်တယ်... ချေးများတယ်ပဲပြောပြော ငယ်ငယ်တည်းက ကိုယ်တိုင်ပဲလျှော်ခဲ့ရတာ လေ"

"ဒါဆို 'ချစ်စု' ရေကူခတ်ပေးမယ်... ကူလှမ်းပေးမယ်"

"ဩော် ဒီကောင်မလေး အားတာလည်းမဟုတ်ဘဲနဲ့... ငါ့ကို မျက်စေ့နောက်အောင် လာလုပ်နေပြန်ပါပြီ... သွား သွား နင့်အိမ်မှာ လုပ်စရာရှိတာသွားလုပ်"

"ဟွန်း သိပါတယ်... ဘယ်တော့ဖြစ်ဖြစ် မောင်းထုတ်နေတာပဲ... 'ချစ်စု' ချစ်သလိုမချစ်ဘူးဆိုတာသိပါတယ်... 'ချစ်စု' ကဖြင့် သူ့ကိုချစ်လိုက်ရတာ... သူတို့နဲ့အတူနေချင်လို့ ဒီအထိ လိုက်ပြောင်းလာခဲ့ရတာ... 'ဘဘဦးအုံ့မောင်' ကောင်းသလောက် 'ကိုရဲ' ကမကောင်းဘူး... ဆွေမျိုးလိုမချစ်ဘူး"

"ဆွေမျိုးမတော်ပေမယ့် နင်တို့မိသားစုနဲ့ ငါတို့မိသားစု ဆွေမျိုးအရင်းတွေထက်တောင် သံယောဇဉ်တွယ်ကြပါတယ် ဟာ... နင့်ကိုမခိုင်းတာက ငါကိုယ်တိုင်လုပ်ချင်လို့ ပြန်လာတာ လေ... ပြီးတော့ နင်က အရင်ကလိုကလေးအရွယ်မဟုတ်တော့ ဘူး... မောင်နှမအရင်းလည်းမဟုတ် ဆွေမျိုးလည်းမတော်တော့ ငါ့ဘက်က အနေအထိုင် ဆင်ခြင်ရမယ့် တာဝန်ရှိလာပြီလေ...

ဒါကြောင့် နင့်အမေမပါဘဲ ငါတို့အိမ်ထဲကို မလာသင့်ဘူး"

"သူများကဖြင့် ကိုယ့်အစ်ကိုလို ချစ်တဲ့ဟာ"

"အေးပါ ချစ်ပါ... ဒါပေမဲ့ အစ်ကိုအရင်းမဟုတ်တာ သူများတွေကသိထားတယ်လေ... ခုချိန်မှာ နင့်အတွက်မထိခိုက်ပေမယ့် အချိန်တန်အရွယ်ရောက်လာပြီး နင့်မှာချစ်ရမယ့်သူရှိတဲ့အချိန်ကျရင် သံသယဝင်တတ်တယ်... ငါ့ချစ်သူကလည်း ငါ့ကိုတောင်ထင်မြောက်ထင် ဖြစ်မှာစိုးတယ်... ဒါကြောင့် အနေအထိုင်ဆင်ခြင်တာကတော့ အကောင်းဆုံးပဲလေ"

"ဟင် 'ကိုရဲ' က ချစ်သူရှိနေလို့လား... ငယ်ငယ်လေးရှိသေးတာ... 'ဘဘဦးအုံးမောင်' နဲ့တိုင်ပြောမှာပဲ"

"တိုင် တိုင် ကဲ ကဲ အဝတ်လျှော်တော့မယ်... တစ်နေ့တည်းနဲ့ ခြောက်မှဖြစ်မယ်"

"ရေကူခတ်ပေးရမလား"

"ရပါတယ်ဆို... သွားတော့ သွားတော့"

'ချစ်စု' က နှုတ်ခမ်းစူပြီး ခြေသံပြင်းပြင်းဖြင့် ပြန်ထွက်သွားခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် 'ကိုရဲ' ကို သူမ စိတ်ဝင်စားသလောက် 'ကိုရဲ' က သူမကို လုံးဝစိတ်မဝင်စား။





" 'ဒေါ်လေးရီ' ရေနှစ်ပေပါယူမယ်နော်"

"အေး အေး ယူလေ"

ပိုက်ဆံရမည့်ဖြစ်၍ 'ဒေါ်မြင့်ရီ' အသံကချိုနေသည်။

အစဉ်အမြဲအားလပ်နေသည့် 'ဒေါ်ငြိမ်းအေး' က အဝတ်လျှော်နေသော 'ကိုရဲ' ၏ မလှမ်းမကမ်းတွင် ခုံတစ်လုံးဖြင့်ထိုင်ရင်း...

"မင်းတို့တူဝရီးလည်း အိမ်တွေပေါ်နေပုံရတယ်... ဒီအခန်းပိုနေရင် 'အန်တီငြိမ်း' ကို ပြန်ငှားမလားလို့ မင်းဘကြီးကို မေးပေးစမ်းပါ"

"မနေ့ညနေအထိကတော့ ဒီအခန်းကပိုနေသလိုပါပဲ... ဈေးဆိုင်ခန်းက အပြင်တန်းဆိုတော့ တူဝရီးနှစ်ယောက်ဖြစ်သလိုနေလို့ရတယ်လေ... ဒါပေမဲ့ ဒီနေ့မနက်တော့ မငှားဖို့သေချာသွားတယ်"

"ဘာဖြစ်လို့လဲ"

"ဩော် ကျွန်တော့်အဖေပါ ဒီမှာလာနေမှာလေ... ကျွန်တော့်ရဲ့အဖေတူအမေကွဲ ညီမလေးပါလာနေမှာ... သုံးလေးရက်နေရင် ဘကြီး သွားခေါ်လာခဲ့မှာ"

"ဩော် မင်းအဖေက နောက်မိန်းမနဲ့ ကလေးထပ်ရတာ

လား… မိထွေးရောပါမှာလား"

"မိထွေးနဲ့ကွဲသွားလို့ ဒီမှာလာနေတာလေ"

"ဟောတော်… မင်းအမေနဲ့ကွဲသွားလို့ နောက်တစ်ယောက်ထပ်ယူတာ နောက်တစ်ယောက်နဲ့လည်း ထပ်ကွဲပြန်ပြီ ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ ကွဲသွားတာလဲ"

"အဖေ့မျက်လုံးက တဖြည်းဖြည်းကွယ်သွားခဲ့ပြီလေ"

"ဟင် ဘာဖြစ်လို့ကွယ်ရတာလဲ"

"အဖေက လက်သမားလေ… မျက်လုံးထဲသစ်စဝင်တာ ဆေးမကုဘဲ သူများပြောတဲ့ မျက်စင်းတွေ တောင်ခတ်မြောက်ခတ်လုပ်ရင်း တဖြည်းဖြည်းကွယ်သွားခဲ့တာ"

"အို သနားပါတယ်ကွယ်… မျက်လုံးကွယ်တာနဲ့ပဲ မင်းမိထွေးက ဆက်မပေါင်းတော့ဘူးတဲ့လား… ရက်စက်လှချည် လား"

"အဖေကတစ်ခါသေဘူးပျဉ်ဘိုးနားလည်တဲ့အထဲ မပါလို့နေမှာပေါ့… နောက်အိမ်ထောင်ထပ်ပြုချင်တာကိုး"

"အသက်ဘယ်လောက် ရှိပြီလဲ"





"လေးဆယ်"

"သြော် ငယ်သေးတယ်လေကွယ်… မင်းဘကြီးနဲ့ကွာလှချည်လား… 'ကိုအုံ့မောင်' က ငါးဆယ်ဆို"

"လေးဆယ့်ငါးထင်တယ်… တမင်ပိုပြောတတ်တယ်… ဘကြီး က ဝလည်းဝ ထိပ်လည်းပြောင်တော့ သူ့ကိုအသက်ကြီးပြီထင်ကြတာ"

"ဟင် မိထွေးက သူ့ကလေးတော့ ခေါ်မသွားဘူးလား"

"မခေါ်ဘူးဗျို့… ကျုပ်ညီက သဘောကောင်းပြီး မိန်းမတွေကို ကောင်းကောင်းရှာကျွေးတော့ သူယူသမျှမိန်းမတွေက အနိုင်ကျင့် သွားခဲ့ကြတာကြီးပဲ… အိမ်ထောင်တစ်ခါပျက်ရင် သူကကလေးတစ် ယောက်နဲ့ ကျန်ခဲ့တာကြီးပဲ"

ရုတ်တရက်အိမ်နောက်ဘက်ရောက်လာသော 'ကိုအုံ့မောင်' က အော်ကြီးဟစ်ကျယ်နဲ့ ပြောလိုက်ခြင်းဖြစ်သည်။

"အခု မျက်စေ့လည်းမမြင်တော့ဘူးဆိုတော့ ရှင်တို့တော့ ဒုက္ခပဲနော်"

'ကိုအုံ့မောင်' က ရယ်ကျဲကျဲမျက်နှာဖြင့်…

"ကျုပ်ညီက လူချောဆိုတော့ နောက်ထပ်မိန်းမတစ်ယောက် ရှာပေးစားပြီး ပြုစုစောင့်ရှောက်ခိုင်းရတော့မှာပဲ"

ထိုစကားကြောင့် 'ငြိမ်းအေး' ဘယ်လိုခံစားရမည်ဆိုတာ မသိသော်လည်း အိမ်ထဲတွင် ရှိနေသော 'မြင့်နီ' က ထုံးစံအတိုင်းပစ္စည်းတွေ ဟိုပစ်ဒီပစ်လုပ်ပါတော့သည်။

ခဏကြာသောအခါ 'မငြိမ်းအေး' အိမ်ထဲရောက်လာသဖြင့်...

"ရှင်မို့ ဟိုလူစော်ကားတဲ့စကားကို ငြိမ်ခံနေတယ်... မျက်စေ့မမြင်တဲ့သူ့ညီမှာ အထုပ်ကြီးကြီးပါရင်တော့ ငွေမက်တဲ့ မိန်းမတွေက ယူချင်ရင်ယူမှာပေါ့... သူ့မိန်းမတောင် မပေါင်းချင်လို့ပစ်သွားခဲ့တာ ကလေးနှစ်ယောက်အဖေ မျက်မမြင်ကို ဘယ်သူမှမယူဘူး"

"ဩော် ကျုပ်က စကားပုံတွေ ပုံပြင်တွေ ဘုရားဟောတွေ အများကြီးဖတ်ဖူးထားတဲ့ အားကိုးနဲ့ပြောတာပါဗျာ... ပဒုမပေါင်တိုဇာတ်ကိုဖတ်ထားဖူးလို့ပါ"

'ကိုအုံ့မောင်' က နံရံတစ်ဖက်မှ လှမ်းပြောနေသေးသည်။

ထုံးစံအတိုင်း 'မြင့်နီ' က လက်ထဲရှိသောက်ရေခွက်ကို ခပ်ကြမ်းကြမ်း မှောက်ပစ်လိုက်သည်။

'ကိုအုံ့မောင်' နောက်တစ်နေ့မနက် လေးနာရီလောက်ထပြီး ခရီးထွက်သွားပြီးနောက် နောက်နှစ်ရက်ခန့်ကြာသော





အခါ ထုံးစံအတိုင်း လေးဘီးဖြင့် ပြန်ရောက်လာသည်။

ကားပေါ်မှ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ဆံပင်လှိုင်းတွန့်များနှင့် ခပ်ချောချောပုံစံရှိသည့် လူတစ်ယောက်ကိုတွဲခေါ်လာသည်။

"ဟယ် 'ကိုအုံ့မောင်' တို့ 'ကိုသန်းအောင်' တို့ လာကြပြီတော်"

'အေးနွဲ့' တို့သားအမိ အပြေးအလွှားသွားကြိုကြသည်။

ခြေတစ်ဖက်ပြတ်နေသော 'ထွန်းကျော်' ကလည်း ဝါးကျိုင်းထောက်ဖြင့် ဝမ်းသာအားရထွက်ကြိုနေပါသည်။

ငါးနှစ်အရွယ် ကောင်မလေးတစ်ယောက်လည်း ပါလာသည်။

"အင်း ငါတို့ခြံကတော့ ဒုက္ခိတတွေ နားခိုတဲ့ခြံဖြစ်နေပါပြီ"

ထိုစကားပြောလိုက်သော 'မမြင့်ရီ' ကို 'မငြိမ်းအေး' က ခက်ထန်သောမျက်လုံးများဖြင့် ခပ်ရဲရဲစိုက်ကြည့်ရင်း...

"အို 'မမရီ' ကို သနားငဲ့ညှာတတ်တဲ့ စိတ်ရင်းဖြူတဲ့လူလို့ အစကထင်ထားခဲ့တာ ခုတော့ 'မမြင့်နီ' လိုပဲ စိတ်ထားကြမ်းလိုက်တာ... သူတို့လည်း ဘယ်ကျိုးချင်ပါ့မလဲ ဘယ်ကန်းချင်

ပါ့မလဲ... ကိုယ့်မိသားစုထဲမှာ ဒါမျိုးမဖြစ်ဖို့ပဲ ဆုတောင်းနေရမှာလေ"

'မမြင့်ရီ' မျက်နှာနီနီဖြင့် လှည့်ထွက်ခဲ့ပါသည်။

သူမ ပြောတာမှန်နေပါသည်။ ရုတ်တရက်ပါးစပ်ကပြောထွက်သွားခြင်းကို နောင်တရနေမိသည်။

စေတနာရှင် 'ငြိမ်းအေး' က တစ်ဖက်ခန်းသို့ပင် ကူးသွားလိုက်ပါသေးသည်။

'မြင့်ရီ' လည်း ဟိုဟိုဒီဒီ တစ်ချက်ဝေ့ကြည့်ပြီး ပြက္ခဒိန်နောက်က အပေါက်သို့ ပြေးချောင်းပါတော့သည်။

'ကိုသန်းအောင်'က အတော်ချောပါသည်။ အသားဖြူဖြူ နှာတံပေါ်ပေါ်၊ မျက်ခုံးမျက်လုံးကောင်းသဖြင့် ဟိန္ဒူမင်းသား လားထင်ရသည်။

'ကိုအုံ့မောင်' ရုပ်နှင့် တခြားစီပါပဲ။

"ဟဲ ဟဲ 'မငြိမ်းအေး' က ကျုပ်နဲ့ကျုပ်ညီကို လုံးဝမတူလို့ အံ့သြနေတယ်မဟုတ်လား... သူကအမေနဲ့တူတာ ကျုပ်က အဖေနဲ့တူတာ... စွံတာခြင်းကျတော့ ပြောင်းပြန်ဗျ... အမေက သေတဲ့အထိ လင်တစ်ယောက်ပဲ ယူသွားတာ... ကျုပ်အဖေက တော့ အမေသေပြီးတဲ့နောက်ပိုင်း စိတ်တိုင်းမကျတိုင်း တစ်





ယောက်ပြီးတစ်ယောက်ယူနေတာပဲ... ဒီကောင်က အဖေနဲ့တူတာနေမှာ...

မျက်စေ့ကွယ်နေတာတောင် သနားပြီးယူမယ့်သူတွေဘာတွေ ပေါ်ချင်ပေါ်လာဦးမှာ ဟား ဟား ဟား"

ရှေ့မကြည့် နောက်မကြည့်ပြောတတ်သော'ကိုအုံ့မောင်' စကားကြောင့် ငုတ်တုတ်ထိုင်နေသော 'ငြိမ်းအေး' အနေခက်သွားပါသည်။

"ကဲ 'အေးနွဲ့' တို့ 'ချစ်စု' တို့ရေ... ငါတို့အပြင်သွားနေတဲ့ အချိန်လေးတော့ မကြာခဏလှမ်းကြည့်ပေးကြဦးနော်... အထူးသဖြင့် မီးရေးထင်းရေးပဲကြောက်တာပါ... ညီက မမြင်မစမ်းဆိုတော့... ပြီးတော့ 'ချိုသဲ' ကလည်း သူ့အဖေကို လမ်းပြပေးတာကလွဲရင် သယ်နိုင်မှာမဟုတ်ဘူးလေ"

"ရပါတယ်တော်... အိမ်မှာ 'ကိုထွန်းကျော်' နဲ့ 'ချစ်စု' ရှိနေသေးတာပဲ... တကယ်အရေးအကြောင်းရှိရင် 'မမရီ' ကလည်းပစ်ထားမှာမဟုတ်ပါဘူး... 'မမရီ' က စကားနည်းပေမယ့် ကူညီတတ်ပါတယ်"

ထိုစကားကြောင့် ပြက္ခဒိန်ဖယ်ပြီးချောင်းနေသော 'မြင့်ရီ' ရင်ခုန်သွားမိသည်။ ဤခြံထဲရှိသူစိမ်းများ 'မြင့်နီ' ကိုမုန်းသ

လောက် မိမိကိုတော့ ရှိသေလေးစားစွာ ဆက်ဆံတတ်ကြပါ သည်။ မိမိကလည်း အမုန်းမခံရအောင် နေခဲ့တာကိုး။

သုံးလေးရက်တစ်ခေါက် ရောက်လာတတ်သော 'မြင့်နီ' က အိမ်နောက်ဘက်ကပြန်ထွက်လာပြီး...

" 'မငြိမ်းအေး' ရော"

"ရှိတယ်... 'မမနီ' ရေ... ဒီဘက်ခန်းမှာ... 'ကိုသန်း အောင်' ချော်လဲကျနေလို့ လာဝိုင်းထူပေးနေတာ"

တစ်ဖက်ခန်းမှလှမ်းအော်သံကို ကြားလိုက်ရသဖြင့် 'မြင့်နီ' မျက်နှာကြီး ပုပ်သိုးသွားပြီး ခပ်တိုးတိုးလေသံဖြင့်...

"ဒီမိန်းမတော်တော်လျှာရှည်ပါလား... အနေအထိုင်ကို မတတ်ဘူး"

"ဩော် ဒုက္ခိတမို့ကူညီတာပဲကွယ်"

"တစ်နှစ်ယူထားမိလို့... ပြန်လည်းမပေးနိုင်လို့ လက်ခံထားရတာ... ဟိုအိမ်ဒီအိမ်အဝင်အထွက်သိပ်များတယ်... စကားရှုပ်တယ်"

"ပြန်ပေးချင်လည်း ရွှေရှိတာပဲ"

"အို ဒီပစ္စည်းတွေတော့ အထိမခံနိုင်ဘူး... တစ်နှစ်တော့ အောင့်အီးပြီးထားလိုက်မယ်"





၈

ခြေသံကြားရ၍လှည့်ကြည့်သောအခါ 'ကိုအုံ့မောင်' ဖြစ်နေသဖြင့် 'မြင့်ရီ' ခပ်သွက်သွက်လျှောက်လာပါသည်။

" 'မမြင့်ရီ' ခဏရပ်ပါဦး... ပြောစရာရှိလို့"

"ဟင်"

'မြင့်ရီ' ရင်ထဲတွင် မြေငလျင်လှုပ်သလိုဖြစ်သွားခဲ့သည်။ ပြောစရာရှိလျှင် နံ့ရံတစ်ချပ်ပဲခြားတာပဲ အိမ်မှာပြောပေါ့။ ဒါမှမဟုတ်ရေတွင်းမှာပြောပေါ့။ ခုတော့ နောက်ကတကောက်ကောက်လိုက်ပြီး အိမ်သား၊ ခြံသားတွေမမြင်အောင် ပြောမှာ

ဆိုတော့ ဒီလူကြီးမရှိးသားတာ အသေအချာပါပဲ။

မဟုတ်မှလွဲရော။ သူ့ညီရောက်လာလို့ ဒုက္ခတမို့ ပြုစုဖို့ လူလိုလို့ မိမိကို သူယူဖို့စိတ်ကူးပြီထင်သည်။

ဒီအရွယ်ကြီး ရောက်မှတော့ အိမ်ထောင်ရေးမှာ ရှက်ပါရဲ့။ ၄၅ နှစ်ပဲရှိနေပြီ။

" 'မမြင့်ရီ' "

"ဘာတုန်းတော်... ပြောစရာရှိရင် အိမ်မှာပြောလဲရသားနဲ့... ပတ်ဝန်းကျင်က အထင်အမြင်လွဲကုန်ပါ့မယ်"

"အေးဗျာ... ဆောရီးဗျာ... အိမ်မှာက 'မငြိမ်းအေး' အမြဲရှိနေတော့ ဘယ်အချိန်ပြောရမှန်း မသိဘူးဖြစ်နေတာ... သူကြားသွားလဲ မကောင်းဘူး"

"ဘာစကားမို့လဲ"

"ဒီလိုဗျ... ပြောရမှာလဲ ရှက်ပါတယ်... နားနဲ့မနာဖဝါးနဲ့နာပါနော်... ကျုပ်ညီရောက်တာတစ်လတောင် မပြည့်သေး ဘူး... အခု ကျုပ်ညီနဲ့သူနဲ့ နေတာထိုင်တာမကြိုက်ဘူးဗျာ"

"အို ဒါတော့ ကိုယ့်ညီကိုယ်ပြောလေ"

"ပြောပါ့မယ်... ကိုယ့်လူကိုယ်ပြောကြတာ ပိုကောင်းတာပေါ့ 'မငြိမ်းအေး' ကိုလည်း 'မမြင့်ရီ' တို့ဘက်က ဆုံးမရမယ့်





တာဝန်ရှိတယ်မဟုတ်လား... ကျုပ်ညီက မျက်စေ့ကွယ်နေလို့ ဝင်ငွေရှိတာမဟုတ်ဘူးလေ... ဒါမျိုးကိုယူရင် သူပဲ ဒုက္ခရောက်မှာပေါ့... ပြီးတော့ အိမ်ထောင်နှစ်ခါပျက်ထားတဲ့ ကလေးနှစ်ယောက်အမေကို 'မမြင့်ရီ' တို့ဘက်ကလည်း သဘောတူမှာ မဟုတ်ဘူးလေ"

စိတ်ရှုပ်သွားသော 'မမြင့်ရီ' ကို 'ကိုအုံ့မောင်' က ဘေးတိုက် အကဲခတ်နေချိန်တွင်မှ အိမ်ကိုလမ်းကြို၍ဝင်လာသော 'မြင့်နီ' နှင့် ပက်ပင်းတိုးပါတော့သည်။

"ဟွန်း သိပ်ကောင်းတာပေါ့နော်... လက်ပူးလက်ကျပ် ကိုမိတော့တာပဲ.. သောက်ရှက်လည်းမရှိကြဘူး ထွီ"

"စက်ဘီးပေါ်မှ အော်ပြောသွားသော 'မြင့်နီ' ကို လှမ်းဖြေရှင်းဖို့ပါးစပ်ပြင်နေသဖြင့်...

"ကိုယ်မှမဟုတ်တာဗျာ... နေစမ်းပါစေ"

"အို မြန်မြန်လိုက်ပြောဦး... အိမ်မှာသွားသောင်းကျန်းနေလို့ အိမ်သားခြံသားတွေ အထင်လွဲကုန်လိမ့်မယ်... အရှိအသေတန်ကုန်လိမ့်မယ်"

" 'မမြင့်နီ'... 'မမြင့်နီ'... ဖြောင်း ဖြောင်း ဖြောင်း"

'ကိုအုံ့မောင်' က သူ့ကိုယ်လုံးကြီးဖြင့် ပြေးလိုက်ရှာပါ

သည်။ လက်ခုပ်တီးရှာပါသည်။ သို့သော် စက်ဘီးကိုမြင်းစီးသလိုစီးသွားသော 'မြင့်နီ' ကို မမီပါ။ မိမိနှင့်လည်း ဝေးသွားပြီဖြစ်၍ ကိုယ့်ဦးတည်ချက်ရှိရာဈေးနှင့် ဆေးလိပ်ခုံဆီကိုသာ ထွက်လာခဲ့ပါသည်။

'မြင့်နီ' ၏ စက်ဘီးအိမ်မရောက်ခင် ဘီးပေါက်ပါလေပြီ။ နီးစပ်ရာအိမ်တွင် ဘီးအပ်ခဲ့ပြီး ဒေါကြီးမောကြီးဖြင့် ဆက်လျှောက်ခဲ့ပါသည်။

အိမ်ရှေ့တံခါးသော့ခတ်ထားသဖြင့် အိမ်နောက်ဘက်ကို ပတ်ဝင်ခဲ့သည်။ 'ချစ်စု' နှင့် 'ချိုသဲ' တို့နှစ်ယောက် မုန့်ထုပ်နေရာမှမော့ကြည့်ကြသည်။ နဂိုတည်းက 'မြင့်နီ' ကို ကြောက်ကြရသည့်အထဲ ယခုလက်သီးနှစ်ဖက်ဆုပ်၍ ဒေါကြီးမောကြီး လျှောက်လာတာကိုမြင်တော့ ချက်ချင်းခေါင်းငုံ့ပစ်ကြသည်။

"မငိုပါနဲ့ 'ကိုသန်းအောင်' ရယ်... ရှင့်မျက်လုံးပြန်ကောင်းလာနိုင်သေးတယ်ဆိုရင် 'ငြိမ်း' ကုပေးနိုင်ပါတယ်"

"ကိုယ်လည်း အရမ်းကိုပြန်ကောင်းချင်တာပဲ 'ငြိမ်း' ရယ် ဒုက္ခိတဖြစ်နေတဲ့ကိုယ့်ကို စိတ်ဓါတ်မကျအောင် အားပေးနှစ်သိမ့်နိုင်လွန်းတဲ့အပြင် အနီးကပ်မရှုံ့မရှာပြုစုပေးတဲ့အတွက် အရမ်းကိုကျေးဇူးတင်မိသလို 'ငြိမ်း' ရဲ့ မျက်နှာကိုလည်း အရမ်း





ကိုမြင်ချင်တွေ့ချင်တာပဲကွာ... ကိုယ့်ဘက်က မေတ္တာကလွဲပြီး ဘာမှပြန်မပေးနိုင်တဲ့အတွက် ကိုယ်တကယ်ခံစားနေရတာပါ...

ခုချိန် မျက်လုံးပြန်ကောင်းသွားရင် အလုပ်ကောင်းကောင်းလုပ်ပြီး 'ငြိမ်း' ကို တင့်တောင့်တင့်တယ် လက်ထပ်ယူမယ်... နတ်တွေသိကြားတွေ ကယ်ကြပါဗျာ... ကျွန်တော့်ချစ် သူကို ကျွန်တော်မြင်ချင်လို့ပါ... အတူနေချင်လို့ပါ"

တုန်ရီသောအသံများဖြင့် ပြောနေကြတာဖြစ်သဖြင့် 'မြင့်နီ' ရှက်ပြီး နားကိုပိတ်ထားလိုက်မိသည်။

ချက်ချင်းအော်ဟစ် ပစ်ချင်သော်လည်း လူရှင်းပြီဆိုပြီး အချစ်ဇာတ်ခင်းနေသော သူတို့၏ရုပ်မြင်သံကြားဇာတ်လမ်းကို မိမိသိနေပြီဖြစ်ကြောင်း သူတို့ပြန်သိသွားမှာကိုပင် မိမိက ပြန်ရှက်နေမိသည်။

ထို့ကြောင့် လာလမ်းအတိုင်း ပြန်ထွက်ခဲ့ပြီး စက်ဘီးဝင်ယူပြီးအထွက်...

" 'မမြင့်နီ' ကို ရှင်းပြချင်လို့"

"အို ဘာမှရှင်းပြမနေနဲ့... နားလည်းရှက်တယ် မျက်စေ့လည်းရှက်တယ်... ရှင်တို့ဒီကိုပြောင်းလာတာ ကျွန်မတို့မိသားစုအတွက်တော့ တကယ့်ကိုပြဿနာပဲ"

"အေးဗျာ ခင်ဗျားလိုအိမ်နီးချင်းမျိုးနဲ့ တွေ့ရမယ်မှန်းသိရင်လဲ ကျုပ်လည်းမပြောင်းခဲ့ပါဘူး… ကျုပ်တို့ပေးထားတဲ့ စဘော်လည်း အိမ်ရှင်ကပြန်ပေးဖို့ ရည်ရွယ်ချက်မရှိတော့ ဒီလိုပဲနေကြရမှာပဲ… အေးဗျ တစ်ခုတော့ရှိတယ်… ကျုပ်တို့ဒီအိမ်ကိုဝယ်လိုက်ရင်တော့ ခင်ဗျားတို့ ပြောင်းသွားလို့ရနိုင်တာပဲ… အိမ်ရှင်က ခင်ဗျားလိုချင်တဲ့ ငွေကိုပြန်အမ်းရင်ပေါ့လေ"

"အို ကြီးကျယ်လိုက်တဲ့စကား… ပါးစပ်နဲ့ဆန့်မယ့်စကားလဲပြောပါဦးနော်… သူများအိမ်ဘေး အဖီလာထိုးနေတဲ့ လူက ကြီးကြီး ကျယ်ကျယ် ပြောနေလိုက်တာ"

"ဩော် လူ့ကုသိုလ်ကံဆိုတာ မြင်ရတာမှမဟုတ်ဘဲ… သုံးလေးရက်နေရင် ထီဖွင့်တော့မှာပဲ… ထီပေါက်ရင် ခင်ဗျားလိုချင်တဲ့ သိန်းနှစ်ဆယ်ပေးလိုက်မယ်… ခင်ဗျားအခန်းကို ကျုပ်တို့ယူလိုက်မယ်"

"မနေ့တစ်နေ့ကမှ ရောက်လာတဲ့ ရှင်က ဒီနေရာဒီအိမ်ကိုမက်နေရင် မွေးကတည်းကနေလာတဲ့ ကျွန်မတို့က ပိုမက်မောမယ်ဆိုတာ နားမလည်ဘူးလား"

"ဒါဆိုလဲ ကောင်းကောင်းနေပေါ့ဗျာ… အားလုံးက အိမ်ငှားတွေကြီးပဲဟာ"





"အိမ်ငှားချင်တူပေမယ့် အဆင့်အတန်းချင်းမတူဘူး သိရဲ့လား ရှင်တို့ကိုလုံးဝ အထင်မကြီးဘူး သိရဲ့လား… ရှင်နဲ့ 'မမရီ' နဲ့ကိစ္စကိုလည်း ရပ်တန်းကရပ်ပါ"

"အဲ့ဒီကိစ္စ ခင်ဗျားထင်သလိုမဟုတ်ဘူး… ခင်ဗျားအထင်လွဲသွားလို့ 'မမြင့်ရီ' က လိုက်တောင်းပန်ခိုင်းလို့ ကျုပ်လိုက်လာတာ 'မမြင့်ရီ' ကို အိမ်မှာမပြောချင်တဲ့စကား လမ်းအထိလိုက်ပြောရတာ"

"ဘာစကားမို့လဲ"

"ဩော် ခင်ဗျားတို့ ညီမဝမ်းကွဲ 'ငြိမ်းအေး' ကို ထိန်းပေးဖို့လေ… ကျုပ်ညီ မမြင်မကန်းကို မြူစွယ်နေလို့"

"လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာ… ရှင် တစ်ဖက်သတ်မပြောနဲ့"

"ကျုပ်မှာလဲ လူမမယ်တူမလေးရှိပါတယ်ဗျာ… သူများ ကို အညွန့်ချိုးဖို့သက်သက် မပြောဝံ့ပါဘူး… ဝဋ်လည်မှာကြောက်ပါတယ်… အခုကိစ္စက ကျုပ်ကိုယ်တိုင်လည်းမြင် 'ဘိုရဲ' လည်းမြင်လို့ပါ… 'ချိုသဲ' ကိုတောင် အမြင်မတော်လို့ 'ချစ်စု' နားနေခိုင်းထားရတဲ့ အနေအထားမျိုးပါ"

ဖြစ်နိုင်ချေရှိသဖြင့်…

"ဟုတ်ပြီလေ... ကိုယ့်ခွေးက သူများခြံထဲဝင်တာကိုး... ဆုံးမရတော့မှာပေါ့"

"တစ်ခုတော့ရှိတာပေါ့ဗျာ... ကလေးလည်းမဟုတ် ခွေးလည်းမဟုတ်တော့ တိုးတိုးတိတ်တိတ်ပေါ့"

"မလိုပါဘူး... သူတောင်မရှက်လို့ ခွေးဇာတ်ခင်းနေတာပဲ"

"ဒီနေ့ရှိတယ်လေ... အနေကလဲနီးတယ်လေ... ပြီးတော့ ကျုပ် ညီ ဒုက္ခိတကလည်း အကူအညီလိုနေတတ်တော့ သူ့ခြေမြာကူညီရင်း ကြိုးချင်းထားကြိုးချင်းငြိ ဆိုတာမျိုး"

"အို မလိုချင်ဘူး... ဒီနေ့ပဲ ပြောင်းခိုင်းမယ်... ရှုပ်ရှုပ်ယှက်ယှက်တွေ အိမ်ပေါ်မထားဘူး"

"ကဲ ပြောမရလဲ သဘောဗျာ... ကျုပ်တော့နားရှက်လို့ ဒီညဆိုင်မှာပဲ အိပ်တော့မယ်... 'ဘိုရဲ' ကိုပဲ လွှတ်လိုက်တော့မယ်"

" ဟွန်း ကန်းနေလို့ပဲတော်တော့တယ်... သနားစရာကိုမကောင်းဘူး"

'အုံ့မောင်' အိမ်မပြန်သလို 'မြင့်နီ' လည်း စက်ဘီးတွန်းပြီး အလုပ်ရှင်ဆီပြန်ပါသည်။ ကလေးများရှေ့တွင် ထိုကိစ္စကို





မပြောချင်သဖြင့် နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် ပြောဖို့ဆုံးဖြတ်လိုက်ပါသည်။

## ၉

"အို ကိုယ့်အစ်မလည်း မဟုတ်ဘူး... ကိုယ့်အုပ်ထိန်းသူလည်းမဟုတ်ဘူး... ဘာမှလာဆုံးမနေစရာကို မလို ဘူး... ဒါ 'ငြိမ်း အေး' ရဲ့ကိုယ်ရေးကိုယ်တာပဲ"

"ငါတို့က ဒီလိုနေတာထိုင်တာ မကြိုက်ဘူးအေ... ညည်းဒီကပြောင်းတော့... ရော့ ညည်းကို ပြန်ပေးရမယ့်ပိုက်ဆံ"

"မပြောင်းနိုင်ပါဘူး"

"ဟင် မပြောင်းလို့ရမလား... ညည်းကို တစ်နှစ်လက်ခံ ချင်လောက်အောင်ကို သဒ္ဒါစရာမရှိတော့ဘူး... ညည်းအခုချက်





ချင်းပြောင်းပေးပါ"

"မပြောင်းဘူးဆိုရင်ရော"

"အောင်မာ လူပါးဝလှချည်လား... ရပ်ကွက်မှာသွားတိုင်မယ်"

"ရပ်ကွက်က ညီမဝမ်းကွဲလို့သိထားတာပဲ... စာချုပ်ထားတာလည်း မဟုတ်ဘူး... ဆင်းမပေးနိုင်ဘူး"

"ဟာ"

ဒေါ်သအိုးက နပမ်းလုံးပါတော့သည်။

"ဟဲ့ ဟဲ့ တော်ကြတော့... တော်ကြပါတော့... ငါတောင်းပန်ပါတယ်"

'မမြင့်ရီ' က ပေါင်ပေါ်၊ ဒူးပေါ်ဖြစ်နေသော 'မြင့်နီ' တို့ နှစ်ယောက်ကို တွန်းရင်းထိုးရင်း ဖြန်ဖြေနေပါသည်။

"ယောကျ်ားရေ... 'ဒေါ်အေးကွန့်' သာကြားရင် အံ့ဩပြီး ဝမ်းသာနေမှာပဲနော်"

"ဘာဖြစ်လို့လဲ"

"ဩော် အိမ်ရှင် 'ဒေါ်အေးကွန့်' ကို အိမ်ငှားအသစ်တင်ရပ့်မလားဆိုပြီး ကက်ကက်လန်ရန်ထောင်ခဲ့တာလေ... အိမ်ရှင်ကဖယ်ခိုင်းတော့လည်း ပမာမခန့်လုပ်ခဲ့တာလေ... အခု သူ

ဝင့်လည်ပြီပဲ တစ်ဆင့်ပြန်ငှားစားထားတာကလည်း တစ်ပြစ်"

"ကိုယ့်ကိစ္စတွေ ဝင်မပါနဲ့နော်... ပါးစပ်ပိတ်ထား... မင်းတို့ မိန်းမတွေကိုယ်တိုင်လည်း အနေအထိုင်မတတ်ပါဘူး... မင်းလည်း သိပ်တော့မထူးပါဘူး... ငါ ငုတ်တုတ်ရှိလျှက်နဲ့ 'ကိုအုံ့မောင်' ကို သာယာနေတာမဟုတ်လား... ငါက ဒုက္ခိတဆိုတော့ မင်းလင်မတော်ချင်တော့ဘူးမဟုတ်လား"

မျက်ရည်တွေဝဲလျှက်ပြောနေသော 'ကိုထွန်းကျော်' စကားကြောင့် 'အေးနွဲ့' က ခါးထောက်ပြီး...

"ရှင့်လိုလူမျိုးက 'ကိုသန်းအောင်' ရဲ့ မိန်းမမျိုးနဲ့ ပဲကိုက်တာ မျက်စေ့လည်းကွယ်ရော ပစ်ထားခဲ့ပြီး နောက်လင်နဲ့ပါသွားရော... ရှင်ဒုက္ခိတဖြစ်တာ လေးနှစ်ရှိပြီ... ရှင် ရေမချိုးရတဲ့ရက် ထမင်းမစားရတဲ့ရက်ရှိခဲ့ဘူးသလား... ဘာလုပ်စားရမှန်းမသိလို့ အနှိပ်သည်လုပ်ခဲ့ရတာ... မျိုးရိုးထဲမှာတောင် မရှိဘူးသိရဲ့လား... 'ကိုအုံ့မောင်' ကို ရောရတာဖားရတာက အရေးဆိုသူ့ကိုပဲအားကိုးရတာ... ကြားကြား လျှားလျှား သူပဲထွက်နေတာ... ကျွန်မသိက္ခာကို စော်ကားတဲ့အတွက် ရှင့်ကို စိတ်နာတယ်သိလား"

ငိုသံဖြင့်ပြောနေသော ဇနီးသည်၏လက်ကို ဆုပ်ကိုင်





ရင်း...

"စိတ်မဆိုးပါနဲ့ မိန်းမရယ်... မင်းပစ်သွားမှာစိုးလို့ပါ"

"ပူမနေနဲ့... မမြင်တဲ့အကန်းကိုတောင် ကြိုက်မယ့်လူရှိသေးတာ"

" 'မငြိမ်းအေး' အနေအထိုင် မတတ်တာတော့ အမှန်ပဲ... 'ကိုအုံ့မောင်' တောင် အိမ်မပြန်ဝံ့တာ ကြည့်တော့... သူ့ယောကျ်ားနှိပ်စက်လို့ ထွက်ပြေးလာတယ်လဲပြောသေး ကိုယ့်ယောကျ်ားနဲ့ပြတ်ပြတ်သားသားမဖြစ်သေးဘဲ မကွာရှင်းသေးဘဲ ခုလိုရှုပ်တာတော့ ဘယ်ကောင်းမလဲ... မဟုတ်မှလွဲရော ဒီမိန်းမ အမှုအခင်းဖြစ်ပြီး လာပုန်းနေတာများလား... 'မမြင့်ရီ' တို့တော့ ဒီမိန်းမကိုလက်ခံလိုက်တာ မှားပြီထင်တယ်"

"ကောင်းတယ်... သိပ်စွာတဲ့ဟာတွေ သူတို့ကိုပြန်နှိပ်ကွပ်တဲ့သူနဲ့တွေ့မှမှတ်မှာ"

'ဒေါ်ငြိမ်းအေး' အကြောင်းတွေ 'ခင်လေး' နားထဲ ပြန်ရောက်ချိန်တွင် 'ခင်လေး' တို့အိမ်ထဲတွင် မနေစေချင်တော့ပါ။

မိမိတို့ အိမ်ခန်းထဲတွင်နေပြီး တစ်ချိန်လုံး မိမိတို့မိသားစု မကောင်းကြောင်းကိုသာ ပြောနေတတ်သူ။

တစ်ခန်းတည်းနေသူများနှင့် တည့်အောင်မနေဘဲ အပေးအယူမလုပ်ဘဲ ဘေးနှစ်ခန်းကိုသာ ကျွေးပေးနေတတ်သည်။ အထင်ကြီးနေတတ်သည်။ မိမိတို့ကို ကျောင်းထားပေးတာကို





ပင် အတင်းပြောမှန်းသိပါသည်။

ဘာပြောပြော ကိုယ့်အဒေါ်တွေကို အိမ်လခပေးနေသ ဖြင့် သည်းခံပြီးနေခဲ့ပါသည်။

ခုတော့ အဒေါ်တွေကို မထီလေးစားလုပ်လွန်းသဖြင့် 'ခင်လေး' ခံရခက်နေပါသည်။ ဤမိန်းမ၊ ဤအိမ်၊ ဤပတ်ဝန်းကျင်မှ အမြန်ဆုံးထွက်သွားစေချင်ပါသည်။

"ဟဲ့ 'ခင်လေး' ဒီတစ်ခါ စာပြန်ထည့်ထားတာ နှစ်လလောက်ရှိနေပြီ... ပြန်စာမလာသေးပါလား... ညည်းများယူထားသလား"

မယုံသင်္ကာလိုအမေးကြောင့် 'ခင်လေး' စိတ်တိုသွားပါသည်။

ပထမဆုံးစာထည့်တုန်းက ပြန်စာကို တစ်လမပြည့်ခင်ရသဖြင့် 'ခင်လေး' ကို မုန့်ဘိုးတစ်ရာပေးခဲ့သည်။ ငါးဆယ်ကိုသာလက်ခံပြီး ထိုငါးဆယ်ကိုလည်း သူငယ်ချင်းကိုသာပေးလိုက်ပါသည်။ ဒီတစ်ခါ စာလာလျှင် မပေးတော့ဟု ဆုံးဖြတ်ထားပြီးသားပါ။ ဒါကို 'ဒေါ်ငြိမ်း အေး' ကလည်း ရိပ်မိပုံရ သည်။

အရေးကြီးတော့ သွေးနီးရမည်လေ။ ကိုယ့်ကြီးဒေါ် တွေက မိခင်အရင်းလို စောင့်ရှောက်ခဲ့တာ၊ ရှာကျွေးခဲ့တာ။

နောက်တစ်နေ့ ကျောင်းအသွား...

" 'ကိုသန့်' ရေ... 'ခင်လေး' သူငယ်ချင်းအိမ် ဝင်လိုက်ဦးမယ်နော် သွားနှင့်တော့"

"နင် အဲ့ဒီကောင်မလေးနဲ့ အခုတလေအရမ်းတွဲနေပါလား... သူ့အဖေက အရက်သိပ်သောက်တာ... သူ့အမေကလည်း အိမ်မှာ အမြဲတမ်းရှိတာမဟုတ်ဘူး... အိမ်တကာလည်ပြီး အတင်းလဲပြောတတ် ဖဲလဲရိုက်တတ်တယ်တဲ့... မသွားနဲ့တော့"

"ဟုတ်လား... ဒီတစ်ခါတည်းပါ... 'ခင်လေး' စာအုပ်ကိုငှားထားပြီး မေ့ကျန်ခဲ့တယ်ပြောလွန်းလို့ သူ့အိမ်မှာဝင်ယူမ လို့"

"ဒါဆိုလဲ သွားယူလေ... ငါ ဒီကစောင့်နေမယ်"

'ကိုသန့်' ပြောတာမှန်လှပါသည်။ သူငယ်ချင်းအဖေက အရက်နံ့တထောင်းထောင်းနှင့် တံခါးလာဖွင့်ပေးသလို 'ခင် လေး' ၏ ခေါင်းကိုပုတ်ပြီး ပါးဖောင်းဖောင်းကို လိမ်ဆွဲပြီး တင်ပါးကိုဖျတ်ကနဲရိုက်သွားလိုက်သေးသည်။ ဒီအိမ်ကိုနောက်ထပ်လာဖို့ စိတ်ကူးမရှိတော့ပါ။

"ဟော 'ခင်မျိုးလှ' ပါလား"





"အေး 'အန်တီငြိမ်း' က စာမရောက်တာကြာလို့တဲ့"

" 'အန်တီငြိမ်း' ကိုပြောပေးစမ်းပါ... တစ်စောင်ကိုငါး ဆယ်ပေးတာနည်းတယ်လို့"

"ဟင်"

"ဟုတ်တယ်လေ... ငါတို့ဆက်သွယ်မပေးရင် သူ့မိသားစုနဲ့ သူဘယ်လိုဆက်သွယ်မှာတဲ့လဲ... သူ့ယောကျ်ားရော သူ့သမီးတွေ ကောအရမ်းချမ်းသာတာ... သူ့သုံးဖို့ ပိုက်ဆံငါးသိန်းတောင်တောင်းထားတာ... သူ့သမီးတစ်ယောက် နောက်လဆိုငွေငါးသိန်းလာပို့ပေးမှာဟ... ငါတို့အိမ်လိပ်စာနဲ့ လာစုံစမ်းခိုင်းထားတာ... တစ်မြို့နဲ့ တစ်မြို့လိပ်စာ တိတိကျကျမရှိရင် ဆက်သွယ်ရတာလွယ်တာမဟုတ်ဘူး... ငါးထောင်ပေးရမယ်လို့ပြောလိုက်"

"ဟယ် နင်ကလည်း... အဲသလောက်အများကြီးပေးပါ့မလား ပြီးတော့ ငါတို့အဒေါ်တွေကို စော်ကားလို့ငါဖြင့် သူ့ကိုတောင်မကူညီချင်တော့ဘူး... နင် ခုဏကပြောတဲ့အတိုင်းဆိုရင် သူ့စာကို နင် ဖောက်ဖတ်ထားတာပေါ့"

"ခရီးဝေးကလာရတော့ စာအိတ်ကပွင့်နေတယ်လေ... ငါ့အိမ်ကလည်း ငါ့နာမည်လာတာဆိုတော့ အံ့သြပြီးမယုံကြည်

သလိုနဲ့ ဖွင့်ဖတ်ကြတာ”

“ဒါဆို ဒုတိယစာရဲ့ ပြန်စာ နင့်ဆီမှာရောက်နေပြီပေါ့”

“တစ်ပတ်လောက်ရှိပြီ”

“ဘာလို့ငါ့ကို မပြောတာလဲ”

‘ခင်လေး’ က ဒေါကန်သလိုပြောခြင်းဖြစ်သည်။

“နင်ပေးတဲ့ပိုက်ဆံက အရမ်းနည်းလို့... ‘ဒေါ်ငြိမ်းအေး’ နဲ့ ကိုယ်တိုင်တွေ့ပြီး ဆွေးနွေးမလို့... နင်တို့အိမ်ကိုလာတိုင်း မရှိဘူးကြီးပြောလွှတ်နေလို့ အဖေကတောင် ရပ်ကွက်လူကြီးနဲ့ စုံစမ်းမယ်လုပ်နေတာ... တကယ်လို့ ‘ဒေါ်ငြိမ်းအေး’ မိသားစု လိုက်လာရင် ဆက်သွယ်ပေးဖို့ နေရာအတိအကျ သိထားဖို့လို တယ်လေ”

“ ‘ဒေါ်ငြိမ်းအေး’ ပြောတာကကျတော့ သူနေတဲ့နေရာကို သူ့ မိသားစုကိုတောင် မသိစေချင်ဘူးလို့ပြောတာပဲ... တအား ရှုပ်တဲ့မိန်းမကြီးပဲ... ငါ့ကြီးဒေါ်တွေက သူ့ကိုမထားချင်တော့ လို့မောင်းထုတ်နေတာတောင် မဆင်းဘူးလေ”

“နင်တို့အိမ်မှာမထားချင်ရင် ငါတို့အိမ်မှာနေမလား လို့မေးလိုက်”

‘ဒေါ်ငြိမ်းအေး’ ထံမှ ငွေထုတ်ကိုမြင်သဖြင့် အတင်းခင်





ချင်၊ အတင်းခေါ်ချင်နေမှန်းသိပါသည်။

“ငါ မေးပေးမယ်... စာတစ်စောင်ငါးထောင်ကိစ္စရော”

“အေး ကောင်းပြီ... အစဉ်ပြေရင် နင့်ကိုတစ်ထောင်ပေး မယ်”

“အို မယူချင်ပါဘူး... တစ်ပြားမှကို မယူချင်ဘူး”

မိမိတို့အိမ်ပေါ်ကနေ ဒီမိန်းမကြီး မြန်မြန်ဆင်းသွားရင် ပြီးတာပါပဲ။

အစ်ကိုဖြစ်သူစောင့်နေသဖြင့် ကျောင်းဝင်းထဲအထိဟန် မပျက်လိုက်ခဲ့ရသော်လည်း စိတ်ကတော့ 'ကိုရဲ' ထံ ချက်ချင်းရောက်ချင်နေပါသည်။

ထို့ကြောင့်လွယ်အိတ်ကို စာသင်ခုံထဲထည့်ပြီး ချက်ချင်း ပြန်ထွက်ခဲ့သည်။

"အဘ 'ကိုရဲ' ရော"

"ဟော ကောင်မလေး... နင် ကျောင်းမတက်ဘူးလား"

"တက်မှာ... ခဏထွက်လာတာ"





" 'ဘိုရဲ' မြို့ထဲသွားပြီလေ... အရေးကြီးလို့လား ဖုန်းခေါ်လို့ရတယ်"

"ဟင်... အင်း ဟုတ်ကဲ့ရှင့်"

'ဦးအုံမောင်' က တစ်ခန်းကျော်ရှိ ဝေးဝေးနီးနီးပေးပြောသည့် တယ်လီဖုန်းခုံဆီသို့ခေါ်လာပြီး ခေါ်ပေးပါသည်။

" 'ကိုရဲ' လား... 'ခင်လေး' ပါ... ဆွေးနွေးစရာလေးရှိလို့"

"ပြောလေ ပြော ပြော"

"ဟာ တယ်လီဖုန်းနဲ့ပြောလို့မကောင်းဘူး... ခဏလာခဲ့လို့ မရဘူးလား"

"ရပါတယ်... နင်က ကျောင်းတက်ရမှာမဟုတ်လား... ငါလာတာစောင့်ရင် ကျောင်းနောက်ကျလို့ ပြဿနာတက်နေဦးမယ်... ညနေကျရင် အိမ်ကိုလာခဲ့မယ်လေ... အဲ့ဒီအချိန်အထိတော့ စောင့်လို့ရတယ်မဟုတ်လား"

"အင်း အင်း စောင့်လိုက်မယ်လေ... ကျောင်းကဆင်းလာတာနဲ့ 'ခင်လေး' အိမ်သာဘက်ကို ထွက်လာခဲ့မယ်... ကြို စောင့်နေလေ"

"ဟုတ်ပြီ ဟုတ်ပြီ"

'ခင်လေး' ကျောင်းဝကိုရောက်တော့ လန့်သွားသည်။

'ကိုမျိုးသန့်' လက်ပိုက်ပြီးကြည့်နေသောကြောင့်။

"နင် ဘယ်သွားနေတာလဲ"

"ဟို ဟို အိမ်ခဏပြန်ပြီး ဗိုက်အောင့်လို့ဆေးသွားသောက်တာ"

"အေး အိမ်ပြန်ရောက်လို့မဟုတ်ရင် နင်သေပြီသာမှတ်"

"အိမ်ကိုမရောက်ခဲ့ဘူး... ကျောင်းအရှေ့မှာ ကျူရှင်ကန္တာနဲ့ဈေးထဲက 'အဘဦးအုံမောင်' ဆီမှာပဲဆေးဝယ်သောက်လိုက်တယ်"

"နင့်စကားတွေက ချက်ချင်း ကလီကကမာဖြစ်နေပါလား... အပျိုတောင်မဖြစ်သေးဘူး နင် အတော်ရှုပ်နေပါလား"

"ဟို 'ကိုသန့်' က 'ခင်လေး' မရှိတာဘယ်လိုလုပ်ပြီးသိတာလဲ 'ခင်လေး' ကျောင်းတက်အမီ ပြန်လာမှာပေါ့"

" 'မြနှင်း' က လွယ်အိတ်ပဲတွေ့ပြီး လူမတွေ့ဘူးဆိုပြီး လိုက်ရှာနေတာ... ကဲ ကဲ ကိုယ့်အတန်းကိုယ်သွားတော့"

'ခင်လေး' ထူထူပူပူဖြစ်ပြီး ကျောင်းစာထဲ စိတ်မဝင်စားနိုင်တော့ပါ။

သိပ်ရှုပ်သိပ်လည်သော 'ဒေါ်ငြိမ်းအေး' အကြောင်း။





ပြီးတော့ ငယ်ငယ်လေးနှင့် ဖျံကျတတ်သော 'မြနှင်း' အကြောင်း။

ညနေကျောင်းဆင်းသည်နှင့် 'ခင်လေး' စိတ်က အိမ်သာဆီကို သာရောက်နှင့်နေသည်။

"ဟင် 'ကိုသန့်' ဒီနေ့ ဘောလုံးမကန်တော့ဘူးလား"

ခါတိုင်းလမ်းထိပ်အရောက်တွင် မိမိကိုလွယ်အိတ်နှင့် ကျောင်းဝတ်စုံချွတ်ပေးလိုက်ပြီး ဘောလုံးကန်နေကြ။

"နင့်အကြောင်းသွားတိုင်မလို့... ဒီနေ့မကစားတော့ဘူး"

"သူများကို ဘေးလူတွေဝမ်းသာအောင် အရိုက်ခံစေချင်တယ် ဆိုရင်လဲတိုင်ပေါ့... ဗိုက်နာလို့ ဆေးသောက်တာပဲဟာ... 'ဘဘဦးအုံမောင်' ကလည်း ကိုယ့်အိမ်နီးချင်းပဲဟာ"

"နင် တစ်ခုခုရှုပ်ကိုရှုပ်နေတယ်... 'မြနှင်း' တို့အိမ်သွားတာကိုလည်း ငါမကြိုက်ဘူး"

"နောက်မသွားတော့ပါဘူး... 'ကိုသန့်' သွားတိုင်ရင် 'မေရီ' တို့ကဆူမှာရိုက်မှာပေါ့လို့... အိမ်ငှားတွေထဲမှာ 'ခင်လေး' အခန်းကကြီးပဲပြဿနာဖြစ်နေတာ သိပ်ရှက်စရာကောင်းတာပဲ"

ငိုသံဖြင့်ပြောနေသဖြင့်...

"အေး ဒီတစ်ခါတော့ သည်းခံလိုက်မယ်... နောက်တစ်ခါဇာတ်ထုပ်ရှုပ်ရင်တော့ တိုင်မှာပဲ... ကဲ ရော့ ဒါတွေယူသွားတော့"

သည်တော့မှ 'ခင်လေး' ရင်ထဲက အလုံးကြီးကျသွားပါတော့သည်။

ခါတိုင်းကျောင်းကပြန်လာလျှင် အိမ်သာတက်နေကြဖြစ်၍ ကြီးဒေါ်က သူလုပ်လက်စအလုပ်ဆက်လုပ်နေသော်လည်း 'ခင်လေး' နောက် တကောက်ကောက်လိုက်လာသူက 'ဒေါ်ငြိမ်းအေး'။

"ဟင် 'ခင်လေး' အိမ်သာတက်မလို့"

"အေးပါ... စာအကြောင်းသိချင်လို့ပါ"

"ပြောပြမယ်လေ... ရေချိုးခန်းထဲကျမှ ပြောမယ်လေ"

"အေး အေး"

မိမိတို့အိမ်သာသော့ကိုဖွင့်ပြီး လှစ်ကနဲ 'ဘိုရဲ' တို့ရေချိုးခန်း အိမ်သာဘက်သို့ကူးခဲ့ပါသည်။

ဤအိမ်နောက်ဘက်ခြမ်းကို 'မေရီ' တို့ လှမ်းမမြင်နိုင်ပါ။ ရေတွင်းကိုကာရံထားသောကြောင့်ဖြစ်သည်။

'ဒေါ်ငြိမ်းအေး' ၏ စာကိစ္စကိုသိရတော့ 'ဘိုရဲ' အံ့သြ





သွားသည်။

"နင်လည်း အေးသလိုလိုနဲ့ အတော်ရှုပ်ပါလား 'ခင် လေး' ရာ အိမ်ကလူကြီးတွေကို ဖွင့်ပြောပြလိုက်တော့... ဘာမှဖုံးကွယ်ထားစရာ မလိုဘူး... ဒီမိန်းမကြီးမရှိရင် အကောင်းဆုံးပဲ... ဘာမှအားနာနေ စရာမလိုဘူး... ငွေသိပ်မက်ပြီး ကလိန်ကကျစ်နိုင်တဲ့ 'မြနှင်း' ကိုလဲ ဆက်ပေါင်းမနေနဲ့... သူတို့ကိစ္စသူတို့ ရှင်းပစေ... ဘာမှကြောက် နေစရာမလိုဘူး ကြားလား"

"အင်း အင်း"

'ခင်လေး' ကိုချောင်းနေသော 'ဒေါ်ငြိမ်းအေး' က 'ဘိုရဲ' တို့ ရေချိုးခန်းထဲကထွက်ပြီး အိမ်သာသော့ပြန်ခတ်နေတာကို တွေ့တော့ အံ့အားသင့်ပြီးကြည့်နေသည်။

ခပ်စောစောတုန်းက 'ဘိုရဲ' အိမ်ပြန်လာတာကိုလည်း မိမိတွေ့လိုက်ရသည်။

ရိုးမှရိုးကြရဲ့လားဆိုသည့်သဘောနှင့်။ 'ဘိုရဲ' အိမ်သာထဲက ထွက်လာမည့်အချိန်ကို စောင့်ဖို့ 'ချစ်စု' တို့အိမ်ဘေးဘက်တွင် ရပ်ကြည့်နေတာကို 'ခင်လေး' မြင်လိုက်ရသည်။

ရေချိုးခန်းထဲရောက်သည်နှင့်...

" 'ဘိုရဲ' နဲ့ညည်း ဒီလိုပဲချိန်းတွေ့နေကြလား"

ထိုစကားကို ရေချိုးဖို့ရောက်လာသော 'မျိုးသန့်' ကောင်းစွာကြားလိုက်ရသဖြင့် ကြီးဒေါ်ကို သွားတိုင်တော့သည်။

" 'ခင်လေး'... အခုချက်ချင်း လာခဲ့စမ်း"

'ဒေါ်မြင့်ရီ' အသံကကျယ်လောင် ခက်ထန်နေပါသည်။

'ခင်လေး' အပေါ်ကို ထိုအသံ၊ ထိုဟန်ပန်မျိုးတစ်ခါမှ မဆက်ဆံဘူးပါ။ အတတ်နိုင်ဆုံး မဆူမိ၊ မရိုက်မိအောင် နေစမြဲ။

"ညည်းနဲ့ 'ဘိုရဲ' ကျောင်းပြေးပြီးချိန်းကြတယ်ဆို... ညည်းအရွယ်က ရည်းစားထားရမယ့်အရွယ်လား... နို့နံ့တောင်စင်သေးတာမဟုတ်ဘူး... ၁၂ နှစ်တောင် ပြည့်သေးတာမဟုတ်ဘူးကောင်မရဲ့ ကဲ ကဲ နန့်ဦး... ရှဦး"

"အီး ဟီး ဟီး"

တစ်ခါမှအရိုက်မခံခဲ့ဖူးသည် 'ခင်လေး' ခမြာ ကြက်မွေးဖြင့် သုံးလေးချက်အရိုက်ခံလိုက်ရသဖြင့် ငိုၡမဆုံးတော့။

'ခင်လေး' တစ်ယောက် အထင်လွဲခံနေရရှာကြောင်း၊ အနှိပ်စက်ခံနေရကြောင်း သိနေကြားနေရသော 'ဘိုရဲ' လုံးဝငြိမ်မနေနိုင်တော့ပါ။





" 'ဒေါ်လေးရီ' သေသေချာချာဘာမှမသိဘဲ 'ခင်လေး' ကိုမရိုက်ပါနဲ့ဗျ... 'ဒေါ်လေးရီ' တို့ထင်တာ တစ်ခုမှမဟုတ်ဘူး"

မီးဖိုချောင်ထဲဝင်လာသော 'ဘိုရဲ' ကို 'မျိုးသန့်' တွန်းလွှတ်ရင်း...

"ဟော့ကောင် မင်းနဲ့ဘာဆိုင်သလဲ... ဘာကိစ္စငါ့တို့အိမ်ထဲဝင်လာရတာလဲ... ထွက်သွားစမ်း"

"နေဦး... ခေါ်လိုက်ဦး... ပွင့်ပွင့်လင်းလင်းပဲ ရှင်းလိုက်ကြရအောင်... ပြန်ခေါ်လိုက်စမ်း"

'ဒေါ်မြင့်ရီ' ခေါ်သံကြောင့် 'ဘိုရဲ' ရင်ကော့ပြီး ပြန်ဝင်လာခဲ့ပါသည်။

"ဟောဒီမှာ 'ငြိမ်းအေး' က မင်းနဲ့ 'ခင်လေး' အိမ်သာမှာချိန်းတယ်လို့စွပ်စွဲနေတယ်... မျက်မြင်သက်သေရှိနေတယ် လေ... ဘာ ငြင်းချင်သေးလဲ"

'ဘိုရဲ' က လက်သီးနှစ်ဖက် ကျစ်နေအောင်ဆုပ်ရင်း...

"ဟုတ်တယ်ဗျ... 'ခင်လေး' က တိုင်ပင်စရာရှိလို့ခေါ်ထားတာ"

"ကြီးကျယ်လို့ကွာ... မင်းက ဘယ်လောက်များတော်နေ

လို့လဲ… ဟုတ်သလား 'ခင်လေး'… နင့်မှာတိုင်ပင်စရာ အိမ်သားတွေ မရှိတော့ဘူးလား… မနက်က 'မြနှင်း' တို့အိမ်ဝင်တာ ဒီ့ကောင်ကို ချိန်းချင်လို့မဟုတ်လား"

'ဘိုရဲ' သည်းမခံနိုင်တော့သဖြင့်…

"ကဲ 'ခင်လေး'… ဟိုကိစ္စကိုပြောပြလိုက်တော့လေ"

'ဒေါ်ငြိမ်းအေး' ၏ စာပေးစာယူကိစ္စကို ဖွင့်ပြောပြတော့လည်း အစ်ကိုနှင့်ကြီးဒေါ်က ရှုပ်ရှုပ်ယှက်ယှက်လုပ်ရပါ့မလားဟုဆိုကာ ထုကြရိုက်ကြပြန်သည်။

"နင့်ကိုရိုးအေးလှပြီထင်တာ… ကုပ်ကမြင်းဖြစ်နေတာကိုး… ဘာသဘောနဲ့ သူခိုင်းတာကိုလုပ်ခဲ့တာလဲ"

"သူ့ဆီက အိမ်ငှားခဆက်ရစေချင်လို့ပါ"

"ကဲ အခု တစ်ပြားမှမပေးဘဲနေမယ် ပြောနေပြီလေ… ဒီလောက် ယုတ်တဲ့မိန်းမကို ညည်းဆက်ထားချင်သေးလို့လား"

"ထားစရာလဲမလိုတော့ပါဘူး… 'မြနှင်း' က သူ့လိပ်စာနဲ့ ဆက်သွယ်ထားလို့ စာပို့ကငါးဆယ်ပဲပေးတာ မကျေနပ်ဘူးတဲ့… ငါးထောင်ပေးရမယ်တဲ့… သူတို့အိမ်မှာလာနေရင် လည်းရတယ်တဲ့"

'ငြိမ်းအေး' က ချက်ချင်း အထုပ်အပိုးထပြင်ပြီး…





"ဒီမှာလာနေတာ လူအဝင်အထွက်ရှင်းပြီး လုံခြုံမယ်ထင်လို့သိရဲ့လား… စာအဆက်အသွယ်လုပ်လိုက်တာနဲ့ ရှုပ်ကုန်တာပဲ… ကိုယ့်ဖါသာဖုန်းဆက်ပြောလည်း ရပါတယ်နော်… အပြင်ထွက်ရင် လူမြင်မှာစိုးလို့မထွက်ဘဲ ညည်းတို့ကို အကူအညီတောင်းမိတာ… တစ်ခါတည်း ငွေညှစ်တဲ့လူနဲ့တိုးတော့တာပဲ… ကောင်မလေးရဲ့အကြံ ဉာဏ်မဟုတ်နိုင်ဘူး… ပေးတဲ့စာရော လာတဲ့စာရောဖောက်ဖတ်ပြီး အကျင့်ယုတ်ကြတာ… သွားမယ် ခုချက်ချင်းသွားမယ်… 'ငြိမ်းအေး' ကို လူလည်ကျလို့ဘယ်ရမလဲ"

ပစ္စည်းထုပ်တွေဆွဲ၍ ချက်ချင်းဆင်းနေသဖြင့်…

"အို ဒီအတိုင်းထွက်သွားလို့ဘယ်ရမလဲ… ရပ်ကွက်လူကြီး အသိသက်သေတွေရှေ့မှာ လက်မှတ်ထိုးပြီးထွက်ပါ"

"အိမ်ပေါ်တင်တုန်းက ဘယ်သူတွေကိုသက်သေခေါ်လို့လဲ… အပိုတွေလုပ်မနေနဲ့… ဟိုး ဟိုး ကားဆရာ ဟိုး"

အိမ်ရှေ့ကိုတစ်နေ့နေ၍မှ လေးဘီးတစ်စီးနှစ်စီးသာဖြတ်မောင်းတတ်သော်လည်း 'မငြိမ်းအေး' တစ်ယောက် ကံကောင်းချင်တော့ ခါလီမောင်းလာသော လေးဘီးနှင့်တိုးပြီး အူရားဖားရားလိုက်သွားတော့သည်။

'ဒေါ်မြင့်ရီ' ရင်ထဲ ကြိတ်ဝမ်းသာနေပါသည်။

'ငြိမ်းအေး' ၏ အိမ်လခလေးလစာ ပေးစရာမလိုတော့။ ပြာယီပြာယာထွက်သွားသဖြင့် သူမ၏အကောင်းစား မုန့်တို့ ခွက်တို့ ရေပုံးတို့ကျန်ရစ်ခဲ့ပါသည်။

"ကဲ ကဲ ဖြိုးပြက်မွှေတဲ့မိန်းမလည်း သူ့စရိတ်နဲ့သူသွားပြီ... မင်းလည်း ကိုယ့်ကိစ္စမဟုတ်ဘဲ နောက်ကိုဝင်မပါနဲ့... 'ခင် လေး' ကလာဆက်သွယ်ရင်လည်း လက်မခံနဲ့... ငါတို့က ယောက်ျားလေးတွေနဲ့ ဒွေးရောယှက်တင်နေတာ မကြိုက် ဘူး... 'မြင့်နီ' သိရင်မိုးမီးလောင်မှာ... 'ကိုသန့်' ကလည်း 'မေ နီ' လာရင် ဒီကိစ္စထဲဝင်မပါနဲ့... ငါ့ဖါသာ ကြည့်ရှင်းမယ်ကြား လား"

"အင်းပါ"

'ခင်လေး' ကတော့ သတိရတိုင်း တအိအိရှိုက်ငိုနေပါ သည်။

"ဟဲ့ ညည်းက ဘာဖြစ်လို့ ခဏခဏငိုနေတာလဲ... ဘာလဲ 'ငြိမ်းအေး' ပြောင်းသွားတာ စိတ်မကောင်းဖြစ်လို့လား... ဟိုဘက်က ကောင်လေးကို ပြောတာမကြိုက်လို့လား... ညည်း 'မေနီ' ရုတ်တရက် ပြန်ရောက်လာရင် ညည်း ထပ်အရိုက်ခံရမှာ





နော်... မျက်ရည်ထပ်မကျနဲ့တော့"

'ခင်လေး' စိုးရိမ်ပါသည်။

'မေရီ' စကားတွေကြောင့် 'ခင်လေး' ကို 'ကိုရဲ' မခေါ် မပြောမဆက်သွယ်တော့မှာကိုပေါ့။

## ၁၀

'ခင်လေး' ကိုယ်တွေ့ပူပြီး အဖျားကြီးသဖြင့် ကျောင်းခွင့်ယူလိုက်သည်။

'ဒေါ်မြင့်ရီ' က တူမ၏နဖူးပေါ်ရေခဲဝတ်အုပ်ရင်း တရှုံ့ရှုံ့ငိုနေပါသည်။ တတွတ်တွတ်ပြောနေပါသည်။

" 'မေရီ့' ကိုခွင့်လွှတ်နော်... တစ်သက်နဲ့တစ်ကိုယ် ရိုက်ဖို့ဝေးလို့ ခပ်မာမာတောင် အော်ခဲ့ဖူးတာမဟုတ်ဘူး... ဟိုမိန်းမရှုပ်မွှေလို့ဖြစ်ရတာ... စနေဖြစ်ဖြစ် တနင်္ဂနွေဖြစ်ဖြစ် အိမ်မှာဘုန်းကြီးငါးပါး မတတ်နိုင်ရင်တောင် သုံးပါးလောက်ပင့်ပြီး





အန္တရာယ်ကင်းဆွမ်းကျွေးမှထင်တယ်... 'မေရီ' ကို စိတ်မဆိုးနဲ့နော်... နောက်ကိုဆူလည်းမဆူတော့ဘူး... ရိုက်လည်းမရိုက်တော့ဘူး သမီးလေးစိတ်ချမ်းသာအောင် နေနော်"

ကိုယ်ပူပြီးဖျားတာလေးကို ပုံကြီးချဲ့နေသော ကြီးဒေါ်၏အဖြစ်သည်းမှုကို 'မျိုးသန့်' ပင် အမြင်ကတ်ပြီး ကျောင်းစောစောထွက်သွားခဲ့သည်။

'ခင်လေး' အဆူအပူလွတ်အောင် 'ဘိုရဲ' ညဘက်ဆိုင်မှာသွားအိပ်သည်။ ဘကြီးကို အိမ်ပြန်အိပ်ခိုင်းသည်။

ထို့ကြောင့် 'ခင်လေး' ဖျားတာကို 'အံ့မောင်' သိသည်။

"ကလေးကို ဆေးခန်းမပြဘူးလားဗျို့"

'မြင့်ရီ' ကြားပါသည်။ သို့သော် ဘယ်ကလေးကိုပြောမှန်းမသိ သူ့တူမကိုပြောတာလား။

" 'မမြင့်ရီ' "

"ရှင်..."

"ကျုပ်ဆေးခန်းပို့ပေးရမလား... ဆိုင်မသွားခင်ပို့ပေးမယ်"

"ဆေးတိုက်ထားပြီးပြီ...ညနေမသက်သာရင်တော့ ပြမှာပါ"

"အချိန်ဆွဲနေရသေးတယ်... အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက်ချင်တယ်ထင်တယ်... ပိုက်ဆံလိုလား... ကျုပ်ချေးမယ်"

"အို ရှင့်ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့လေ... ကိုယ်နည်းနည်းပူတာတစ်ခုပါပဲ"

"ကဲ နေ့ခင်းဘက် ခိုင်းစရာလူတစ်ယောက်မှ မရှိတဲ့အချိန်ကျမှ အဖျားကြီးလာရင်ကော... ကျုပ်ဆိုင်ရောက်ရင် 'ဘိုရဲ' ကို ပြန်လွှတ်ပေးလိုက်မယ်... သူ့အဖေအတွက် ချက်ပြုတ် ရင်းစောင့်ရှောက်ရင်း ခင်ဗျား ခိုင်းစရာရှိတာခိုင်းပေါ့"

"အို ကျွန်မတို့အတွက်ဆိုရင်တော့ မလိုဘူး... မလွှတ်နဲ့"

"ကျုပ် ညီအတွက်ကတော့ လွှတ်ရဦးမှာပဲ"

'ကိုအုံ့မောင်' က လွယ်အိတ်အကြီးကြီးလွယ်၊ တစ်ဖက်ကလဲ စာအုပ်အပြည့်ထည့်ထားသော ကြိမ်ခြင်းကြီးကိုဆွဲ၍ ခြံတံခါးကိုဖွင့်ထွက်ပြီး ပြန်ပိတ်နေချိန်တွင်...

"ဒီမှာနောင်ကြီး... ဒီအိမ်မှာ 'ဘိုမ' ဆိုတာများ မရှိဘူးလား"

အသားမည်းမည်း၊ ဗလတောင့်တောင့် လူတစ်ယောက်ကမေးခြင်းဖြစ်သည်။

အသားမည်းသော်လည်း နှာတံပေါ်ပြီး မျက်ခုံးထူသည်။





မျက်လုံးပြူးသည်။ ကြည့်၍တော့ကောင်းသည်။ သူ့နဖူးတွင်ဓါးခုတ်ရာတစ်ခု၊ လက်ဖျံတွင် ဒဏ်ရာကြီး ကြီးတစ်ခုကို မြင်နေရသည်။

" 'ဘိုမ' တော့မရှိဘူး... ဘိုနာမည်နဲ့တူတာဆိုလို့ ကျုပ်တူ 'ဘိုရဲ' ဆိုတာတော့မရှိဘူး... သူလည်း လောလောဆယ်အိမ်မှာမရှိဘူး"

" 'ဘိုမ' နာမည်နဲ့မရှိရင်တောင် ဒီခြံမှာခဏလာနေတဲ့ အမျိုးသမီးချည့်သည်တစ်ယောက်ရှိတယ်လို့ ဒီနားကအိမ်တွေကပြောလိုက်တယ်... နေဦးဗျာ ကျုပ်မှာဓါတ်ပုံပါတယ်"

အိတ်ကပ်ထဲမှ ဓါတ်ပုံကိုထုတ်ပြသောအခါ 'မငြိမ်းအေး' ပုံဖြစ်နေသဖြင့်...

"သြော် 'မငြိမ်းအေး' ကိုပြောတာလား... ဟုတ်တယ်... သူဒီမှာ ခဏလာနေတယ်... မနေ့ကပဲ ပြောင်းသွားတယ်လို့ပြောတာပဲ ကျုပ်က ဒီအိမ်ကို တစ်ခါတလေမှ လာတာ"

"ဘယ်ပြောင်းသွားလဲ မသိဘူးလား"

"မပြောတတ်ဘူး... သူ့ကိုအိမ်ရှင်တွေက မောင်းထုတ်နေတာတော့ကြာပြီ"

"ကျုပ်အိမ်ရှင်နဲ့ စကားပြောချင်တယ်ဗျာ"

ထိုလူ့ပုံစံက ခက်ထန်လာသဖြင့် 'မမြင့်ရီ' တို့တစ်စုံတစ်ခုဖြစ်လျှင် ကူညီကာကွယ်နိုင်ရန် 'ကိုအုံ့မောင်' ပါ ခြံထဲပြန်ဝင်လာခဲ့သည်။

"ခင်ဗျားနဲ့ အဲ့ဒီ 'ဘိုမ' ဆိုတာက ဘာတော်တာလဲမသိဘူး"

"ကျုပ်မိန်းမ"

"ဟာ ဟုတ်ပါ့မလား... ဒီအိမ်မှာရောက်နေတာတောင် တစ်နှစ်နီးပါးရှိတော့မယ်... တခြားရပ်ကွက်မှာလည်း နေခဲ့သေးတယ်လို့ပြောတယ်... သူ့ကိုယ်သူ အပျိုကြီးလို့ပဲ ပြောထားတာ"

"ခင်ဗျားက ရှေ့ကနေဘာလို့ ကာဆီးကာဆီးလိုက်ပြောနေတာလဲ... သူနေသွားတဲ့ အိမ်ရှင်နဲ့ပဲ စကားပြောချင်တယ်"

'မမြင့်ရီ' အားလုံးကြားနေပါသည်။ မြင်နေရပါသည်။ ထို့ကြောင့် တူမငယ်ကို ဘုရားစင်ရှေ့မှာ အိပ်နေရာမှ အိပ်ခန်းထဲပြောင်းရွှေ့ထားလိုက်မိသည်။

" 'မမြင့်ရီ' ရေ... ဧည့်သည်လာတယ်ဗျို့"

"ဟုတ်ကဲ့ လာပါပြီ"

မျက်စေ့မျက်နှာပျက်နေသော 'မမြင့်ရီ' က...





" 'ကိုအုံ့မောင်' သွားရင် မှာစရာရှိလို့နော်"

"ရတယ်လေ... ကျုပ်ထမင်းစားပြီးတော့မှ သွားမှာ... ကဲ ကဲ အိမ်ရှင်ဆိုတာ ဟော့ဒီ 'မမြင့်ရီ' ပဲ"

"ဟုတ်ပါတယ်ရှင်... ဘာကိစ္စများရှိလို့ပါလဲ"

"ကျုပ် ဒီအိမ်မှာနေသွားတဲ့ 'ဘိုမ' ရဲ့ယောကျ်ားပါ"

" 'မငြိမ်းအေး' ကို ပြောတာ"

'ကိုအုံ့မောင်' က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ဟော့ဒီမှာ သူ့ဓါတ်ပုံ... ကျုပ်နာမည်က 'စံကြီး'... ကျုပ်တို့ ရုံးမှာလက်မှတ်ထိုးတဲ့နေ့က ရိုက်ထားတဲ့ဓါတ်ပုံလဲပါ တယ်... ဒါက သူနဲ့ကျုပ်နဲ့ လက်မှတ်ထိုးထားတဲ့စာချုပ်"

"ဩော် ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ရှင်... ကပ်ပြီးလွဲသွားတာပဲ... မနေ့ကမှ ကျွန်မတို့နဲ့ စကားများပြီးပြောင်းသွားတာ"

"ဘာကိစ္စကြောင့် စကားများတာလဲ"

"သူ့ယောကျ်ားနဲ့ သူ့သမီးတွေဆီကို စာရေးပြီးဆက်သွယ်တဲ့ကိစ္စကြောင့်ပဲ... အိမ်ကတူမကို မုန့်ဘိုးပေးပြီးလုပ်ခိုင်းတဲ့ကိစ္စကို မကြိုက်လို့ဆူရင်းပူရင်းက သူလည်းစိတ်ဆိုးပြီး ထွက်သွားခဲ့တာ... မနေ့ညနေကမှ ထွက်သွားခဲ့တာ"

'ကိုစံကြီး' က အံ့တဂျစ်ဂျစ်ကြိတ်နေရာမှ...

"တောက် ဒီတစ်ချီလွတ်သွားပြန်ပြီပေါ့ 'ဘိုမ' ရာ... ငါ့အကြောင်းကောင်းကောင်းသိစေရမယ် ဟွန်း"

"နို့ ရှင်က စာရေးခေါ်လို့လာတာမဟုတ်ဘူးလား... သူ့စာရလို့လာတာ မဟုတ်ဘူးလား"

"ဘယ်ကလာ... ဒီမိန်းမ တကယ့်ကဝေမ... ကျုပ်ကွယ်ရာ သူ့ယောကျ်ားဟောင်းနဲ့ပြန်ပြန်ဆက်လို့ ခြေထောက်ရိုက်ချိုးထားတာလည်း မမှတ်ဘူး"

"ဩော် ပထမလင်ကြီးရှိသေးတာလား... 'ကိုစံကြီး' နဲ့ ယူထားတာ မကြာသေးဘူးလား"

"ကြာပြီပဲ... ဆယ်နှစ်ရှိနေပြီ... ကျုပ်က သူ့အရင် ယောကျ်ားအိမ်မှာ ကားမောင်းတဲ့ကောင်... ကျုပ်ကိုချစ်လွန်းလို့ဆိုပြီး ကျုပ်နောက်ကောက်ကောက်ပါအောင် လိုက်ခဲ့ပြီးမှ ကျုပ်ကွယ်ရာမှာ ပြန်ရှုပ်တာတော့ လုံးဝလက်မခံနိုင်ဘူး"

"ဒါဆိုလဲ ပြန်ကွာလိုက်ပေါ့ရှင်... 'ကိုစံကြီး' က ပိုငယ်မယ်ထင်တယ်"

"ဟုတ်တယ် ကျုပ်က ဆယ်နှစ်ငယ်တယ်"

"ရှင်နဲ့ ကလေးမရတော့ဘူးလား"





"ဒီမိန်းမ အင်မတန်အင်မတန်ရှုပ်တာ... သူ့ယောကျ်ားကြီးက စီးပွားအရှာကောင်းသလောက် သူက ထိုင်ဖြုန်းပြီး ယောကျ်ားကွယ်ရာမှာ ဖောက်ပြန်ချင်လို့ ကလေးမရအောင် လုပ်ထားတယ်လို့ပြောတာပဲ..."

ဣန္ဒြေရှင်အပျိုကြီး 'မမြင့်ရီ' ရှက်သွားပါသည်။

ဘုရား၊ ဘုရား ဘယ်လိုမိန်းမမျိုးပါလိမ့်။

ရှက်စရာကောင်းလိုက်တာ။

တချို့မိန်းမတွေ ငွေကြေးကြောင့် ဘဝပျက်ပြီး တစ်သက်လုံး နစ်မွန်းသွားကြတာ။ သူကျတော့ ငွေရှိလျှက် အိမ်ယာရှိ လျှက် ဖောက်ပြားလှချည်လား။ လောကကြီးမှာ ဒီလိုမိန်းမျိုး လောက်စိတ်ဓါတ်အောက်တန်းကျတာ မရှိဘူး။

မိမိတို့ညီအစ်မ ဒီလိုကိစ္စမျိုးတွေ အပြောအဆိုမခံရ အောင် အနေအထိုင်ဆင်ခြင်ခဲ့ပါလျှက် ငွေကြောင့် အိမ်ပေါ်ခေါ်တင်မိလျှက်သားဖြစ်ရချေပြီ။

'သောက်လေသောက်လေ ငတ်မပြေ ရေငံဆားတွင်းနွား တစ်သင်း' ဆိုသည့် စာချိုးလေးအဓိပ္ပါယ်ကို ယခုမှပို၍ နားလည်သွားခဲ့ပါသည်။

ရေငံသောက်လျှင် ပိုငတ်သတဲ့။

ကာမဂုဏ်ဝဲဂယက်တွင် ပျော်မွေ့သောသူများသည် လည်း ဆားနှင့် ချဉ်သီးတို့ အနေနီး၍အရည်ပျော်တတ်သလို အနေနီးလေတိုင်း ကာမဂုဏ်ဝဲဂယက်တွင် ကူးခတ်ဖို့သာ စိတ်ကူးနေကြသလား မသိပါ။

" 'ကိုစံကြီး' အပေါ် သစ္စာမရှိဘူးထင်ရင်လဲ သူ့ကိုမေ့လိုက်တော့ပေါ့"

'စံကြီး' က ကောက်ကျစ်စွာပြုံးရင်း...

"ကျုပ်လိုကောင်ကို သူ ပတ်သက်မိတာ နောက်ဘဝထိတောင်နောင်တရစေရမယ်လေ... ကျုပ်မှာ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ ချစ်သူရှိတာသိလျှက် သူ မြူစွယ်တာ... ကျုပ်ချစ်သူလည်း အရှက်ကွဲပြီး ထွက်ပြေးသွားခဲ့တယ်"

"ဒါ 'ကိုစံကြီး' အမှားပဲလေ... ကောင်မလေးကို 'ကိုစံကြီး' သစ္စာဖောက်တာကို... သူများမိန်းမကို ပစ်မှားတာပိုဆိုးတာပေါ့"

လျှာရှည်နေသော 'မမြင့်ရီ' ကိုပါးစပ်ပိတ်ထားရန် 'ကိုအုံ့မောင်' က လက်ဟန်ခြေဟန်ဖြင့်လုပ်ပြမှ မျက်လုံးပြူးကြီးဖြင့် ငြိမ်သွားခဲ့သည်။

"သူ စိတ်ဝင်စားတုန်းက ကျုပ်ကို ငွေထုပ်နဲ့မျှားတာ





လေ... ခင်ဗျားတို့လည်း ဒီမှာရှိလျှက်နဲ့ ကျုပ်ကိုမညာနဲ့နော်... ဒီမှာတွေ့လို့မိလို့ကတော့ ခင်ဗျားတို့လည်း မချောင်ဘူးမှတ်"

အားလုံး သက်ပြင်းချမိကြသည်။

ဤမိန်းမနေ့က အပြီးပြောင်းသွားတာ ကျေးဇူးတင်ဝမ်းသာနေကြသည်။

'အုံ့မောင်' တို့ဘက်ကလည်း 'မငြိမ်းအေး' နှင့် 'သန်းအောင်' တစ်ပတ်လောက် တပူးတွဲတွဲလုပ်ခဲ့သည့်အပြစ်က ရှိခဲ့သည်မဟုတ်လား။

'ကိုစံကြီး' ပြန်သွားလေမှ 'မြင့်ရီ' သက်ပြင်းချနိုင်တော့သည်။

သို့သော် ထမင်းဂျိုင့်၊ ခြင်းတောင်းဆွဲပြီး 'ကိုအုံ့မောင်' ပြာယာခတ်ပြီး ခြံထဲပြန်ဝင်လာသဖြင့်...

"ဒီလူဒီနေ့တော့ ဆိုင်ရောက်မှာမဟုတ်တော့ဘူး... 'ဘိုရဲ' လည်း ထမင်းဆာနေတော့မှာပဲ"

ချစ်စရာခင်စရာကောင်းသော 'ဘိုရဲ' ကို 'မြင့်ရီ' ရင်ထဲမှာ သံယောဇဉ်မကင်းတာတော့ အမှန်။ ကိုယ့်တူလေးနှင့် ရွယ်တူမဟုတ်လား။

ဒါပေမဲ့ တူမပျိုလေးရှိသေးသဖြင့် ရင်းရင်းနှီးနှီးမနေ၊ ပြီး

ပြုံးရယ်ရယ်ပင် မဆက်ဆံခဲ့ပါ။

" 'မမြင့်ရီ' 'မမြင့်ရီ' "

"ရှင် ပြန်လာပြန်ပြီလား"

"ဟုတ်တယ်… ဟိုလူ လမ်းထိပ်မှာလိုက်စုံစမ်းနေတာ တွေ့ခဲ့တယ်… တချို့လူတွေက 'မငြိမ်းအေး' ဒီကပြောင်းသွားတာကို မသိလိုက်ကြတော့ ဒီမှာပဲပုန်းနေတယ် ထင်နေတာ"

"ဟောတော့ ဒုက္ခပါပဲ ဘယ်လိုလုပ်ရမှာလဲ… ရှင် သွားလို့ဖြစ်ပါ့မလား… ဒီမှာရှိတဲ့ယောကျ်ားနှစ်ယောက်ကလည်း…"

'သန်းအောင်' နှင့် 'ထွန်းကျော်' တို့ကို အကျိုးနှင့်အကန်းလို့ ဆက်မပြောလိုသဖြင့် စကားကိုရပ်ထားလိုက်သည်။

'အုံ့မောင်' ပင် ကိုယ့်ကိုကိုယ် ဘဝင်မြင့်ချင်သွားသည်။ သူမ အတွက် မိမိသက်တော်စောင့်ကြီး အားထားရာကြီးဖြစ်နေပါကရောလား။

" 'ဘိုရဲ' ကိုထမင်းပို့ပြီး အကျိုးအကြောင်းပြောပြီး ပြန်လာခဲ့မယ်"

" 'မြင့်နီ' ဆီလည်း အကျိုးအကြောင်းပြောမှထင်တယ်"

"ဟာ 'မျိုးသန့်' ပြန်လာမှပြောခိုင်း… ဒီအမျိုးသမီးကသိပ်ရန်လိုတယ်… ခင်ဗျားလိုမဟုတ်ဘူး"





ထိုစကားကြောင့် 'မြင့်ရီ' ရင်ထဲငြိမ့်ကနဲဖြစ်သွားမိသည်။

"မြန်မြန်ပြန်လာဦးနော်"

"စိတ်ချပါ"

## ၁၁

"ဝုန်း ဂလုံး ဂလုံး"

ခေါင်မိုးပေါ်သို့ မိုးကြိုးပစ်ချလိုက်သလို ဝုန်းဝုန်းဒိုင်းဒိုင်း မြည်သံများ ဆက်တိုက်ကျရောက်လာသဖြင့်…

" 'မေရီ' 'မေရီ' သမီးကြောက်တယ်"

အိပ်ပျော်နေသော 'ခင်လေး' က သွေးရူးသွေးတန်း နောက်ဘက်သို့ ပြေးထွက်လာသဖြင့် ပြေးဖက်ထားလိုက်ရ သည်။

"ဝုန်း ဒုန်း ဒုန်း"





"ဘယ်ကောင်လဲကွ… ငါ့မယားနဲ့တိတ်တိတ်ပုန်းညား နေတယ်ဆိုတာ… ထွက်ခဲ့စမ်း ထွက်ခဲ့စမ်း… 'ဘိုမ' မင်းထွက်ခဲ့ ရင်ထွက်ခဲ့ မထွက်ရင် အိမ်ကိုမီးနဲ့ရှို့မှာနော်"

မနက်ကလာသွားသော 'စံကြီး' တစ်ယောက် မူးရူးပြီး ရောက်လာခြင်းဖြစ်သည်။ ခဲလုံးတွေလျှောက်ကောက်နေပြန်ပြီ။

" 'မမရီ' အပြင်ထွက်ပြီးပြောလိုက်လေဗျာ… 'ငြိမ်း' ဒီမှာ မနေတော့ဘူးလို့"

ဟိုဘက်ခန်းမှ 'သန်းအောင်' က အသံသေးအသံညှောင် ဖြင့် လှမ်းပြောခြင်းဖြစ်သည်။

ဟွန်း လူပုံစံကသနားစရာ၊ မျက်စေ့ကသာ မမြင်တယ် ကမြင်းချင်စိတ်ကတော့ ရှက်စရာ၊ ခုမှကြောက်နေလိုက်တာ။ 'မမြင့်ရီ' စိတ်ထဲမှ ပြောမိခြင်းဖြစ်သည်။

အိမ်ရှေ့တံခါးကို အတွင်းမှမင်းတုန်းသေချာထည့် အိမ် နောက်ဘက်မှသော့ခတ်ပြီး တူမလက်ကိုဆွဲ၍ အိမ်နောက်ဘက် မှထွက်ခဲ့သည်။ မူးမူးရူးရူးနှင့်မီးရှို့လျှင် မိမိတို့ထွက်ပေါက် မရှိမှာ ကြောက်ပါသည်။

" 'ကိုစံကြီး' ရှင် အိမ်ခေါင်မိုးပေါက်ရင် လျှော်ရမှာနော်… 'မငြိမ်းအေး' မရှိဘူးလို့ပြောပြီးပြီပဲ"

"ရှိကိုရှိတယ် ဝင်ရှာမယ်"

"ဒါဆိုလဲ ရပ်ကွက်လူကြီးကိုခေါ်ခဲ့လေ"

"ဂုက်ထားပြီး တိတ်တိတ်လေးအိမ်ထဲ ပြန်ခေါ်ထားရင်ကော ကျုပ်က သတ်မှာဗျ"

"တွေ့ရင်သတ်ပေါ့"

"ခင်ဗျားတို့ကိုပါ သတ်မှာ"

"ခွင့်မပြုဘဲ ရှင် မဝင်နဲ့နော်"

"ဝင်တယ်ဗျာ... ကျုပ်မိန်းမ ထုတ်မပေးရင် ကျုပ်ပြန်မပေးဘူး ဗျာ"

ထိုသို့ပြောရင်း 'ကိုစံကြီး' က 'မြင့်ရီ' တို့ ဝရံတာတွင် ဝင်ထိုင်နေသဖြင့် 'မြင့်ရီ' တို့ တူဝရီးအိမ်နောက်ဘက်သို့ပြေးဝင်ပြီး ခြံစည်းရိုးကျော်ထွက်ပြီး 'မြင့်နီ' ရှိရာသို့ ဆိုက်ကားငှား၍ထွက်ခဲ့ကြတော့သည်။

ထိုအချိန်တွင် 'မြင့်နီ' က 'ကိုအုံ့မောင်' ကို မောင်းထုတ်နေပါသည်။

"ရှင် ဘာကိစ္စ ကျွန်မအလုပ်လုပ်တဲ့နေရာအထိ လိုက်လာရတာလဲ"

"ပြောစရာရှိလို့... အရေးကြီးလို့ ခင်ဗျားအစ်မလွှတ်





လိုက်တာ အိမ်ကိုခဏပြန်လိုက်ဦး"

"ဘာဖြစ်နေလို့တုန်း"

"မနေ့ညနေက 'ငြိမ်းအေး' ကိစ္စနဲ့ပြဿနာတက်ကြပြီး 'ငြိမ်းအေး' အိမ်ကထွက်သွားတယ်"

"ဟင် ဒီလောက်ဖြစ်နေတာတောင် 'မမရီ' က လူလွှတ်ပြီးပြောနိုင်းတာမဟုတ်ဘူး"

"သြော် ခင်ဗျားအလုပ်ပျက်မှာစိုးလို့နေမှာပေါ့... သူထွက်သွားရင်အေးတာပဲထင်နေတာ... ဒီနေ့မနက် သူ့လင်ငယ်လိုက်လာပြီး သောင်းကျန်းနေတယ်"

"ဟင် လင်ငယ်ဟုတ်လား... လင်ကြီးရှိသေးတာပေါ့"

"ဟုတ်တယ် ဟုတ်တယ်... ခင်ဗျားက အိမ်လခလေးလိုချင်တာတစ်ခုတည်းနဲ့ တစ်ကိုယ်ရည်တစ်ကာယဆိုပြီး ခေါ်တင်ထားလိုက်တာ... ခုတော့ တစ်လိမ်နှစ်လိမ်ပွေလိမ်ရှုပ်တာမဟုတ်ဘူး... တစ်လင် နှစ်လင် လိမ်ကာရှုပ်နေတာ"

"အဲ့ဒီထဲမှာ ရှင့်ညီကလည်း မမြင်မကန်းနဲ့ နှာဘူးကထနေသေးတယ်"

"ဟော ဟိုမှာပြောရင်းဆိုရင်း 'မမြင့်ရီ' တို့လိုက်လာနေပါလား"

ဆိုက်ကားပေါ်မှ 'ခင်လေး' ကိုမြင်သဖြင့်...

"ဟင် သမီးကျောင်းမတက်ဘူးလား... နေမကောင်းဘူးလား"

"ဟုတ်တယ်... ကျောင်းခွင့်ယူထားတယ်"

နဖူးကိုပြေးစမ်းပြီး...

"ဟင် 'မမရီ' က ဘာဖြစ်နေတာလဲ... 'မငြိမ်းအေး' ထွက်သွားတဲ့ကိစ္စလည်းလာမပြောဘူး... ကလေးနေမကောင်းတာလည်း မပြောခိုင်းဘူး... ဘာလဲ 'မြင့်နီ' ကို မိသားစုအဖြစ်ကမေ့နေပြီလား"

ဒေါသသံဖြစ်နေသော်လည်း မျက်ရည်တွေဝဲနေကြောင်းတွေ့ရသဖြင့်...

"ညနေကျောင်းဆင်းမှ 'ကိုသန့်' နဲ့ပြောခိုင်းမလို့ပါပဲ... နင်က ညနေဘက်ညဘက်မှ အားတာမဟုတ်လား... အိမ်ခဏခဏပြန်ရင် နင့်အလုပ်ရှင်က ပြောမှာစိုးလို့ပါ"

'မြင့်နီ' ပုံစံက သိပ်ကျေနပ်ပုံမပေါ်ပါ။

"ကဲ 'ကိုအံ့မောင်' ရှင် အိမ်မြန်မြန်ပြန်ပေတော့... 'ကိုစံကြီး' အရက်တွေမူးပြီး လာသောင်းကျန်းနေတယ်... အိမ်ကိုလည်း မီးရှို့မယ်ပြောပြီး ကျွန်မတို့ဝရံတာပေါ်မှာ တက်ထိုင်နေ





တယ်"

"ဟုတ်လား ဒါဆိုရင်တော့ ရပ်ကွက်ရုံးကို အကြောင်းသွားကြားမှဖြစ်တော့မယ်"

'ကိုအံ့မောင်' ထွက်သွားသည်နှင့်...

" 'မမရီ' တို့ပုံစံတွေက အရမ်းကိုရင်နှီးနေသလိုကြီးပါလား 'မငြိမ်းအေး' ဇာတ်လမ်းက တစ်ခန်းရပ်ချင်ရပ်သွား မယ်... 'မမရီ' တို့ဇာတ်လမ်းက ဆက်ရန်ဆိုရင်တော့ 'မြင့်နီ' ဘယ်တော့မှပြန်မလာဘူးမှတ်"

"နင် အလကားနေ ငါ့ကိုစော်ကားမနေနဲ့... ငါနေတတ်လို့ ဒီနေ့အထိ ဘာသတင်းမှမထွက်တာ"

"ဟုတ်လို့လား... အလုပ်ရုံထဲမှာ အမေးခံနေရတာကိုကောသိရဲ့လား... အားလုံးက 'ကိုအံ့မောင်' နဲ့ 'မမရီ' နဲ့ကိုဖြစ်နေတယ်ပဲ ထင်ကြတာ"

ထိုစကားကြောင့် 'မြင့်ရီ' မျက်နှာကြီး နီမြန်းပြီး အသားတွေ တဆတ်ဆတ်တုန်ကာ...

"နင်ကိုယ်တိုင်က ငါ့ကိုအထင်သေးပြီး စော်ကားချင်လို့ သူများပြောတဲ့စကားကိုယုံချင်နေတာ... ဒီလိုလုပ်... ဒီနေ့ကစပြီး နင့်အလုပ်ကိုငါဝင်လုပ်လိုက်မယ်... နင်နဲ့ငါ နေရာခြင်းလဲ

မယ်"

"အို မနေချင်တော့ပါဘူး... အဲ့ဒီအိမ်တန်းလျားမှာ စိတ်ပျက်လွန်းလို့"

'ခင်လေး' က ခေါင်းကို လက်ဖြင့်ဖိရင်း...

"'မေရီ' တို့ကရန်ကြီးပဲဖြစ်နေတာပဲ... 'ခင်လေး' ခေါင်းအရမ်းမူးတယ်... အံလဲအံချင်လာပြီ"

"ဟင် ဟုတ်လား... လာ လာ သမီး... ဒီကွပ်ပြင်မှာခဏလေးထိုင်... လှဲချင်လှဲလိုက်... 'မေနီ' အဝတ်အစားသွားလဲပြီး ရင်ဆေးခန်းလိုက်ပို့ပေးမယ်... စိတ်မညစ်နဲ့နော်... သမီးရှေ့ မှာနောက်ထပ်ရန်မဖြစ်ဘူးလို့ ကတိပေးတယ်"

တူမ၏ နဖူးကိုအသာနမ်းပြီး ပြောခြင်းဖြစ်သည်။

"ဟုတ်ပါရဲ့... ကိုယ်တွေလည်း ပူခြစ်နေတာပဲ... အဝတ်အစားမလဲတော့ပါဘူး... ဆိုက်ကား ဆိုက်ကား"

ဆိုက်ကားတစ်စီးလှမ်းခေါ်ပြီး တူမကိုပွေ့ချီတင်ပေးနေသော ညီမငယ်ကိုကြည့်ရင်း သူမ ဘာပြောပြော မိမိရန်ပြန်ခံမဖြစ်တော့ သည်းခံလိုက်မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။

ဆေးခန်းမှာထိုင်စောင့်ရသဖြင့် 'မငြိမ်းအေး' ၏ ဓာတ်ထုပ်ကို သေချာရှင်းပြရသည်။





"သူ ထွက်သွားလို့ အေးပြီမှတ်တာအေ... ဒီလူက ဘယ်က သတင်းကြားပြီး ခုမှရောက်လာလည်းမသိပါဘူး... ငါတော့အိမ်ထောင်ပြန်မအိပ်ဝံ့တော့ဘူး"

"အို ဘေးအခန်းမှာလည်း လူတွေရှိတာပဲ... 'ကိုအံ့မောင်' တို့တူဝရီးတွေလည်း ဒီရက်ပိုင်းအတွင်း အိမ်မှာပြန်အိပ်နိုင်း ပေါ့"

အရေးအကြောင်းရှိတော့ ဒီလူတွေပဲ အားကိုးရကြောင်း သူမ သိဖို့ကောင်းပါသည်။

ဆေးခန်းကအပြန် တူမငယ်ကိုသနားပြီး ခွင့်တစ်ရက်ယူ၍ အိမ်ပြန်လိုက်ခဲ့ပါသည်။

အိမ်ရှေ့ရောက်သည်နှင့် ပြဿနာကစောင့်ကြိုနှင့်သည်။ 'ကိုအံ့မောင်' အကြောင်းကြားသဖြင့် ရပ်ကွက်လူကြီးများက 'ကိုစံကြီး' ကို ချော့မော့ပြီးခေါ်သွားကြသည်။

"မူးရင် ပြန်လာသောင်းကျန်းဦးမလား မသိပါဘူး... စိတ်ညစ်လိုက်တာ"

တစ်ဘက်ခန်းမှ 'မအေးနွဲ့' လည်း သတင်းကြားသဖြင့် ဆက်မနိုပ်နိုင်တော့ဘဲ အိမ်စောစောပြန်ရောက်နေခြင်း ဖြစ်သည်။ ခါတိုင်းဆိုလျှင် မိုးချုပ်မှပြန်လာတတ်သည်။

နှိပ်ခရတာရော၊ နှိပ်သည့်အိမ် များမှ ပိုလျှံ၍ထည့်ပေးလိုက် သည့် ဟင်းသီးဟင်းရွက်၊ ဟင်းလျာက အစ သယ်လာတတ် သည်။

'မအေးနဲ့' က အိမ်စရိတ်ကာမိအောင် စုမိအောင် ပြောတတ် ဆိုတတ်တောင်းတတ်သည်။ တစ်ခါတလေ နှိပ်တိုင်း တောင်းမိသဖြင့် စေတနာပျက်ပြီး ခေါ်မနှိပ်တော့သည့် အိမ်မျိုး လည်းရှိသည်။

အလုပ်ပါးဝလာတော့လည်း တောင်းလွန်းသည်ဟု အပြောမခံရအောင် နေတတ်ပါသည်။ ကောင်းကောင်းနှိပ်ပေး သည်။ နှိပ်ခကောင်းကောင်း တောင်း သည်။ တချို့အိမ်တွေကျတော့လည်း ကျေနပ်သည့်အတွက် နှိပ်ခကောင်းကောင်း လည်းပေးသည်၊ သူတို့စေတနာ ယိုဖိတ်ချိန်တွင် ဟင်းလျာ၊ အဝတ်အစား၊ မုန့်ပဲသွားရည်စာများကို တွန့်တိုမှုမရှိဘဲ ထည့် ပေးတတ်ကြသည်။

ထိုကဲ့သို့ပေးသော အိမ်မျိုးကို အမြဲတမ်းဖောက်သည် အဖြစ် ဦးစားပေး၍နှိပ်တတ်သည်။ သူတို့ခေါ်လျှင် ညပိုင်း အချိန်ပိုဆင်းပေးတတ်သည်။

ကားတစ်စီးအိမ်ရှေ့တွင် ရပ်သံကြားသဖြင့် တန်းလျား





နေသူ အားလုံး လှမ်းကြည့်ကြသည်။ တောင်းအေ့စ်နီညိုရောင် ကားပေါ်မှ လူလေးယောက်ဆင်းလာပြီးဖြစ်သော်လည်း တစ် ယောက်မှမမြင်ဘူး မသိဘူးပါ။

"ဘယ်သူတွေလည်း မသိဘူး... 'မငြိမ်းအေး' နဲ့တော့ မပတ်သက်ပါစေနဲ့ဘုရား"

" 'ကိုစံကြီး' နဲ့ မပတ်သက်ပါစေနဲ့"

အားလုံးဆုတောင်းနေကြခြင်း ဖြစ်သည်။

"ဟင် 'မြနှင်း' လည်းပါလာတာပဲ"

'ခင်လေး' က အလန့်တကြား ပြောခြင်းဖြစ်သည်။

"ဒါဆိုရင် 'အန်တီငြိမ်း' ရဲ့ မိသားစုတွေပဲဖြစ်မှာပါ"

'မြနှင်း' က နောက်ဆုံးမှဆင်းပြီး ခြံတံခါးကို ဖွင့်၍ဝင်ခဲ့ သည်။

" 'ခင်မျိုးလှ' နဲ့တွေ့ချင်လို့ပါ"

"နေမကောင်းလို့အိပ်နေတယ်ကွယ်... ဘာများပြောစ ရာရှိလို့လဲ"

'မြနှင်း' ဧည့်သည်များကို လှမ်းကြည့်ရင်း...

"ဒီအိမ်မှာနေတဲ့ 'အန်တီငြိမ်း' ရဲ့ ယောက်ျားနဲ့သမီးတွေ မြေးတွေရောက်လာလို့ ဒီကိုခေါ်လာပေးတာ"

ယောက်ျားအသက်ငါးဆယ်ဝန်းကျင်၊ ဥပဒိရုပ်ကောင်းကောင်း အရပ်မြင့်မြင့်နှင့် လူချမ်းသာဂုဏ်အင်္ဂါရပ်နှင့်ညီသူ။ 'ကိုစံကြီး' ရုပ်ထက်အများကြီးသားနားသည်။

သမီးနှစ်ယောက်ကလည်း အဖေအမေတွေချောသဖြင့် ချောချောလှလှတွေ။ ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေက လည်းညွှတ်နေသည်။

"ဧည့်သည်တွေကို ထိုင်ဖို့လုပ်ပေးပါဦး"

'ခင်လေး' နေမကောင်းသဖြင့် ဧည့်ခန်းထဲရှိ ကုလားထိုင်လေးလုံးပေါ်တွင် ခေါင်းအုံးတွေ ၊ စောင်တွေ၊ ကျောင်းလွယ်အိတ်တွေနှင့် ရှုပ်နေသည်။

'မြင့်နီ' က ထုံးစံအတိုင်း မိုက်ကန်းကန်းပုံစံဖြင့် လက်ပိုက်ပြီး ကြည့်နေသည်။ 'မြနှင်း' တို့အိမ်က စာဖောက်ဖတ်ပြီး ငွေညှစ်ချင်သလိုလုပ်နေမှန်း သိနေကြပြီလေ။

'မြနှင်း' က ကုလားထိုင်ပေါ်မှ ပစ္စည်းများကို သူကိုယ်တိုင်ဖယ်ပေးနေသည်။

"ထိုင်ကြပါရှင်... 'အန်တီငြိမ်း' နဲ့ စာအဆက်အသွယ်လုပ်ပေးတဲ့ ကျွန်မသူငယ်ချင်းကိုလည်း ခေါ်ပေးပါ့မယ်"

အိပ်ခန်းထဲသို့ဝင်ဖို့ပြင်နေသော 'မြနှင်း' ၏ လက်





မောင်းကို 'မြင့်နီ' က လှမ်းဆွဲထားပြီး...

"ညည်း ဘာပြာယာခတ်နေတာလဲ... ညည်း ဘယ်တုန်းကဒီအိမ်ကိုလာဘူးလို့လဲ... 'မငြိမ်းအေး' ကိစ္စဆိုရင် ငါနဲ့ရှင်းရင်ပြီးတယ် သိပ်မျက်စေ့နောက်အောင် မလုပ်နဲ့"

'မြင့်နီ' စကားကြောင့် 'မြနှင်း' က အံကြိတ်ပြီး အခန်းပေါက်ဝတွင် သွားရပ်နေပါသည်။

"စိတ်မရှိပါနဲ့ ညီမရယ်... ဟောဒီသမီးနှစ်ယောက်ကသူ့အမေကို သံယောဇဉ်မဖြတ်နိုင်ကြဘူးလေ... ဒါကြောင့် သူ့အမေဆီကစာလာရင် ပျော်နေကြတာ... 'ဘိုမ' အကြောင်းလဲဒီအိမ်သားတွေ သိပြီးကြရောပေါ့... မိဘကလည်း အလိုလိုက် ခဲ့...ကျုပ်ကလည်း အလိုလိုက်ခဲ့တော့ ဗိုလ်ကျတော့တာပေါ့...စီးပွားရေးနောက်ပဲ တကောက်ကောက်လိုက်ပြီး အိမ်သူကိုအိမ်ဖော်တွေ အလုပ်သမားတွေနဲ့ပဲ ပစ်ထားခဲ့တဲ့အတွက် လက်ပွန်းတတီးခိုင်းလို့ရတဲ့ 'စံကြီး' နဲ့ ငြိစွန်းသွားကြတယ်လေ...

ကျုပ်ကခွင့်လွှတ်ပြီး ကလေးတွေမျက်နှာနဲ့ ဆက်ပေါင်းနေပေမယ့် 'စံကြီး' က ခိုးပြေးသွားခဲ့တယ်... ရွှေဘုံပေါ်မှာစံခဲ့တဲ့မိန်းမဆိုတော့ ဘာအလုပ်မှမယ်မယ်ရရမလုပ်ဘဲ ဖြစ်သလိုနေဖြစ်သလိုစားရတဲ့အသိုင်းအဝိုင်းမှာ... အရက်သောက်ပြီး နှိပ်

စက်တတ်တဲ့ 'စံကြီး' ရဲ့ ရင်ခွင်မှာ ကြာကြာမပျော်နိုင်ဘူးလေ...

တစ်နှစ်လောက်ကြာတော့ ပါသွားတဲ့လက်ဝတ်ရတနာတွေလဲကုန်ရော ကလေးတွေနဲ့ ပြန်အဆက်အသွယ်လုပ်လာတယ်... သမီးတွေတောင်းပန်လို့ ကျုပ် အိမ်ပေါ်ပြန်ခေါ်တင်ထားခဲ့တယ်... ဒါပေမဲ့ ခွေးမြီးကောက်ကျည်တောက်စွပ်တဲ့အတိုင်းပဲ... လက်ဝတ်လက်စားနဲ့ ငွေထုပ်ပါပိုက်ပြီး ပြန်ပါသွားခဲ့တာ ရှစ်နှစ်လောက်ကြာသွားတယ် ဟော့ဒီသမီးနှစ်ယောက်အိမ်ထောင်ကျပြီး အိမ်ခွဲဆင်းသွားကြတော့ ကျုပ် လည်းနောက်အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်တယ်...

ဆေးပေးမီးယူလိုတယ်လေ... နောက်အိမ်ထောင်က လည်းမယားကြီးနဲ့ ပြတ်ပြတ်သားသားကွာရှင်းထားတဲ့ စာချုပ်ကိုလိုချင်တယ်ဆိုတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကမှ တရားဝင်ပြတ်စဲခဲ့ကြတာ 'စံကြီး' မြှောက်ပေးလို့ မကွာရှင်းပေးဘူးလုပ်နေသေးတယ်... ဈေး ကိုင်တဲ့သဘောပေါ့လေ...

တကယ်တမ်းကွာရှင်းမယ်ဆိုတော့ ငယ်လင်ငယ်မယားလဲဖြစ်တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စုံမက်ပြီးမှ ယူခဲ့တဲ့သူတွေဆိုတော့ စိတ်မကောင်းဖြစ်မိတာအမှန်ပဲ... 'ဘိုမ' လည်းတော်တော်ခံစားရပုံပေါ်တယ်... ငယ်သံယောဇဉ်ကြောင့် သူ့ကို





ထိုက်ထိုက်တန်တန်ပေးပြီး ကွာခဲ့တာပါ... ပိုင်းလပ်စ်တစ်စီးနဲ့ အဲ့ဒီခေတ်က ငွေသိန်းသုံးဆယ်ပေးခဲ့တာ"

ဒါကြောင့် ဘဏ်ထဲမှာငွေတွေရှိ၍ ဇိမ်နှင့်နပ်နေနိုင်တာကိုး။

"ဘဏ်ထဲထည့်ပေးထားတဲ့ငွေကတော့ 'ဘိုမ' ကိုယ်တိုင်လက်မှတ်ထိုးပြီးမှရတာမို့ နည်းနည်းပါးပါးတော့ ကျန်ဦးမယ်ထင်တယ် ကားကတော့ နှစ်နှစ်တောင်မခံဘူးလေ... သောက်စားမူးယစ်ပြီး မိန်းမပါရှုပ်လာတဲ့အပြင် ဘဏ်ထဲကပိုက်ဆံကိုပါရိုက်ပုတ်နှိပ်စက်ပြီး တောင်းလာတော့ 'ဘိုမ' နောက်ဆုံးထွက်ပြေးသွားတယ်...

ကျုပ်နဲ့မဆက်သွယ်ပေမယ့် သူ့သမီးတွေဆီကိုတော့ ဖုန်းလှမ်းဆက်တတ်တယ်... 'စံကြီး' နှိပ်စက်တဲ့ဒဏ်ကိုမခံနိုင် လို့ ဟိုမြို့ဒီမြို့ တွေလျှောက်ပုန်းနေတာကို သုံးနှစ်လောက်ရှိပြီထင်တယ်...

အိမ်ထောင်ရေးကံမကောင်းတဲ့ကျုပ်ကလည်း နောက်အိမ်ထောင်ဆုံးသွားခဲ့တယ်... သမီးတွေကလည်း အခြေတကျမရှိတဲ့ သူတို့အမေကို ကျုပ် နဲ့ပြန်နေစေချင်တယ်... မြေးတွေလည်း ရနေပြီဆိုတော့ သူလည်းလိမ္မာလောက်ပါပြီ...

ခြေရာပျောက်နေတဲ့သူ့ကို ရှာရခက်နေတုန်း လွန်ခဲ့တဲ့နှစ်လလောက်က စာတစ်စောင်ရောက်လာတယ်… သူနေတဲ့အိမ် က 'ခင်လေး' ဆိုတဲ့ ကျောင်းသူလေးကူညီလို့ စာအဆက်အသွယ်ပြန်ရတယ်လေ… သမီးတွေကအရမ်း ဝမ်းသာနေတာ 'စံကြီး' နဲ့ပြတ်ပြတ်သားသားကွာရှင်းပြီးရင် ကျုပ်တို့ဆီမှာ ခေါ်ထားတော့မှာ… 'ဘိုမ' ကို လုံလုံခြုံခြုံခေါ်ထားပေးတဲ့ ဒီမိသားစုတွေကိုရော ဟော့ဒီက 'မြနှင်း' တို့မိသားစုကိုရော ကျုပ်တို့မိသားစုက ကျေးဇူးတွေတင်နေတာပါ… ကဲ သမီးတို့ပါလာတဲ့လက်ဆောင်တွေ သွားယူပါဦးကွယ်"

"အို နေပါစေ မယူတော့ပါဘူး… 'မငြိမ်းအေး' လည်း မရှိတော့ပါဘူး"

'မြင့်နီ' က ပစ္စည်းများကို အတင်းကားပေါ်ပြန်တင်ခိုင်းသည့်တိုင် 'ဦးတင်ထွတ်' က တောင်းတောင်းပန်ပန်နှင့် ကိုယ်တိုင်ဧည့်ခန်းထဲ လာပို့ရင်း…

"ဒါက 'ခင်လေး' ဆိုတဲ့သမီးလေးအတွက် မုန့်ဘိုးပါ… 'ခင်လေး' ကို မြင်ဖူးချင်လို့တွေ့ခွင့်ပေးပါလား"

'မမြင့်ရီ' က တွဲခေါ်လာပေးရင်း…

"မနေ့ညက 'မငြိမ်းအေး' ကိစ္စနဲ့ရန်ဖြစ်ကြပြီး ကလေး





လည်း စိတ်ညစ်သွားပုံရတယ်… မနက်ကျတော့ 'စံကြီး' လာသောင်းကျန်းလို့ ကြောက်ပြီး ခေါင်းတောင်မထောင်နိုင်တော့ဘူး… စောစောကလေးတင် ဆေးခန်းကပြန်လာခဲ့တာ"

"ဟုတ်ပါရဲ့… ကလေးမျက်တွင်းတွေကို ညိုမဲနေတာပဲ… ကလေးဆိုတော့ လောကဓံကိုဘယ်ကြံ့ကြံ့ခံနိုင်ပါ့ဦးမလဲ… စိတ်ချမ်းချမ်းသာသာနဲ့အနားယူလိုက်ဦးနော်… ရော့ ဘဘကြီးက ကျေးဇူးတင်လို့ သမီးကိုမုန့်ဘိုးပေးသွားမယ်"

ငါးရာတန်တွေအထပ်လိုက်ပေးနေသဖြင့် 'ခင်လေး' က ခေါင်းခါသည်။

"ယူပါ 'ခင်လေး' ဆက်သွယ်ပေးလို့ သူ့ကိုခြေရာခံမိတာ"

"အခု သူမှမရှိတော့တာ"

"မရှိတော့ပေမယ့် ရန်ကုန်မှာရှိနေတာသိရင် စုံစမ်းလို့ရပြီလေ ဘကြီး မိတ်ဆွေအသိုင်းအဝိုင်းတွေ နေရာအနှံ့မှာရှိ တယ်… တကယ်လို့ သူ့ကိုထပ်တွေ့ရင်လည်း ဟောဒီဖုန်းနံပါတ်တွေအတိုင်း ဆက်လိုက်… ကျေးဇူးမမေ့ပါဘူး သမီးရယ်"

ငွေအထပ်လိုက်နှင့် လိပ်စာကဒ်ပြားလေးကို 'ခင်လေး' လက်ထဲတွင် ကျစ်နေအောင်ဆုပ်ထားပါသည်။

'မြနှင်း' က 'ခင်လေး' လက်ထဲမှငွေအရည်အတွက်ကို မျက်လုံးဖြင့် အကဲခတ်နေပါသည်။





## ၁၂

"ဘိုးတော် လုံးဝမတရားဘူး... 'ခင်လေး' တို့အိမ်ကိုကျတော့ လက်ဆောင်ပစ္စည်းထုပ်တွေအများကြီး ပေးသွားတယ်... 'ခင်လေး' ကိုလည်း မုန့်ဘိုးသုံးသောင်းတောင်ပေးသွားတယ်... တကယ်ဆို ငါတို့အိမ်လိပ်စာကြောင့် သူ့ကိုရှာလို့ရတာ"

"အိမ်လိပ်စာကတော့ 'ခင်လေး' တို့အိမ်လိပ်စာနဲ့ထည့်လဲဖြစ်တာပါပဲ... လွှဲဝှက်ထားချင်လို့ တစ်ဆင့်လိပ်စာကို သုံးတာလေ... 'အန်တီငြိမ်း' ယောက်ျားကြီးက ပိုက်ဆံချမ်းသာတာ

လည်းမပြောနဲ့ အကွက်အရမ်းစေ့တာ... နင်တို့အိမ်ကိုမရောက်ခင် ဈေးထဲမှာထမင်း ဝင်စားရင်း လက်ဘက်ရည်ဝင်သောက် ရင်း အရင်စုံစမ်းသေးတာဗျ 'ခင်လေး' တို့မိသားစုအကြောင်း 'မြနှင်း' တို့ မိသားစုအကြောင်း"

"ဟင် 'ကိုရဲ' က ဘယ်လိုလုပ်ပြီးသိတာလဲ"

"ဩော် ငါက ဒီနေ့တစ်နေကုန်ဆိုင်မှာ ရှိနေတာလေ... 'ဒေါ်ငြိမ်းအေး' ရဲ့ နောက်ယောက်ျားလာသောင်းကျန်းသွားတာ 'ခင်လေး' တို့အိမ်ကို ခဲနဲ့ထုသွားတာတွေ... ဘဘ က လာပြောပြီးသွားပြီလေ ကံကောင်းချင်တော့ 'ဦးတင်ထွတ်' က သွားကြားလေးထိုးရင်း ငါ့ဆိုင်မှာ စာအုပ်ဟောင်းတွေလာရွေးတာ... ငါလည်း သိထားတာတွေ အကုန်ပြောပြလိုက်တာ... ငါ့ကို တောင် ချည်စောင်တစ်ထည်နဲ့ပုဆိုးတစ်ကွင်း လက်ဆောင်ပေး သွားသေးတယ်"

ထိုစကားများကြောင့် 'မြနှင်း' က မျက်စောင်းထိုးရင်း...

" 'ကိုရဲ' ဆီ လာမေးမှတော့ 'ခင်လေး' တို့ကောင်းကြောင်းပဲပြောမှာပေါ့... ကဲ 'ကိုရဲ' အဖေနဲ့ 'အန်တီငြိမ်း' နဲ့ ဖြစ်တာကျတော့ကော ပြောမပြလိုက်ဘူးလား"

"ဟင် ဘာဖြစ်လို့လဲ"





"ဒါကျတော့ မသိချင်ဟန်ဆောင်နေတယ် မဟုတ် လား... သူတို့မပြန်ခင် လာကြဦးမှာ... အဲ့ဒီတော့မှ 'ကိုရဲ' အဖေ မမြင်မကန်းနဲ့ ရှုပ်တဲ့အကြောင်းတွေ ပြောပြလိုက်ဦးမယ်"

"အဲ့ဒီကိစ္စ ငါတောင်မသိဘူး... နင်က ရပ်ကွက်တွေခြား နေတာတောင် ဘယ်လိုလုပ်ပြီးသိတာလဲ"

"အိုး သိတာကြာလှပြီ... ရပ်ကွက်တိုင်းသိတယ်... 'ဒေါ်အေးနွဲ့' နိုပ်တဲ့အိမ်တိုင်းသိတယ်... ဘူးအပေါက်တစ်ရာ ပိတ် ရင်သာလုံမှာလေ"

'ဘိုရဲ' တစ်ယောက်ရင်ထဲတွင် အောင့်သွားသလိုရှက်ပြီး မျက်နှာတစ်ခုလုံး ရဲတွတ်သွားတော့သည်။

'ဒေါ်အေးနွဲ့' ကို ကိုယ့်မိသားစုအရင်းအခြာလို ချစ်ခင်ယုံကြည်ခဲ့သူများအတွက်တော့ ရင်ဝကို ဖနောင့်နှင့် ကန်ခံရတာ ထက်နာနေပါတော့သည်။

" 'ကိုရဲ' ကသာ 'ခင်လေး' တို့မိသားစုအတွက် ဖားနေပြာနေတာ... 'ဒေါ်မြင့်နီ' ကဖြင့် သူ့အလုပ်ရှင်အိမ်နဲ့ သူ့အလုပ်ရုံမှာ 'ကိုရဲ' တို့အောက်တန်းကျတဲ့အကြောင်း... 'ကိုရဲ' တို့ ပြောင်းလာလို့ သူတို့ပါသိက္ခာကျရတဲ့အကြောင်း အမြဲပြော တတ်သလို 'ကိုရဲ' တို့အိမ် က မပြောင်းရင် တစ်နေ့တော့

သူတို့ဒီကပြောင်းသွားနိုင်အောင်ကြိုးစားမှာတဲ့... ထိပေါက်ရင်ချက်ချင်းကို ထပြောင်းမှာတဲ့သိရဲ့လား"

သိပြီးသားပါ။ သို့သော် ထပ်ကြားရတော့ ထပ်ခံစားရပါသည်။

" 'ဒေါ်လေးနီ' ဘယ်လိုပဲ အထင်သေးသေးပါ... ငါတို့တူဝရီးကတော့ သူတို့ဒုက္ခရောက်မယ့်ကိစ္စဆို ဘာမှမလုပ်ဘူး... 'ခင်လေး' တို့အိမ်မှာ 'အန်တီငြိမ်း' နေတာကို 'ဦးစံကြီး' သိသွားတာလည်း နင်တို့မိသားစုကြောင့်ပဲလို့ 'ဦးတင်ထွတ်' ကပြောတယ်... 'အန်တီငြိမ်း' တို့ မိသားစုရဲ့စာတွေခိုးဖတ်ပြီးနင့်အမေက ဖဲရိုက်တဲ့အိမ်တိုင်း လျှောက်ပြောတယ်... နင့်အဖေက အရက်ဆိုင်မှာပြောတယ်... နှုတ်လုံ ရမယ့်ကိစ္စမှာ မလုံရကောင်းလားလို့ နင်တို့အိမ်ကိုစိတ်ပျက်ပြီး ဘာမှ မပေးသွားတာနေမှာပေါ့"

"ငါ့ကို တစ်သောင်းတော့ပေးပါတယ်"

"အေးပေါ့... နင့်လိပ်စာနဲ့လာတာမို့လို့ ကျေးဇူးတင်တာနေမှာပေါ့"

'အေးလေ တင်ချင်းတင် ငါ့ကိုပဲ ပိုတင်သင့်တာပေါ့"

"အေး ဒါဆိုလဲ နင်တို့အိမ်လာရင်ပြောပြလိုက်... ငါ့ဆီ





လာရင်လည်း ပြောပြလိုက်မယ်... ကျေနပ်ပြီလား"

'မြနှင်း' မကျေမနပ်နှင့် ပြန်သွားခြင်းဖြစ်သည်။

'မြင့်ရီ' တို့ ရပ်ကွက်၊ မြို့နယ်မှာတော့ 'မငြိမ်းအေး' ၏ပူလောင်သောအချစ် အကြောင်းက ပါးစပ်သတင်းဖြစ်၍ကျန်ခဲ့ပါသည်။ 'မြင့်ရီ' တို့အိမ်ကိုလည်း အရင်ကထက်ပို၍ဖြတ်သန်းသွားလာ၍ ကြည့်သွားတတ်စမြဲ။

မျက်မမြင် 'ကိုသန်းအောင်' ကိုလည်း မင်းသားတစ်ယောက်လို စိတ်ဝင်တစား လာချောင်းတတ်ကြသည်။

အကျင့်စာရိတ္တမကောင်းသော မိန်းမတစ်ယောက်ကို ခွင့်လွှတ်နိုင်သော 'ဦးတင်ထွတ်' လို လူမျိုးကိုလည်း အံ့သြမိပါရဲ့။





"အင်း သူတို့သားအဖတွေနဲ့ 'မငြိမ်းအေး' ပြန်ဆုံကြသလားမသိပါဘူး"

ထုံးစံအတိုင်း ဓာတ်လမ်းတစ်ပုဒ်ရဲ့ ဓာတ်သိမ်းခန်းကိုတော့ သိချင်ကြစမြဲလေ။

"သိချင်ရင် 'ခင်လေး' စုံစမ်းပေးမယ်"

"အံမယ်... ညည်းက ကြီးကြီးကျယ်ကျယ်... ဘယ်သွားပြီး စုံစမ်းမှာလဲ"

"ဩော် 'ဦးတင်ထွတ်' ပေးထားတဲ့ ဖုန်းနံပါတ်တွေရှိတယ်လေ... ဆက်ကြည့်မှာပေါ့... နက်ဖြန်ကျောင်းသွားရင်ဝင်ဆက်ကြည့်မယ်"

'ခင်လေး' မှာ အကြံရှိသည်။

ဖုန်းဆက်တာအကြောင်းပြရင်း 'ကိုရဲ' နှင့်တွေ့မည်။

မိမိနေမကောင်းမှန်းသိလျှက် အိမ်မှာပြဿနာတွေ တက်နေမှန်းသိလျှက်၊ သူ လုံးဝကိုပေါ်မလာပါ။

ခုဆို 'ကိုရဲ' ကိုမတွေ့ရတာ တစ်ပတ်လောက်ရှိပြီ။

" 'ကိုသန့်' သွားနှင့်တော့နော်... 'ခင်လေး' ဈေးမှာဝင်ပြီး ဖုန်းဆက်မလို့"

"ဖုန်းဆက်ချင်ရင် ကျောင်းနားမှာလဲ ရှိတယ်လေ"

"အဲ့ဒီမှာ အရမ်းစောင့်ရတာ"

"ကဲ ဒါဆိုလဲ ဘယ်မှာဆက်မှာလဲ… ငါ လိုက်ခဲ့မယ်"

ထိုစကားကြောင့် 'ခင်လေး' ငိုချင်စိတ်ပေါက်သွားသည်။ သူ ပါလာလျှင် 'ကိုရဲ' နှင့်တွေ့ဖို့မလွယ်တော့။

"ဟာ ဟော့ကောင် 'ကိုသန့်'… မင်းနဲ့တွေ့တာနဲ့အတော်ပဲ… ငါတို့အဖွားဆုံးသွားလို့ ကျောင်းမှာခွင့်တစ်ရက်လောက်ယူပြီး ကူစမ်းပါကွာ… ငါ့အဖေလည်း မရှိလို့ပါ"

"ဟုတ်လား… ကောင်းပြီလေ… ကျောင်းမှာခွင့်တိုင်ရင်းနောက်ထပ်သူငယ်ချင်းနှစ်ယောက်လောက် ထပ်ခေါ်လာခဲ့ပေးမယ်"

'ခင်လေး' ကို လှည့်ကြည့်ပြီး…

"ကဲ နင် မြန်မြန်ဆက်လေ"

ဒုက္ခပါပဲ။ စောင့်နေပြန်ပါပြီ။ ဟန်မပျက်ဆက်ရတော့သည်။

"အန်ကယ် 'ဦးတင်ထွတ်' နဲ့တွေ့ချင်လို့ပါ"

"ဘယ်သူလို့ပြောပေးရမလဲ"

"ဟိုလေ ရန်ကုန်က 'ခင်လေး' ပါ… အန်တီ 'ဒေါ်ငြိမ်းအေး' နေသွားတဲ့အိမ်ကပါ"





"သူ စက်ရုံဘက်ရောက်နေတယ်… ဆယ်လူလာနံပါတ်ရှိတယ်မဟုတ်လား… အဲ့ဒီကိုဆက်လိုက်ပါလား"

"ဩော် ဟုတ်ကဲ့ပါ"

'ကိုသန့်' က မျက်မှောင်ကြုတ်၍ကြည့်ရင်း…

"နင် သိပ်လျှာရှည်တယ်… ငါ့မှာ အလုပ်ကိစ္စရှိသေးတယ်လေ"

"သွားနှင့်လေ"

"ငါသွားတာနဲ့ နင့် ဟိုကောင့်ဆီသွားမှာစိုးလို့"

"အို ဒီဘက်ရောက်နေမှတော့ ဝင်ဖြစ်အောင်ကို ဝင်ရမှာပေါ့… ကိုယ်နဲ့အိမ်ခြင်းကပ်လျက်တွေပဲဟာ"

"ဒီကောင့်ဆီလာချင်လို့ နင် စတန့်ထွင်နေတာ မဟုတ်လား နင်လည်း 'အန်တီငြိမ်း' လို အရှက်မရှိတဲ့မိန်းမမျိုးဖြစ်မှာ"

ထိုစကားကြောင့် 'ခင်လေး' ချက်ချင်း မျက်ရည်တွေဝဲတက်လာပါသည်။ ပြီးတော့ အံကြိတ်မျက်စောင်းထိုးပြီး ဆောင့်ကြီးအောင့်ကြီးဖြင့် 'ဘိုရဲ' တို့ဆိုင်ဘက် တန်းဝင်သွားတော့သည်။

"ဟဲ့ ကောင်မလေး လာ"

"မလာဘူး မလာဘူး… ကျောင်းမတက်ဘူး… အိမ်ပြန်

မှာ"

'ခင်လေး' ပေကတ်ကတ်လုပ်လျှင် မလွယ်မှန်းသိသဖြင့် လက်သီးထောင်ပြပြီး 'ကိုသန့်' ထွက်သွားခဲ့သည်။

" 'ခင်လေး' ဘာဖြစ်လို့ဆိုးတာလဲ... လိုက်သွားလေ"

"ဟင့်အင်း မလိုက်ဘူး"

နှုတ်ခမ်းကိုတင်းနေအောင်စေ့၍၊ ခေါင်းကိုဆောင့်ပြီး ပြောခြင်းဖြစ်သည်။

"အေးဗျ... သူ သွားတိုင်ရင် အရိုက်ခံနေရဦးမှာ... 'ဒေါ်လေးနီ' သိရင် ပိုဆိုးမှာ"

"သိ သိ ရိုက် ရိုက်... သေအောင်ရိုက်ပစေ"

"ဟောဗျာ ဘယ်နှယ့်... ဒီမှာလာဂျစ်နေတာလဲ"

ထိုသို့ပြောရင်း မျက်ရည်တွေ ရေတံခွန်လို တဝေါဝေါ ထုတ်နေသဖြင့်...

"နင် အရိုက်ခံရမှာစိုးလို့လေ"

"အရိုက်မခံစေချင်ရင် အိမ်ကိုလာခဲ့ပေါ့လို့...'ကိုရဲ' မလာလို့ 'ခင်လေး' လာခဲ့ရတာလေ... ဘာဖြစ်လို့ အိမ်ကိုမလာတော့တာလဲ"

မျက်ရည်တွေကို လက်ညှိုးနှင့်တယောထိုးရင်း တအိအိ





နှင့်ကျိုကြနေသည်ကိုကြည့်ပြီး စိတ်ညစ်သလိုလို၊ ရယ်ချင်သလိုလိုဖြစ်နေတော့သည်။

"အိမ်မှာ 'ကိုရဲ' နေရင် 'ခင်လေး' ကို လူကြီးတွေက ဆူဖို့ပဲချောင်းနေတာ... 'ခင်လေး' ကို လွတ်လွတ်လပ်လပ် နေစေချင်လို့ပါကွာ"

" 'ခင်လေး' နဲ့ 'ကိုရဲ' ကို ဘာလို့စကားမပြောစေချင်ကြတာလဲ... မခေါ်စေချင်ကြတာလဲ... 'ခင်လေး'... 'ချစ်စု' နဲ့ 'ကိုရဲ' လည်း ခေါ်နေပြောနေကြတာပဲ"

" 'ချစ်စု' မိဘတွေက ခွင့်ပြုတာကိုး"

" 'မေရီ' တို့က ဘာဖြစ်လို့ ခွင့်မပြုကြတာတုန်း"

"ဩော် 'ကိုရဲ' တို့ကအမှိုက်ကောက်ခဲ့ဘူးလို့ စာအုပ်အဟောင်းတွေထမ်းပြီး ဝယ်ခဲ့ရောင်းခဲ့ဘူးလို့လေ"

"မြူနီစပယ်မှာ ချေးကြုံးတာမှမဟုတ်ဘဲ"

မှတ်ချက်။ (ထိုစဉ်က မြူနီစပယ်တွင် ချေးကြုံးဝန်ထမ်းများ ရှိခဲ့ဘူးပါသည်)

"အောင်မယ်လေးဗျာ... အဲ့ဒီအလုပ်နဲ့ သူခိုး ဓါးပြအလုပ်တော့ ဘယ်တော့မှမလုပ်ပါဘူးဗျာ"

"ဥပမာကို ပြောတာပါ... 'ဒေါ်လေးနီ' တို့လည်း ချမ်း

များချမ်းသာရင်ခက်မယ်"

"လူကြီးတွေကို အဲ့သလိုမပြောရဘူးလေ... သူတို့က မစားရက်မသောက်ရက်နဲ့ ကျောင်းထားပေးတာ... ပညာတတ်အောင် သင်ပေးထားတာ... 'ကိုရဲ' တို့ဘယ်အရပ်ရောက်ရောက် 'ခင်လေး' ကိုအမြဲဆက်သွယ်မယ်"

ထိုစကားကြောင့် 'ခင်လေး' ၏ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားပြီး စိုးရိမ်တကြီးဖြင့်...

"ဟင် 'ကိုရဲ' တို့က ဘယ်အရပ်ကိုပြောင်းမှာမို့လို့လဲ"

မျက်ရည်တွေဝဲပြီး ငိုသံဖြင့်မေးနေပြန်သည်။

"ဟော ဒီကလေးမ ဒီနေ့ ငိုပဲငိုချင်နေတာကိုး... "

"ဟုတ်တယ်... သူများဖျားပြီး အားမှမရှိတာ... 'ကိုရဲ' သိပ်နေနိုင်တယ်... သူများဖျားနေမှန်းသိလျက်နဲ့ လာကြည့်ဖော်မေးဖော်တောင်မရဘူး ဟင့် ဟင့် ဟင့်"

"မငိုနဲ့လေ... တိတ် တိတ်... ဘာစားမလဲ ဘာဝယ်ပေးရမလဲ ဟောဟိုကအရုပ်ကလေးယူမလား... ချိုလိမ်လေးကို ဖြုတ်လိုက်ရင်ငိုရော"

"ဟင် အဲ့ဒါ ဈေးအရမ်းကြီးတာ"

"ဘယ်လောက်ကြီးကြီးလေ ဝယ်ပေးမယ်"





"ဟင် တကယ်"

"တကယ် တကယ်"

လက်ဆွဲပြီး အတင်းခေါ်နေသဖြင့် 'ခင်လေး' ပါသွားခဲ့ပါသည်။

အရုပ်ကြီးက သုံးထောင်။ စာရေးကိရိယာပစ္စည်းက တစ်စုံ။ အလှပြင်ပစ္စည်းများပါ ဝယ်ပေးနေသဖြင့်...

"ဟင် တော်ပြီ တော်ပြီ... ဘာမှမယူတော့ဘူး"

"ဟော ဘာဖြစ်လို့လဲ"

"ဘယ်နားသွားထားရမှာလဲ"

"ကဲ အရိုက်ခံရမှာကြောက်နေပြီ မဟုတ်လား... 'ချိုသဲ' ဆီမှာထားလဲ ရတာပဲ... ဒါမှမဟုတ် 'ချစ်စု' ဆီမှာထား... အချိန်မရွေးယူကြည့်လို့ရအောင်လေ... ဒါမှမဟုတ် ရိုက်ရင်လဲရိုက်ပေစေပေါ့... 'ကိုရဲ' က နေမကောင်းလို့ ဝယ်ပေးလိုက်တယ်လို့ပြောပေါ့"

"ဩော် ဟုတ်ပြီဟုတ်ပြီယူသွားမယ်... 'ခင်လေး' မှာပိုက်ဆံရှိတာပဲ... အဲ့ဒီပိုက်ဆံနဲ့ ဝယ်တယ်လို့ပြောလိုက်မယ်"

သူမကို ဂရုစိုက်ပြီး၊ သူမ အတွက် မတွန့်တိုမှန်းသိရသဖြင့် ကျေနပ်သွားပုံရသည်။

"ပိုက်ဆံတွေ အများကြီးကုန်သွားပြီနော်... ဘဘ ဆူမှာလား ဝယ်ပေးပြီးမှ 'ကိုရဲ' နဲ့မြောနေရင်ကော"

"ဟား ဟား ဟား မနှောမြောပါဘူးဟ... စေတနာရှိလို့ ဝယ်ပေးတာပဲ ဘဘ မဆူပါဘူး...'ကိုရဲ' ပိုက်ဆံနဲ့ 'ကိုရဲ' ဝယ်ပေးတာပဲ... ကဲ ကောင်းသွားမှာပါ... ဒီပစ္စည်းတွေ အိမ်ပို့ပေးလိုက်ရမလား"

"ဒါတွေ ကျောင်းကအပြန်မှဝင်ယူမယ်... 'ဘဘဦးတင်ထွတ်' ဆီ ဖုန်းဆက်ဖို့လာတာ သွားဆက်လိုက်ဦးမယ်"

"လာ လာ ငါလိုက်ခေါ်ပေးမယ်"

'ဦးတင်ထွတ်' အသံကို မှတ်မိပါသည်။

"တူမလေး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ဘဘ ကြီးဒေါ်တွေကလည်း ဘဘနဲ့ 'အန်တီငြိမ်း' ပြန်တွေ့မတွေ့သိချင်နေကြလို့ ဖုန်းဆက်ကြည့်တာပါ"

"ဘဘ တို့နဲ့မတွေ့ခင် 'စံကြီး' နဲ့အရင်တွေ့ပြီး ရိုက်ကြနှက်ကြနဲ့ ရုံးရောက်ကုန်တာလေ... ညည်း 'အန်တီငြိမ်း' က အလည်ပါကွယ်... ထိတာနည်းနည်းပါပဲ... ဒါပေမဲ့ ဆေးရုံတက်ပြလိုက်တော့ အားနွဲ့တဲ့မိန်းမသားကို ရန်လိုနှိပ်စက်မှုနဲ့ ထောင်ကျမယ်လေ... သူ့ သမီးတွေကလည်း ထောင်ကျအောင်





ကို တရားစွဲပေးကြတာ... ဒီအမှု ကိစ္စဖြစ်တုန်း ကွာရှင်းခွင့်ပါရသွားတယ်လေ... အရင်တုန်းကဆို 'စံကြီး' က ကွာပေးတာမဟုတ်ဘူး"

"ဒါဆို ဘဘတို့နဲ့ အတူနေဖြစ်သွားပြီပေါ့"

"အေးပေါ့ လောလောဆယ်တော့ ဆေးရုံမှာပဲ... ပြန်လာရင်တော့ ဘဘတို့နဲ့ပဲနေတော့မှာပါ... သူလည်း နောင်တတွေရနေပါပြီ"

"ခုလိုကြားရတာ ဝမ်းသာပါတယ် ဘဘရှင့်"

"အေး အေး ဘဘတို့ရန်ကုန်ရောက်ရင် လာလည်ဦး မယ်သမီးလည်း ဘဘ လိပ်စာသိနေတာပဲ... ရောက်ရင်ဝင် လည်နော်... 'ဦးတင်ထွတ်' အထည်စက်ဆိုရင် တစ်မြို့လုံးနီးပါ သိကြပါတယ်"

"ဟုတ်ကဲ့ရှင့်"

'ဦးတင်ထွတ်' ၏ ခွင့်လွှတ်စိတ်ကိုတော့ အံ့ဩရပါ သည်။

## ၁၃

ဈေးဆိုတာ လူစုံသည့်နေရာ။ မနက်မိုးလင်းသည်နှင့် ဈေးထဲသို့ အိမ်တိုင်းနီးပါး ဝယ်ဖို့ချမ်းဖို့ ရောက်လာတတ်စမြဲ။ ဝယ်ချမ်းပြီး ချက်ပြုတ်ဖို့ အိမ်ကိုပြန်ကြစမြဲ။

" 'မြင့်နီ' ရေ... ဈေးထဲမှာ ညည်းတူမကိုတွေ့ခဲ့တယ်... ဈေးထဲက စာအုပ်အဟောင်းဆိုင်က ကောင်လေးက အရုပ်အကောင်းစားနဲ့ တခြားပစ္စည်းတွေ စုံနေအောင် ဝယ်ပေးနေတော့ ညည်းတူမက အပျိုမဖြစ်ခင်တည်းက မေတ္တာလက်ဆောင်ပေးမယ့်သူကရှိနှင့်နေပြီဆိုတော့ မဆိုးဘူး... ညည်းတို့ထက်တော့





စွံတယ်ပြောရမှာပဲ"

အလုပ်ရှင်ကကျေနပ်သလို ခပ်ပြုံးပြုံးပြောနေခြင်းဖြစ်သော်လည်း 'မြင့်နီ' တစ်ယောက် ဒေါသကိုမထိန်းနိုင်တော့ပါ။

"ကျွန်မ အိမ်ပြန်လိုက်ဦးမယ်"

"ဟော ငါ ပြောလိုက်လို့ ဒေါပွသွားပြီထင်တယ်... ကလေးပဲရှိသေးတာပဲကွယ်... ဟိုက ကိုယ့်ညီမလေးလိုချစ်လို့ အိမ်နီးချင်းမို့ ဝယ်ပေးတာနေမှာပါ... အဲ့ဒီ 'ဘိုရဲ' ကိုကြိုက်တဲ့ ကောင်မလေးတွေ အများကြီးနော်... ကောင်လေးက ရုပ်ချော ပြီး ပိုက်ဆံအရှာတော်တယ်လေ"

"အို ကျွန်မတူမက အပျိုလည်းမဖြစ်သေးဘူး... ကလေးပဲရှိသေးတာ... ဒီလိုဟိုဟာဝယ်ပေး ဒီဟာဝယ်ပေးနဲ့ ကြာရင် စိတ်ဓါတ် ပျက်ပြားလာလိမ့်မယ်... မျှော်လင့်လာလိမ့်မယ်... ကျွန်မတို့က ကလေးတွေကို ဘွဲ့ရပညာတတ်တွေဖြစ်ပြီး ပန်ကာအောက်က အရာရှိတွေ ဖြစ်စေချင်တာ"

"ကလေးတွေက စာတော်ကြတာပဲ... ဖြစ်မှာပါအေ"

"မမကြီး တစ်ခါကပြောဘူးတယ်နော်... မြေးလေးတွေလည်း စာပြချင်တယ်... ညဘက်အနင်းခံချင်တယ်ဆို... 'ခင် လေး' ကိုဒီမှာ ခေါ်ထားလို့ရမလားမသိဘူး"

"ရပါတယ်အေ...ငါတို့အိမ်က အကျယ်ကြီးပါ... ညည်းအိပ်တဲ့အခန်းကလည်း ကျယ်တယ်... ကုတင်ကလည်း ကျယ်တယ်...ခေါ်ချင်ခေါ်ထားပေါ့ ကျောင်းသွားတော့လည်း အိမ်က ကလေးတွေနဲ့ တစ်ကျောင်းတည်းပဲဟာ... ကားနဲ့လိုက်သွားပေါ့"

ထိုစကားကြောင့် 'မြင့်နီ' ကျေနပ်သွားသည်။

ညဘက် တူမကို သွားခေါ်ဖို့ ဆုံးဖြတ်ထားလိုက်သည်။

" 'မမရီ' အိမ်မှာနေပြီး ဘာမှမသိဘူးနော်... မနက်က ဈေးထဲမှာ 'ခင်လေး' ကို အရုပ်ဝယ်ပေးတဲ့ ဇာတ်လမ်းကနာမည်ကိုကြီးလို့"

"ဟဲ့ ငါကိုယ်တိုင်လွှတ်လိုက်တာပါ... သူကလည်း နေကောင်းကာစဆိုတော့ ဝယ်ချင်တာဝယ်ဖို့ဆိုပြီး ငွေလေးထောင်ပေးလိုက်တာ ပြီးတော့ 'ဦးတင်ထွတ်' ဆီ ဖုန်းခေါ်ခိုင်းလိုက်တာ"

ကြီးဒေါ်ကြီးက ပြဿနာမကြီးအောင် တူမငယ်ပြောသလို လိုက်ပြောပေးခြင်းဖြစ်သည်။ ဒါမှ 'ခင်လေး' ခမြာ အရုပ်လှလှကြီးကို ပိုင်ဆိုင်ခွင့်ရတော့မှာ မဟုတ်လား။

" 'မမရီ' နော်... ရှေ့ကနေ ကာဆီးကာဆီးမလုပ်နဲ့...





သူ့ကို ပိုက်ဆံလေးထောင်ပေးသုံးရအောင် ကိုယ်တွေကလူချမ်းသာတွေလား အဲ့ဒီငွေနဲ့ ရွှေဝယ်ပေးမယ်ပြောထားပြီပဲ"

"ကွယ် ရွှေကဝယ်ပြီး ဝတ်ရတာလဲမဟုတ်ဘူး... သိမ်းထားရတာ... တစ်သောင်းဘိုးလောက်တော့ အဝတ်အစားလေးဖိနပ်လေး ဘာလေး ဝယ်ပေးမလားလို့"

"ရတယ် ဝယ်ချင်တာဝယ်... အကုန်ဝယ်ပစ်လည်းရတယ်... ဒါပေမဲ့ သူ့ကိုဒီမှာ ဆက်မထားတော့ဘူး... ကျွန်မနဲ့ ခေါ်သွားမယ် အဝတ်အစားတွေထည့် ပစ္စည်းတွေသိမ်း"

'မြင့်နီ' က အငယ်ဖြစ်သော်လည်း 'မြင့်ရီ' က အမြဲပြန်ကြောက်နေရစမြဲ။ ယခုလဲ 'မြင့်နီ' အမိန့်ကို မဖီဆန်ဝံ့။

အမှန်တော့ ညီမကိုချစ်၍ အလိုလိုက်ခြင်းသာ ဖြစ်သည်။

"ခေါ်သွားတာက အရေးမကြီးဘူး... ဟိုမှာ အလုပ်သမားယောကျ်ားတွေအဝင်အထွက်များသလို အိမ်ရှင်ရဲ့ ဆွေမျိုး သားချင်းယောကျ်ားတွေလည်း များပါဘိ... "

"အို ကိုယ့်မျက်စေ့ရှေ့မှာထားတာ လူချမ်းသာ အသိုင်းအဝိုင်းမှာနေရင် ကိုယ့်တူမလည်း လူချမ်းသာနဲ့တွေ့မှာပဲ... ကိုယ့်တူမက ချောချောလေး... ပညာတတ်ဘွဲ့ရသွားရင် တ ကယ့်ဒိတ်ဒိတ်ကျဲတွေနဲ့ရမှာ"

'ခင်လေး' ရင်ထဲမှာ မျက်ရည်မိုးတွေ ရွာနေပါသည်။

"မျက်ရည်ဝဲနေရအောင် 'ဘိုရဲ' နဲ့ နင်နဲ့ကဘာဆိုင်လို့လဲ... ဒီအရွယ် ရည်းစားထားရမယ့်အရွယ်လား... မရှက်ဘူးလား... ဘာလဲ ဒီအရုပ်ကြီးက ယူသွားဦးမလို့လား ဟိုကောင်ဝယ်ပေးထားတာ မဟုတ်လား"

ပြောပြောဆိုဆို အရုပ်ကြီးကို ဆွဲဆောင့်လွှင့်ပစ်လိုက်ရာ ပါးစပ်တွင်တပ်ထားသော ချိုလိမ်လေးပြုတ်ထွက်သွားပြီး အရုပ်မငိုပါတော့သည်။ ချိုလိမ်ပြန်တပ်မှ အငိုရပ်မှာလေ။

"ဟာ ဒီအရုပ်မ ငိုလို့မပြီးသေးဘူးလား... နားညီးလိုက်တာ မြန်မြန်တိတ်အောင်လုပ်စမ်း"

သူတို့ပြောနေသည့် စကားများနှင့် အရုပ်မကိုကြည့်ပြီး 'မြင့်ရီ' တစ်ယောက် ငိုအားထက်ရယ်အားသန်ချင်နေတော့သည်။

"ဟိုကိုယူမသွားနဲ့... သူဌေးတွေက နင့်ကို ဘဝင်မြင့်နေတယ်လို့ပြောလိမ့်မယ်"

"ဒီမှာပဲထားခဲ့လိုက် သမီး... 'မေရီ' သိမ်းပေးမယ်"

ထားခွင့်၊ သိမ်းခွင့် ရခြင်းကိုပင် ကျေးဇူးတင်နေမိပါသည်။ အိမ်ပြန်လာသည့်နေ့များတွင် အရုပ်နှင့်ဆော့လို့ရတာပဲ





လေ။

နောက်တစ်နေ့မနက် ဘကြီးဖြစ်သူ ထမင်းကျိုင့်နှင့်ရောက်လာသည်နှင့် ဘာသတင်းထူးများ ကြားရဦးမည်နည်းဟု နားစွင့်နေမိသည်။ ဘကြီး က ထမင်းစားပြီးသည်အထိ ဘာမျှမပြောဘဲ စာအုပ်တွေ ထိုင်ချုပ်နေသဖြင့်...

" 'ခင်လေး' အရိုက်များခံရသေးသလား မသိဘူး"

"ဆူလိုက်တာ နားကိုပူလို့ကွာ... သူကိုယ်တိုင်တော့ ဘယ်လိုနေမလဲမသိဘူး... သူ့အရုပ်ကတော့ ငိုလိုက်တာ ငိုလိုက်တာနားကို ငြီးနေတာပဲ... ဟဲ ဟဲ ဟဲ 'မရွှေနီ' ကတော့ အရုပ်နဲ့တောင် ရန်ပြိုင် ဖြစ်နေသေးတာ"

'ဘိုရဲ' မျက်နှာလေးတည်တည်း ငေးငေးလေးဖြစ်ပြီး ခါတိုင်းထက်စကားနည်းသွားသည်ဟု ထင်မိသည်။ တူတော်မောင်၏ အတွင်းစိတ်ကို သိချင်သဖြင့်...

"နေပါဦးကွ မင်းကလည်း ဒီကောင်မလေးနဲ့ပတ်သက်ရင် အရမ်းကိုခံစားနေရတာလား ကြိုက်နေတယ်ပြောရအောင်လည်း ဟိုက အပျိုတောင်ဖြစ်သေးတာ မဟုတ်ဘူး"

'ဘိုရဲ' က စိတ်တိုသလိုမျက်နှာဖြင့်...

"ကြိုက်စရာတွေ ပေါလွန်းလို့ အဘရာ... တစ်ခြိထဲနံရံ

လေး ခြားနေရတဲ့ ကောင်မလေးကို ခင်ခွင့်မြင်ခွင့်မပေးရလောက်အောင် ကျွန်တော်က နှူဝဲနေလို့လား... 'ခင်လေး'က တော့ တကယ့်အပြစ်ကင်းစင်ပြီး ကျွန်တော့်ကို အရမ်း သံယောဇဉ်ကြီးရှာတယ်... ခင်ရှာတယ်... သူ့အစ်ကိုအရင်းထက်ကို ဘာမဆိုတိုင်ပင်တယ်... အားကိုးတယ်... လေးစားတယ်...

ကျွန်တော်က မာနနဲ့ရှောင်ထွက်ပြီး ကင်းအောင်နေပြနိုင်ပေမယ့် သူ့ခမြာ သတိရလွန်းလို့ လိုက်လာတွေ့တတ်တယ်... ဒီအတိုင်း ဆက်နေသွားရင် ဒီကောင်မလေး ကျွန်တော့်ကြောင့် ခဏခဏအရိုက်ခံရပြီး ဟိုပို့ဒီပို့ အလုပ်ခံရတော့မှာ သေချာတယ်... ကျွန်တော်တို့ တခြားမှာ ပြောင်းနေတာပဲကောင်းတယ်"

"ဟာ မင်းတကယ်ရက်စက်ပါလား... ကောင်မလေး လွမ်းကျန်ရစ်ခဲ့မှာပေါ့ သနားပါတယ်ကွာ"

"ဘဘ ကို သူ့ကိုသနားတာလား... သူ့ကြီးဒေါ်တွေကို ဘဘ လွမ်းနေရမှာစိုးလို့လား"

"ဟော့ကောင် မင်းလူကြီးကို ဒီလိုပဲပြောရလား... ဒီမှာယူချင်ရင်လေ ကြီးဒေါ်ကြီးတောင် မဟုတ်ဘူး... အငယ်ကိုပါရအောင်ယူလို့ရတယ်... မိန်းမယူပြီးရင် ဒုက္ခရောက်မှာကြောက်





လွန်းလို့ သားကျွေးမှုမယားကျွေးမှုတွေကြားမှာ နှံ့နစ်မှာစိုးလွန်းလို့ မယူဘဲနေခဲ့တဲ့ကောင်ပါကွာ... အဲသလောက် အေးအေးနေချင်တဲ့ကောင်ဟာ မင်း အဖေကြောင့် မင်းကိုရော မင်းနှမကိုရော မင်းအဖေကိုရော ရှာကျွေးနေရတဲ့ဘဝ ရောက်နေတယ်"

"အဲ့သလို ရှာကျွေးခဲ့တဲ့ ဘဘကို ကျွန်တော်က မသေမချင်း အိမ်ဦးခန်းမှာ ကိုးကွယ်ထားမှာပါ... ရှေ့တစ်နှစ်လောက် ဆို ဘဘ အနားယူချင်ယူတော့... ဒီနှစ်ကုန်ရင် ကျွန်တော်တို့ တခြားမြို့နယ်ဘက်ပြောင်းပြီး အခြေကျရင် ဘဘ နားတော့လေ"

"အလုပ်မရှိဘဲ မနေတတ်ပါဘူးကွာ... ဒီလုပ်ငန်းလေးက ကိုယ်ကျွမ်းကျင်ပြီး အကျိုးပေးတယ်လေ... နှစ်ယောက်အားဆိုတော့ ပိုပြီး ကြီးပွားမြန်တာပေါ့... အိမ်မှာ ဝင်ငွေမရှိတဲ့လူနှစ်ယောက်ရှိတယ်လေ... 'ချိုသဲ' ကလည်း ရှေ့နှစ်ဆို ကျောင်းတက်ရတော့မှာ... သူ ကျောင်းတက်ရင် မင်းအဖေအတွက် လူစောင့်လိုပြီ"

"လူပိုလည်းမခေါ်ချင်ပါဘူး ဘဘရာ... ဖေဖေ က မျက်စေ့သာ မကောင်းတာ"

"ဟော့ကောင် ဟော့ကောင်... အဖေကိုတော့ မစော်ကားပါ

နဲ့... ငါ ရှာကျွေးနိုင်ပါတယ်"

"ဘဘ က အထင်လွဲနေပြန်ပါပြီ... ဟိုကိစ္စတွေ ခဏခဏနာမည်ထွက်ရင် ညီမလေးကော ကျွန်တော်ကော အထင်သေးခံရမှာလေ"

"ခုဖြစ်သမျှတွေကြည့်ရင် ငါ့ညီက ရုပ်ချောလို့ မိန်းကလေးတွေကစပြီး စိတ်ဝင်စားတာကြာပြီပဲ"

"ကျွန်တော် စဉ်းစားထားတာတော့ ဒီတစ်ခါပြောင်းရင် အိမ်နဲ့ဆိုင်နဲ့ တွဲနိုင်တဲ့ နေရာမျိုးဆိုရင် အဖေ့အတွက် ပူစရာမလိုတော့ဘူးလေ"

"မင်းပြောင်းပြီးမှ လွမ်းနေရင်ကော... ကောင်မလေး ခမြာလွမ်းစိတ်နဲ့ အားငယ်ပြီး မစားနိုင်မသောက်နိုင် ဖြစ်ကျန်ခဲ့ရင်ကော"

"မတတ်နိုင်ဘူးလေ... သူ့အပေါ်က သိပ်စော်ကားလွန်းတယ် အနာကနုပါသေးတယ်... ရင့်မှာဆို ပိုခံစားနေရမှာ... အနေဝေးသွားတော့ သွေးအေးသွားမှာပါ... လွမ်းလည်းခဏပေါ့"

တူဖြစ်သူ၏ ပြတ်သားမှုကို အံ့ဩချီးကျူးမိပါသည်။ အင်းပေါ့လေ။ သူ့မှာက အရွယ်တူမိန်းမလှလေးတွေ ရွေးစရာ





တစ်ပုံကြီးရှိနေတာကိုး။

သူ့အတွက်က အရွယ်မရောက်သေးသည့် ပန်းငုံ၊ ပန်းဖူးအတွက် စောင့်စားနေစရာမလို။ ယခုမနက်ကမှ ပွင့်လန်းနေ သောပန်းတွေတစ်ပွင့်ပြီးတစ်ပွင့် မွေးကြူယုံမဟုတ်လား။

"'ကိုအုံမောင်' တို့ အိမ်ပြောင်းကြတော့မလို့ဆို"

ဂျိုင်းထောက်ကို နံရံတွင်မှီရင်း ကွပ်ပြစ်ပေါ်ထိုင်ချရင်း 'ကိုထွန်းကျော်' က မေးလိုက်ခြင်းဖြစ်သည်။

ထိုစကားကြောင့် 'မြင့်ရီ' လည်းအံ့သြပြီး၊ ပြက္ခဒိန်အပေါက်မှ ချောင်းကြည့်မိသည်။

"အင်း အိမ်ရှာတုန်းပါ"

"တကယ် ပြောင်းမလို့လားဗျာ...ခင်ဗျားတို့မရှိရင် ကျွန်တော်သားအဖအရမ်းကို အားငယ်ပြီး ကျန်ရစ်ခဲ့တော့မှာပဲ...





တကယ်ဆို 'မအေးနွဲ့' နဲ့တိုင်ပင်ပြီး အတူတူပြောင်းရင် မကောင်းဘူးလား"

"အခုပြောင်းမယ့်နေရာက ဈေးနည်းနည်းပိုကြီးမယ့်နေရာမျိုးဗျ... ဈေးထဲမှာ ဆိုင်နဲ့တွဲနေလို့ရမယ့်နေရာမျိုးကို ရှာနေကြတာလေ ခင်ဗျားတို့ တတ်နိုင်မယ်မထင်ဘူး"

"ဘာဖြစ်လဲ... ရှိတဲ့ရွှေရောင်းပြီး နေမှာပေါ့... 'ချစ်စု' လည်းအရောင်းအဝယ်တတ်နေတာပဲဟာ"

"ခင်ဗျားတို့တတ်နိုင်တယ်ထားဦး... အိမ်ခန်းတွဲလျှက်ရှာလို့ရဦးမှကို"

"ရှာကြည့်ပါဦးဗျာ... ကျုပ်ကို ပစ်မထားခဲ့ပါနဲ့ ဟီး ဟီး ဟီး"

ပြောရင်းဆိုရင်း 'ကိုထွန်းကျော်' က ကျုံကျုံပါအောင် ငိုပါတော့သည်။ ငိုပုံကြီးက အတော့်ကိုဝမ်းနည်းမှန်းသိပါသည်။

"ကျုပ် သေသွားရင်ကောင်းမှာပါဗျာ... ခုတော့ သမီးကလည်း ညိုညင်ချင်ပြီ... သူကြီးပဲ ရေချိုးပေးရ ကျင်ကြီးကျင်ငယ်စွန့်ရဆိုတော့ ငြီးငွေ့ပြီပေါ့"

"ခင်ဗျား မိန်းမတစ်ယောက်လုံး ရှိသေးတာပဲဗျာ... 'မ

အေးနဲ့'လောက် ခင်ဗျားအပေါ်ကို ကောင်းတဲ့မိန်းမရှိပါ့ဦးမလား"

"အိး ဟီး ဟီး... အခုမကောင်းတော့တာ ကြာပြီဗျ... တစ်ခါတလေ ပြန်တောင်မအိပ်ဘူးဗျာ... သည်လောက်ဆို သဘောပေါက် ဗျာ"

"ဟင် လင်နဲ့သမီးဆီ ပြန်မအိပ်လို့ ဘယ်မှာသွားအိပ်နေလဲ"

"တခြားမှာ ပျော်နေပြီဗျာ... မုဆိုးဖိုကြီးတစ်ယောက်နဲ့ နှိပ်ရင်း ငြိနေပြီလို့ သူကိုယ်တိုင်ပြောတာ"

"ဟောဗျာ သူကိုယ်တိုင်ပြောတာ ဟုတ်လား... ဒီအမျိုးသမီး ရက်စက်လှချည်လား... ကျုပ်တို့လည်း ဘာမှမကြားမိပါလား"

"ခင်ဗျားတို့နဲ့ဝေးတဲ့ ရပ်ကွက်မှာဆိုတော့ ဘယ်ကြားမလဲ... အဖိုးကြီးက ခြောက်ဆယ်လောက်ရှိပြီ... အိမ်နဲ့ယာနဲ့ ငွေတိုးလေးချထားတော့ ကျေးနိုင်တယ်လေ... သည်လောက်ဆို ကျုပ်ဘဝကိုနားလည်ပါတော့ဗျာ"

"ဟာဗျာ ခုတလော မိန်းမတွေ သစ္စာမရှိတာကြီးပဲ ကြားနေရပါလားဗျာ"





"ကျုပ်က ရှာမကျွေးနိုင်တော့တဲ့အပြင် လူပိုကြီးဖြစ်သွားပြီလေ... ကျုပ်ကို သူတို့ပစ်သွားကြတော့မှာဗျာ"

"သိပ်လဲစိတ်မပူပါနဲ့ဦးလေ... လောကမှာ ခင်ဗျားလိုလူတွေ တစ်ပုံကြီးပါ... 'မအေးနဲ့'မကောင်းရင်တောင် 'ချစ်စု' ကတော့ သိတတ်မှာပါ... ကျုပ်လည်း ခေါ်ဆုံးမရဦးမယ်"

ထိုညအတွက်တော့ အခန်းသုံးခန်းလုံး အတွေးကိုယ်စီ ဖြင့် အိပ်မပျော်နိုင်ကြပါ။ စာမေးပွဲနီးပြီဖြစ်သော 'မျိုးသန့်' က ညဉ့်နက်သည်အထိ စာတွေအော်ကျက်နေပါသည်။

## ၁၄

"'ကိုအုံ့မောင်' ခေါ်တယ်ဆို"

"ဩော် အေး ထိုင် 'အေးနွဲ့' "

အိမ်ပြောင်းမည့်ကိစ္စ၊ 'မအေးနွဲ့' ၏ ဖောက်ပြန်သည့် ဇာတ်လမ်းတို့ကို ပြောပြသောအခါ...

"အိမ်ပြန်ရင်တော့ ကျွန်မတို့မိသားစုကိုပါခေါ်ပါရှင်... ရှင်ဒီကိုပြောင်းလာတုန်းကတောင် ကျွန်မတို့ဖြစ်ချင်ရာဖြစ်ဆို ပြီး လိုက်ခဲ့သေးတာ... ကျွန်မရဲ့အိမ်ထောင်ရေးအကြောင်းပြော ရရင် 'ကိုထွန်းကျော်' ကို တစ်သက်လုံး ကျေးဇူးရှင်တစ်ယောက်





လို ထားသွားမှာပါ သူနဲ့ကျွန်မ နားနဲ့မနာ ဖဝါးနဲ့နာပါရှင်... မောင်နှမလိုပဲတစ်သက်လုံး နေသွားကျတော့မှာပါ...

ဘယ်တော့မှသူ့ကို တစ်ယောက်တည်း ပစ်မထားပါ ဘူး... ကျွန်မလိုမိန်းမတစ်ယောက်အတွက် အိမ်ပိုင်လေးတစ် လုံးရယ် ငွေသိန်းနှစ်ဆယ်လောက်ရယ် အတွင်းပစ္စည်းနည်း နည်းပါးပါးရမယ်ဆိုရင် အဲ့ဒီလူကြီးကို တရားဝင်မယူသင့်ဘူး လား... ဒီလိုအမွေအနှစ်မျိုး ကျွန်မကို ဘယ်သူကလာပေး မှာလဲ... သူသေတော့လဲ ကိုယ်ပဲရမှာပဲ"

"သူမသေဘဲ ကိုယ်အရင်သေသွားရင်ကော"

"ဒါတော့ ကံပေါ့ရှင်... ကျွန်မက ရှင်တို့တူဝရီးတွေနဲ့ မို့စိတ်ချပြီး သွားနေခဲ့တာပါ... 'မမြင့်ရီ' တို့ကိုလည်း အားကိုး တာပါပဲ"

"သူများလက်ထဲ စိတ်ချလက်ချအပ်ပြီး နင်ကတော့ သွား ပျော်နေတာတော့ ဘယ်ကောင်းမလဲ"

"ပျော်စရာဆိုတာ ကျွန်မအတွက် မဟုတ်ပါဘူးရှင်... ကျွန်မ ချစ်လို့ယူခဲ့တဲ့ယောကျ်ား ကျွန်မကိုရှာကျွေးရင်း ဒုက္ခ တဖြစ်ခဲ့တဲ့ ယောကျ်ားကို ကျွန်မ ကျေးဇူးမကန်းပါဘူး... ပစ်မ ထားပါဘူး"

"တော်ပါတော့ဗျာ"

"နောက်တစ်ခုပြောချင်တာက နောက်သုံးနှစ်လောက်နေရင် 'ချစ်စု' နဲ့ 'ဘိုရဲ' ကို ပေးစားမလားလို့ စိတ်ကူးရှိထားလို့ပါ"

"အောင်မယ်လေးဗျာ... ကျုပ်တူက အလုပ်အရမ်းကြိုးစားတာ သူ့ကိုယ်သူ ဘွဲ့မရပေမယ့် ပညာတတ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာတွေဖတ် ကျူရှင်တက်နေတဲ့ကောင်... ခုဆို သူ့အဆင့်ကဆယ်တန်းအောင်ပြီးယုံတင်မဟုတ်ဘူး အင်္ဂလိပ်စာမေဂျာ ဒုတိယနှစ်လောက်ကိုရောက်နေပြီ...

နိုင်ငံခြားသား ဖော်ရိန်နာတွေနဲ့တောင် စကားပြောနိုင်နေပြီ သူက ချစ်ကြောင်းကြိုက်ကြောင်း အိမ်ထောင်ရေးအကြောင်းတွေ စိတ်မဝင်စားနိုင်ဘူးဟ... နင်ပေးစားချင်ရင် တခြားသားမက်လောင်းကိုသာရှာပေတော့"

'ချစ်စု' နှင့် သဘောမတူသဖြင့် ငြင်းလိုက်ကြောင်းသိပါသည်။သူတို့တကယ်ပြောင်းကြမယ်ဆိုတာသိရတော့ 'ခင်လေး' မပြောနှင့် မိမိပင်လျှင် စိတ်မကောင်းဖြစ်မိသည်၊ စိတ်ပူမိသည်၊ အသစ်ရောက်လာမည့် အိမ်ငှားများက ဘယ်လိုလူ၊ ဘယ်လို ပုံစံ၊ ဘယ်လိုအချိုးရှိ မလဲဆိုတာ တွေးပူမိခြင်းဖြစ်သည်။





ပြောင်းကာမှပြောင်းရော 'ခင်လေး' ကိုတော့ အတတ်နိုင်ဆုံး မသိအောင်ဖုံးထားရမည်။ စနေ၊ တနင်္ဂနွေ သူမ တစ်ညပြန်အိပ်တတ်သည်။ 'ဘိုရဲ' က ဆိုင်မှာအနေများပြီး အိမ်ကိုတစ်ခါတရံမှ ပြန်လာတတ်၍တော်သေးသည်။

"ဟိုဘက်ခန်းက တံခါးတွေ ပိတ်ထားတယ်နော်... 'ဦးသန်းအောင်' တို့သားအဖတွေ မရှိကြတော့ဘူးနဲ့တူတယ်"

"ဟုတ်တယ်... မျက်စေ့ပြဖို့ ပဲခူးဆရာတော်ဆီ သွားတယ်ဆိုသလားပဲ"

ပထမတစ်ပတ် သူမကို ညာ၍ရသော်လည်း၊ နောက်တစ်ပတ် ပြန်လာသောအခါ မျက်ရည်အဝဲသားဖြင့်...

" 'မေရီ' ညာတယ်နော်... 'ကိုရဲ' တို့ပြောင်းသွားပြီဆို"

"ဘယ်သူပြောလဲ"

"အလုပ်ရုံမှာ ပြောနေကြတယ်"

"ပြောင်းသွားတော့လည်း ငါ့သမီးမငိုရတော့ဘူးပေါ့ကွယ်... အပြစ်ရှာစရာ မရှိတော့ဘူးပေါ့... ဒီမှာ ပြန်လာနေတော့ပေါ့"

"နေမှာ နေမှာ ဟိုမှာ ယောက်ျားတွေအများကြီးပဲ ခေါင်းပုတ်လိုက်ကျောပုတ်လိုက်နဲ့ အိမ်ရှင်အဖိုးကြီးကလည်း မုန့်ဘိုး

ပေးသလိုလိုနဲ့ လက်ကိုခဏခဏဆွဲသေးတာ”

“ ‘မေနီ့’ ကို ပြောမပြဘူးလား”

“ မေနီ့’ ဒေါ်သကိုကြောက်လို့”

“အေး ဒါလဲဟုတ်တာပဲ... သူက ဘယ်ကိစ္စမဆို ဝုန်းဒိုင်းကြဲဖို့ပဲ အရင်စဉ်းစားတတ်တာ... နက်ဖြန် အဝတ်အစားတွေ သယ်ပြီး ပြန်လာခဲ့တော့”

နောက်နေ့ ‘ခင်လေး’ ရောက်မလာဘဲ ‘မြင့်နီ’ က ဒေါ်ကြီးမောကြီးဖြင့်...

“လူတစ်ယောက်ခေါ်ထားဖို့ဆိုတာ တော်ယုံစေတနာနဲ့ဖြစ်တာ မဟုတ်ဘူး ‘မမရီ’ ရဲ့... သူတို့ကစေတနာနဲ့ ခေါ်ထားပါလျှက် ဘာပြဿနာမှမဖြစ်ဘဲ အိမ်ပြန်ချင်တယ်ဆိုတော့ စိတ်ခုသွားမှာပေါ့ ခုဆိုဘာပဲဖြစ်ဖြစ် စားဖို့ဝတ်ဖို့အပြင် မုန့်ဘိုးကလည်းပေးသေးတာ”

ဒါလဲ ဟုတ်နေသဖြင့်...

“ကိုယ်သက်သာတာကြီးပဲ ကြည့်နေလို့မဖြစ်ပါဘူး ညီမရယ် ကလေးက နောက်နှစ်ဆိုအရွယ်ရောက်ပြီလေ... သူများအိမ်မှာမထားသင့်တော့ဘူး... ဒီမှာလဲ ‘ဘိုရဲ’ တို့ပြောင်းသွားကြပြီဆိုတော့...”





“ကဲ နောက်ထပ် ဘယ်သူတွေပြောင်းလာမယ်ဆိုတာ စောင့်မကြည့်သင့်ဘူးလား... သူတို့ထက်ဆိုးတဲ့လူတွေ ရောက်လာမှ ဒီမှာ မနေချင်ပါဘူးဆိုရင် မေမေကြီး တို့က ပြန်ခေါ်ဦးမှာတဲ့လား”

“အင်း ဒါလဲဟုတ်တာပဲ... နောက်ပြောင်းလာမယ့်လူတွေရဲ့ အခြေအနေကို စောင့်ကြည့်သေးတာပေါ့...နွေရာသီကျောင်းပိတ်ရက်မျိုးဆိုရင်တော့ ငါ့ဆီကို လွှတ်ထားပါအေ”

“တနင်္ဂနွေတစ်ရက်လွှတ်မယ်လေ... အလုပ်ရုံမှာသုံးလ ဝင်လုပ်ရင် ကျောင်းစရိတ် အေးအေးဆေးဆေး လုံလောက် တယ်”

ဒီ မိန်းကလေး ငွေစကားတယ်ပြောပါလားနော်။ သူကတော့ တူမကို ဟိုမှာခေါ်ထားပြီး ချစ်ကြင်နာမှုတွေ ပေးယူနေပြီး မိမိကိုတော့ လွှမ်းစေပေါ့လေ။

သုံးလသာပြည့်သွားသည် 'ဘိုရဲ' တို့အခန်းဘက်သို့ လူသစ်ဝင်မလာသေးသဖြင့် အိမ်ရှင် 'ဒေါ်အေးကွန့်' ထံ စုံစမ်းရန်ထွက်ခဲ့မိသည်။

"ဟော 'မြင့်ရီ' ဘယ်ကနေလှည့်လာတာလဲ"

"တမင်လာတာ 'မမကွန့်'…"

"ဘာများအကြောင်းထူးလို့လဲဟဲ့"

"မဟုတ်ပါဘူး… 'ကိုအုံ့မောင်' တို့အခန်းကို လူမဝင်သေးလို့ နေချင်တဲ့လူရှိတဲ့အကြောင်း လာပြောတာပါ"





"ငှားပြီးသွားပြီကွဲ့… ငှားတဲ့လူတွေက အခုနယ်မှာလေ… ဝန်ထမ်းလင်မယားပေါ့… မကြာခင် ပင်စင်ယူကြတော့မှာ တစ်နှစ်ကျော်လောက်တော့လိုပါသေးတယ်… အလုပ်ကပြောင်းလာ ရင် အရံသင့်နေနိုင်အောင်ဆိုပြီး စဘော်ကြိုပေး တစ်နှစ်စာလစာကြိုပေးပြီး ငှားထားတာ"

"ဟုတ်လား… ကြားရတာဝမ်းသာလိုက်တာ… ဟိုယောကျ်ား ငယ်ငယ်တို့ စရိုက်မကောင်းတဲ့လူတို့ဆိုရင် မငှားပါနဲ့နော်… အဲ့ဒါလေးတစ်ခုတော့ ကူညီပေးပါ… 'မြင့်ရီ' တို့ နေရထိုင်ရတာအထိတ်တလန့်ရှိလွန်းလို့ပါ"

"ကျုပ်ကိုသာ ပြောတာပါဟယ်… ညည်းတို့လည်းချက်ကတော့ ကမ်းကုန်တယ်… အိမ်ကိုတစ်ဆင့်များ ပြန်ငှားစားရတယ်လို့ မိန်းမပျက်အစစ်များတင်မိရင် ညည်းတို့ပါ အချုပ်ထဲရောက်မှာသိရဲ့လား"

ကိုယ့်မှာအပြစ်ရှိ၍ ပြောသမျှသာ ခံပေတော့ပေါ့။

"တကယ်လို့ 'မအေးနွဲ့' တို့ပါပြောင်းမယ်ဆိုရင် ခုလိုပဲ လူသန့်လေးတွေ ရွေးပေးပါနော် 'မမကွန့်'… ကိုယ့်ညီမ ကိုယ့်တူတူမတွေလိုပဲ ဖြစ်နေပြီပဲဟာ"

"အေးပါ ကျုပ်တို့လည်း ပိုက်ဆံမရှိလို့ လူငှားတွေတင်

တင်နေရတာပါ... ညည်းတို့ပဲ တစ်ခြံလုံးငှားချင်ငှားလိုက်ပါ လား"

"ပင်စင်ယူမယ့် လင်မယားကို ငှားပြီးပြီဆို"

"အေးလေ သူတို့ပြန်ထွက်ရင် ညည်းတို့ဆက်ငှားလိုက်ပေါ့... 'အေးနွဲ့' တို့ထွက်ရင်လည်း ငှားလိုက်ပေါ့"

"ငှားချင်တာပေါ့... ဘယ်တတ်နိုင်ပါ့မလဲ... တစ်ခုတော့ ရှိတာပေါ့လေ... ကလေးတွေဘွဲ့ရအလုပ်ရ အိမ်ထောင်တွေကျ ကုန်ရင်တော့ တစ်ယောက်တစ်ခန်းစီ ငှားလိုက်ရင်ပြီးပြီ"

"အေးပေါ့... တစ်နေ့ ဖြစ်လာမှာပေါ့အေ"

ဘာပဲဖြစ်ဖြစ် တစ်နှစ်ကျော်လောက်ကတော့ လွတ်လွတ် လပ်လပ် နေရပါဦးမည်။

" 'မချစ်စု' ရေ... 'ကိုရဲ' တို့ ဘယ်ပြောင်းသွားသလဲ သိလားဟင်"

'ခင်လေး' ၏ အသံဖြစ်သည်။

"တာမွေဘက်လို့ပြောတာပဲ... အမေသွားနိုပ်ရင်း 'ဦးအုံ့ မောင်' နဲ့လမ်းမှာ တွေ့တုန်းကပြောတာ ကြာပြီပဲ... ခြောက်လ လောက်တောင်ရှိပြီထင်တယ်"

" 'ကိုရဲ' က လာလည်ဖော်တောင် မရဘူးနော်"





"သူက ဘဝင်တော့နည်းနည်းမြင့်တယ်ဟ... ခုဆိုအရပ်ပို ရှည်လာပြီး ပိုချောလာတယ်ပြောတာပဲ... ကောင်မလေးတွေ ကကြီး စ ကြိုက်တာလို့ 'အဘဦးအုံ့မောင်' က ကြွားသွားသေး တယ်"

" 'မချစ်စု' တို့ကတော့ ဒီကပြောင်းမသွားပါနဲ့နော်.. 'ခင်လေး' ထပ်မလွမ်းချင်လို့ပါ"

ငိုသံလေးဖြင့်ပြောနေသော တူမ၏ ရင်တွင်းဝေဒနာကို 'မြင့်ရီ' အငှားခံစားပေးနေမိပါသည်။

အပျိုဘော်ဝင်စ စိတ်ကစားသည့်အရွယ် သွေးလေ ခြောက်ခြားပြီး လေကြမ်းကြမ်းတိုက်လည်းငိုချင်၊ သစ်ရွက်က လေးကြွေကျလည်း ငိုချင် ဖြစ်တတ်ကြသည်မဟုတ်လား။ လွမ်းစိတ်၊ ဆွေးစိတ်တွေ ခါတ်ခံရှိနေခဲ့သော 'ခင်လေး' ခမြာ မှာတော့ ဆွေးမြေ့သောမျက်ဝန်း လေးများဖြင့် အဝေးကိုမကြာ ခဏ ငေးနေတတ်ပါသည်။

တစ်ခါတရံ အိပ်ခန်းထဲဝင်ပြီး အရုပ်မကို ပန်းပန်ပေး လိုပေး၊ သီချင်းဆိုပြလိုပြနှင့် တစ်ယောက်တည်း စကားတွေ ပြောနေတတ်သည်။

"ဒီနှစ် ကျောင်းပြန်ဖွင့်ရင် 'ခင်လေး' ကို ဒီမှာပြန်ထားပြီး

'မျိုးသန့်' ကို နင့်ဆီခေါ်ထားရင် ကောင်းမယ်နဲ့တူတယ်"

"ဘာဖြစ်လို့လဲ"

"'ဘိုရဲ' အန္တရာယ်ကကင်းတော့ 'ချစ်စု' က တစ်စခန်းထနေ ပြန်ပြီလေ... ရေချိုးခန်းအဝထိ ရပ်ပြီးစကားပြောလိုပြော... အိမ်ပေါ်တက်ပြီး ပြောလိုပြောနဲ့"

"ကိုယ့်ဘက်က ယောကျ်ားလေးပဲ"

"မလုပ်နဲ့... တော်ကြာ ယူနိုင်းနေမှ ပညာတစ်ဝက်တပျက်နဲ့ မပေးစားနိုင်ပါဘူး... "

"အံမယ်လေး ခြေပြတ်ကိုယောက္ခမတော်ဖို့ ကျွန်မလက်တွေ ဘုသီးထအောင် အလုပ်လုပ်နေတာမဟုတ်ဘူး... ကျုပ်တို့တူ အဆင့်မြင့်မြင့်နေရအောင် ပညာတွေသင်ပေးထားတာ... ခက်တာက 'မျိုးသန့်' ကိုခေါ်သွားရင် ညရေးညတာကျတော့ ကျားကျားရားရား ယောကျ်ားသားမရှိဘဲနေမှာပေါ့"

"အဲ့ဒီအချိန်လောက်ကျရင် ပင်စင်စားလင်မယားတွေ ရောက်လာလောက်ပါပြီ... ပြောင်းလာတဲ့အချိန်ထိတော့ စောင့်ရမှာပေါ့"

" 'ချစ်စု' ကိုလည်း အနေအထိုင်ဆင်ခြင်ဖို့ ပြောလိုက်မှ ထင်တယ်"





"မပြောပါနဲ့... ကိုယ့်အိမ်ကလူမဟုတ်ဘူးလေ... ကိုယ်ဆုံးမလို့ ဘယ်ကောင်းပါ့မလဲ... 'မျိုးသန့်' ကိုလိုတာထက်ပိုမရောဖို့ ပြောထားရင်ဖြစ်ပါတယ်... ဘာပဲဖြစ်ဖြစ် 'ချစ်စု' ရှိတော့ ငါ့အတွက်ရော 'ခင် လေး' အတွက်ရော မိန်းမဖော်တော့ရတာပေါ့"

## ၁၅

"ဒီနေ့ 'ကိုရဲ' ကို ကမာရွတ်မီးပွိုင့်မှာတွေ့ခဲ့တယ်... ကားတစ်စီးပေါ်မှာပါသွားတာ... သားသားနားနား ဝတ်စားထားတာ မင်းသားကျနေတာပဲ"

"မင်းကို မခေါ်ဘူးလား"

"သူက ကျွန်တော့်ကိုမမြင်ဘူး... စလွန်းကားပေါ်မှာ စကားပြောရင်းနဲ့ပါသွားတာ... ကျွန်တော်က ဟီးနိုးပေါ်က မို့မြင်လိုက်တာ ဆွဲကြိုးနဲ့ဟန်းချိန်းနဲ့ လက်စွပ်နဲ့ဗျ"

'မြင့်နီ' က မျက်နှာကိုမဲ့ပြီး...





"အထင်ကိုမကြီးတာ... မင်းဘွဲ့ရရင် အလုပ်ကောင်းကောင်းရှာ... ပြီးရင် ဘွဲ့ရပြီး ပိုက်ဆံရှိတဲ့မိန်းမကိုယူ"

"ဘွဲ့ရပြီးတိုင်း အလုပ်ကောင်းကောင်းရဖို့က လွယ်တာမဟုတ်ဘူး 'မေနီ' ရ... ကိုယ့်ရှေ့မှာ ဘွဲ့ရပြီးသားတွေက တန်းစီနေတာ"

"ဒါဆိုလဲ ဝင်ငွေကောင်းမယ့်အလုပ်တစ်ခုခု လုပ်ပေါ့"

"ပြောတော့သာလွယ်တာနော်... အရင်းအနှီးမှ မရှိတာ"

"ရှိတဲ့ ရွှေရောင်းပေးမှာပေါ့"

" 'မေနီ' ကလည်း... 'မေနီ' တို့ရွှေက နှစ်ကျပ်သားလောက်ပဲရှိတာ... ဘာသွားလုပ်လို့ရမှာလဲ... အရင်းများမှ အမြတ်များမှာပေါ့"

"ဟဲ့ နင်ပြောပုံဆို ဘာပညာမှမတတ်ဘဲ အရင်းအနှီးလည်း ဘာမှမရှိဘဲ 'ဘိုရဲ' ချမ်းသာလာတာကျတော့ရော"

"ရွှေလေးဝတ်ပြယုံနဲ့ချမ်းသာတယ် ပြောလို့မရပါဘူး 'မေနီ' ရာ... ကဲ သူများဟာ ငှားဝတ်ထားရင်ကော... အတုတွေဖြစ်နေရင်ကော... အထင်မကြီးပါဘူးဗျာ"

"အေး ငါကလည်း ငါ့တူကိုပဲအထင်ကြီးချင်တာ... သူများထက်တော်စေချင် တတ်စေချင် ချမ်းသာစေချင်တာ"

ပြောမယ့်သာပြောရတာပါ။ 'မျိုးသန့်' က မိမိတို့ထင်ထားသလို မတော်ပါ။ ဘွဲ့လေးတစ်ခုရအောင် ယူပြတာပဲရှိမှာသေချာသည်။ ယနေ့ နောက်ဆုံးနှစ်သာ ရောက်လာသည်။

ဘာတစ်ခုမျှ ငွေရဖို့၊ ဝင်ငွေရဖို့၊ မစဉ်းစားသေး။ အိမ်ကပေးသည့် မုန့်ဘိုးဖြင့်သာ ကျေနပ်နေသည်။ ကျောင်းအားရက်များတွင် ငွေဝင်အောင်လုပ်လို့ရတာပဲ။ 'ခင်လေး' တောင်ကျောင်းပိတ်ရက်ဆို မုန့်မျိုးစုံလုပ်ငန်းထဲတွင် ဝင်လုပ်စမြဲ။

'မျိုးသန့်' ကိုလည်း ကားမောင်းပေးဖို့ခေါ်သည်။ ဒရိုင်ဘာ နာမည်တွင်မှာစိုး၍ မမောင်းပါ။ ကိုယ်ပိုင်ကားဝယ်ပြီးမှမောင်းပြမည်ဆိုပဲ။

'ခင်လေး' အိပ်မပျော်သဖြင့် ဝရံတာတွင် ထွက်ထိုင်နေသည်မှာ အတော်ကြာသွားပြီ။

"ဟဲ့ သမီး အိပ်တော့လေ… မနက်ကျောင်းသွားရမှာ"

တက္ကသိုလ်မြေကို ခြေချရတော့မှာမို့ 'ခင်လေး' ရင်တွေခုန်နေပါသည်။ အိပ်ယာထဲဝင်ပြီးသည့်တိုင် မျက်လုံးကကျယ်နေဆဲ။

" 'မေမေရီ'…"

"ဘာလဲ သမီး"





"သမီး ကျောင်းသွားမတက်တော့ပါဘူး"

"ဟဲ့ ဘာဖြစ်လို့လဲ… ဘုရား ဘုရား ဘာစိတ်ကူးပေါက်သွားတာလဲ… ဒီလိုတက္ကသိုလ်ကျောင်းသူကြီး ဖြစ်စေချင်လွန်း လို့အနှစ်နှစ်အလလက စိတ်ကူးယဉ်ခဲ့ရတာပါ"

"အင်း လေးနှစ်တောင်တက်ရမှာလေ… 'ကိုသန့်' ကလည်း တစ်နှစ်ကျန်သေးတာဆိုတော့ နှစ်ယောက်စာတောင်ကုန်မှာ"

"ဘာဖြစ်တုန်း… ကျောင်းပိတ်တုန်းက သမီး စုထားတာလေးတွေရှိတာပဲ"

" 'ကိုသန့်' က ကျောင်းပြီးသွားလို့ အလုပ်တစ်ခုခုရှာမလုပ်ရင် 'မေရီ' တို့ အရမ်းပင်ပန်းသွားမှာစိုးလို့ပါ… ခုဆို 'မေရီ' တို့ဆံပင်တွေဖွေးလာပြီ"

"ရတယ် ဒါ သဘာဝပဲကွယ်… ကျောင်းတော့ မထွက်ရပါဘူး ဘွဲ့ဝတ်စုံလေးနဲ့ ဓါတ်ပုံလှလှလေးကို ဟော့ဒီနံရံမှာချိတ်ရရင်သေပျော်ပါပြီ သမီးရယ်"

"ဟာ သေမယ့်စကားတော့ မပြောပါနဲ့ 'မေနီ' ရယ်… ခုမှ ၅၀ ကျော်ပဲရှိသေးတာ… နိုင်ငံခြားမှာဆို ငါးဆယ်ကျော် တွေအိမ်ထောင်ပြုတုန်းရှိသေးတာ"

"ဒီကောင်မလေး မဖွယ်မရာတွေ မပြောစမ်းနဲ့... ငါ ရိုက်လိုက်လို့"

ကောလိပ်ကျောင်းသူ အသစ်ကျပ်ချွတ်လေးကို ကြည့်ရသည်မှာ လွန်စွာလှပပြီး ကျက်သရေရှိလှပေသည်။

" 'ခင်လေး' အတွက်..."

'ချစ်စု' က မျက်ရည်လေးဝဲ၍ နှင်းဆီပန်းခက်လေးတစ်ခက်နှင့် သူမကိုယ်တိုင် ထုတ်ထားသော နေကြာစေ့၊ မြေပဲလှော်နှင့်အချဉ်ပေါင်းထုပ်ကလေးများကို ကျောင်းတွင်စားဖို့ လက်ဆောင်လာပေးခြင်းဖြစ်သည်။

" 'ခင်လေး' က အရမ်းလှတာပဲ... ခုလို လွယ်အိတ်အသစ်ကလေးလွယ်ပြီး ချိတ်ဝမ်းဆက်လေး ဝတ်ထားတာကို မြင်ရတာလေ 'ချစ်စု' မျက်လုံးထဲမှာတော့ မယ်ကမ္ဘာဆုရတဲ့သူလို့ပဲ မြင်နေတယ်"

" 'ချစ်စု' က မြှောက်နေပြန်ပါပြီကွာ"

"တကယ်ပြောတာ... ကိုယ်ကျောင်းမနေခဲ့ရပေမယ့် ဆယ်တန်း မအောင်ပေမယ့် ဘွဲ့မရနိုင်ပေမယ့် ကိုယ့်အိမ်နီးချင်း ငယ်သူငယ်ချင်းအတွက် ကျေနပ်တယ် ဂုဏ်ယူတယ်... 'ခင် လေး' လို အပ်တာရှိရင် ပြောနော်... 'ချစ်စု' မှာ အဝတ်သစ်တွေ





အများကြီးရှိတယ်... ယူဝတ်ချင်ဝတ်နော်"

'ခင်လေး' က သူမ ပခုံးလေးကိုဖက်ရင်း...

"ခုလိုပြောဖော်ရတာနဲ့ပဲ 'ခင်လေး' က ကျေနပ်နေပြီ... ဒါပေမဲ့ 'ခင်လေး' ရှိတာနဲ့ပဲဝတ်မှာပါ... ကြွားဖို့မှမဟုတ်ဘဲ... 'မေရီ' တို့ 'မေနီ' တို့ရဲ့ ဇင်းမယ်တွေ ချိတ်တွေရထားတယ် လေ... အရောင်တူအင်္ကျီလေးတွေ ချုပ်လိုက်တယ်... ဝမ်းဆက် အသစ်သုံးစုံချုပ်ထားတယ် တော်ပြီလေ... ကဲ သွားမယ်နော်"

ခြံတံခါးဖွင့်နေတုန်း ပင်စင်စား 'ကြီးကြီးလှိုင်' က မုန့်ဘိုးတစ်ရာပေးလိုက်သေးသည်။

'ခင်လေး' သတိထားမိသည်။ လမ်းလျှောက်တာ မြေကြီးနှင့် မထိသလိုပါပဲလား။ လေထဲလွင့်နေသလိုပါပဲလား။

'ခင်လေး' လို မြင့်မြင့်ချောချောတွေ ကျောင်းမှာတစ်ပုံကြီးပါပဲ။ ဒါပေမဲ့ 'ခင်လေး' ကို တမင်လာကြည့်သော တခြားမေဂျာမှကျောင်းသူ၊ ကျောင်းသားများ၊ နှစ်ကြီးသမားများကို တွေ့ရသည်။

"ကျွန်တော်တော့ ကျောင်းတောင် ဆက်မတက်ချင်တော့ဘူး"

"ဟဲ့ ဘာဖြစ်လို့တုန်း... နောက်ဆုံးနှစ်တောင် ရောက်နေ

ပြီ"

"ဟာ 'ခင်လေး' ကျောင်းရောက်လာတာ တကယ့်ပြဿနာပဲ နန်းတွင်းသူ နန်းတွင်းသူ ဆိုပြီး နာမည်ကြီးနေလို့ လိုက်ကြည့်တော့ ကိုယ့်ညီမဖြစ်နေတယ်လေ"

"ဘာဖြစ်လို့ နန်းတွင်းသူ လို့ ခေါ်ကြတာလဲ"

"သူက ချိတ်တွေဇင်းမယ်တွေကြီးပဲ ဝတ်ပြီး ဆံပင်ရှည်ကြီးကိုကျစ်ဆံမြီးကျစ်... ရှေ့ဘက်မှာချ... လွယ်အိတ်ကလေးနဲ့ ဒီလိုလမ်းလျှောက်ပြီး ပဲများလွန်းလို့ပြောတာ"

'မျိုးသန့်' အခြောက်လိုလျှောက်ပြသဖြင့် 'ခင်လေး' က ကြမ်းပြင်ကိုလက်ဖြင့်ထုရင်း ရှက်ပြီး အော်ငိုပါတော့သည်။

'ခင်လေး' ငိုတာကိုကြည့်ပြီး 'မြင့်ရီ' ရော၊ ပင်စင်စားလင်မယားရော၊ တစ်ဖက်ခန်းမှ 'ချစ်စု' တို့သားအဖရော အသံထွက်၍ရယ်ကြပါသည်။

"တော်ပြီ ကျောင်းမသွားတော့ဘူး"

"ကောင်းတယ်... ဒါမှ ယောက်ဖ ယောက်ဖလို့ အခေါ်ခံရတာသက်သာမှာ"

"ဟွန်း ဘယ်ကျောင်းတက်စေချင်မှာလဲ... သူ့ရည်းစားရှိတာ လူသိမှာစိုးလို့ မဟုတ်လား... 'မေရီ' ရေ... 'ကိုသန့်'





ရည်းစားက မာနကြီးမယ့်ပုံကြီး... သမီးကိုကြည့်တာ နှိမ်သလိုကြီးပဲ"

"အေးပေါ့... နင်က ဂေါ်ပုံစံကြီးကို... သီပေါမင်းလက်ထက်က လှည်းမဆန့်လိုကျန်ခဲ့တဲ့ပုံကြီး... မရှိမှန်းလူသိလွန်းတယ်... တစ်လလည်းမဟုတ် နှစ်လလည်းမဟုတ်... ရှေးခေတ်ကဇင်းမယ်နဲ့ ချိတ်ကြီးပဲဝတ်နေတော့တာကိုး... တော်ကြာ လူကြားထဲယိုပြီး ပြသွားမှ အရှက်ကွဲနေဦးမယ်"

"ကိုယ်ကဆင်းရဲသားပဲ မရှက်ပါဘူး"

"နင်ကတော့ ပိုကိုပိုတာပါ... ကျောင်းမှာဆင်းရဲသားတွေ တစ်ပုံကြီးပဲ... ကြည့်ကောင်းအောင်တော့ ဝတ်ကြတာပဲ... နင်ကထွင်နေတာ စတားလုပ်နေတာ... ဟိုလူက ခါတ်ပုံချောင်း ရိုက်ဒီလူကခါတ်ပုံချောင်းရိုက်လိုက်နဲ့ ရှက်စရာကြီး"

"ဟဲ့ သူချောလို့လှလို့ ရိုက်တာပဲ... ကိုယ်ကအရိုက်ခံချင်လို့ ပိုက်ဆံပေးရိုက်တာမှ မဟုတ်ဘဲ... ကျောင်းမဂ္ဂဇင်းမျက်နှာဖုံးရိုက်ဖို့တောင် ပြောထားသေးတယ်ဆို"

'ခင်လေး' က မျက်နှာကိုပုပ်ပြီး ထိုင်နေသလို၊ 'မျိုးသန့်' ကလည်း မျက်စောင်းထိုးပြီး ကြည့်နေပါသည်။

"ရည်းစားထားကြည့် လက်သီးစာမိမယ်မှတ်"

"သူ့လိုများမှတ်နေလား... ဘွဲ့ရပြီးရင် အလုပ်လုပ်ပြီး ကြီးဒေါ်တွေကို တစ်လှည့်ပြန်ပြီးလုပ်ကျွေးမှာသိရဲ့လား"

"ကောင်းတာပေါ့... ငါကလည်း နင် ရှာကျွေးမယ်မှန်းသိလို့မပူတာ"

"ကဲ တော်ကြတော့ နားငြီးတယ် အိပ်ကြတော့"

'ဒေါ်ခင်ရီ' ဗိုက်ထဲကရစ်ပြီးနာလာသဖြင့် အိမ်သာထွက်ဖို့ တံခါးကိုဖွင့်သောအခါ တံခါးကပွင့်နေသဖြင့် အိမ်ထဲပြန်ဝင်ပြီး ဘယ်သူ အိမ်သာထွက်သလဲ ပြန်စစ်ဆေးမိသည်။

'ခင်လေး' က သူ့အခန်းထဲတွင် အိပ်နေသည်။ 'မျိုးသန့်' ကို မတွေ့။

အိမ်သာက ပြန်လာချိန်အထိ ထိုင်စောင့်နေသည်မှာ မိနစ်၂၀ လောက်ကြာသွားသဖြင့် မနေနိုင်တော့။ အိမ်သာသို့ပြေးပြီး...

"ဟဲ့ 'ကိုသန့်' မပြီးသေးဘူးလား စောင့်နေတာကြာလှပြီ"

အိမ်သာထဲမှ ထူးသံမကြားရသဖြင့် ဆွဲကြည့်သောအခါ သော့ခတ်ထားသည်။

"ဒီကောင်လေး ညဉ့်နက်တဲ့အထိ ဘယ်သွားနေသလဲ





မသိပါဘူး"

အိမ်ကိုပြန်ပြီး အိမ်သာသော့ကို ယူရသလို၊ အိမ်ကိုလည်းသော့ခတ်ရသည်။ အိပ်ပျော်နေတော့ အိမ်ထဲလူဝင်နေ တာကို 'ခင်လေး' က သိမှာမဟုတ်။

"ဟဲ့ လန့်လိုက်တာ... ဘယ်လျှောက်သွားနေတာလဲ"

"အိပ်လို့မရတာနဲ့ လမ်းထိပ်လက်ဘက်ရည်ဆိုင် သွားထိုင်နေတာ"

"မင်းကတော့ လုပ်မယ်... တံခါးစေ့သွားတော့ အိမ်ကို သူခိုးဝင်ရင် ဘယ်နှယ့်လုပ်မလဲ"

ကျောင်းသွားကာနီး 'ခင်လေး' တွေဝေနေသည်။

ချိတ်တွေ၊ ဇင်းမယ်တွေကို မဝတ်ရတော့ဘူးလား။ ခေတ်ပေါ် ပိုးဝတ်စုံ၊ ပါတိတ်ဝတ်စုံ၊ ပိတ်သားဝတ်စုံဆယ်စုံမကရှိပါသည်။ သို့သော် မိမိ ကျောင်းသူများကို ကြောက်စရာမလို။ မကြည့်ချင်နေပေါ့။

" 'ခင်လေး' ရေ... ရှေ့ ပေဘာဒီမှာ ဝမ်းဆက်တွေတစ်ပုံကြီးပဲ 'ချစ်စု' နဲ့ ကိုယ်လုံးခြင်းအတူတူပဲဟာ... ယူဝတ်... အပိုင်ယူချင်လဲယူလိုက်တော့"

"ဟာ မဟုတ်တာ... 'ချစ်စု' စေတနာကိုသိပါတယ်...

ဒါပေမဲ့ ရှိတာနဲ့ပဲ ရောင့်ရဲတင်းတိမ်တာ အကောင်းဆုံးပါပဲ ကွာ… ဟောဒီမှာ အသစ်တွေရှိပါတယ်… တမင် မဝတ်ဘဲကို ထားထားတာ”

ကျောင်းမဂ္ဂဇင်းထွက်လာတော့ ‘ခင်လေး’ ၏ ချိတ်ထ မိန်၊ လွယ်အိတ်နှင့် မြန်မာဆန်ဆန် မျက်နှာဖုံးလေးက ကြွကြွရွရွလှလှပပလေးဖြစ်နေပါသည်။

“လှလိုက်တာ သမီးရယ်… ဒီပုံလေးတောင်းကြည့်ပါလား… မှန်ဘောင်ထဲ ထည့်ထားရအောင်လေ”

“အို မတောင်းတော့ပါဘူး… ဒီစာအုပ်ကို မှန်ဘောင်ထဲ ထည့်ထားလိုက်ရင် ပြီးတာပဲ”

ဘွဲ့မရခင်မှာပင် ‘ခင်လေး’ ၏ ဓါတ်ပုံလေးက ဧည့်ခန်းထဲတွင် နေရာယူနိုင်ခဲ့ပါပြီ။

“ ‘ဒေါ်လေးရီ’ ”

“ဟဲ့ လန့်လိုက်တာ ‘ချစ်စု’ ရယ်… အသံမပေးဘာမပေးနဲ့ မှောင်ကြီးထဲမှာခေါ်ရတယ်လို့”

ညဆယ်နာရီခန့် အိမ်သာမှပြန်လာချိန် ‘ချစ်စု’ က ရေချိုးခန်းနားမှ စောင့်ခေါ်ခြင်းဖြစ်သည်။

“ပြောစရာရှိလို့ပါ”





“အချိန်ရှားနေရာရှားလို့ကွယ်… လာ လာ အိမ်ထဲကို”

“ဟင့်အင်း… ဒီမှာပဲ ပြောပါရစေ… ဟိုလေ ‘ချစ်စု’ မှာ ကိုယ်ဝန်ရှိနေပြီ”

“ဟဲ့ ဘယ်သူနဲ့တုန်း… လက်မထပ်ဘဲ ဘာလို့ဒီလိုဖြစ်အောင်နေရတာလဲ… ပြောစမ်း ဘယ်သူနဲ့ဖြစ်တာလဲ”

“ဟိုလေ ‘ကိုသန့်’ နဲ့…”

“ဟင် မဖြစ်နိုင်တာ”

“တကယ်ပါ… ‘ကိုသန့်’ ကို မယုံရင်မေးကြည့်ပါ… သူလေ ‘ချစ်စု’ ရဲ့ ရွှေတွေလဲခဏဆိုပြီး ယူပြီး ပြန်မပေးသေးဘူး”

“ဟင်”

‘ဒေါ်မြင့်ရီ’ ခေါင်းတစ်ခုလုံး ထူပူနေပါပြီ။

“အေး အေး မနက်ကျတော့ ရှင်းကြတာပေါ့”

‘ခင်လေး’ ကျောင်းသွားချိန်ကျမှ မျက်နှာချင်းဆိုင် ရှင်းကြပါသည်။

“သူ့ကို ကလေးမယူနဲ့ဦးလို့ ပြောထားသားပဲ… အလုပ်အကိုင်ရမှ လက်ထပ်မယ်လို့ပြောထားတာ”

“ကဲ သူ့ရွှေကရော ဘာလုပ်ဖို့ယူထားတာလဲ”

“ဘွဲ့ယူတဲ့နေ့ ဝတ်စုံနှစ်စုံလောက် ဝယ်ချင်လို့… ညပ်

ဖိနပ်ရော ရှူးဖိနပ်ရော ဝယ်ချင်လို့"

"အိမ်ကစီစဉ်ပေးတာနဲ့ပဲ ဝတ်ပေါ့ကွာ... ဒါကြောင့် ကျောင်းပိတ်ရက်တွေ အလုပ်ဝင်လုပ်လို့ပြောတာပေါ့... 'မြင့်နီ' သိရင်မိုးမီးလောင်ဦးမယ်... ရွှေကိစ္စကပြန်လျော်လို့ရတယ်... ဗိုက်ကိစ္စက မင်း လျော်ရမယ့်ကိစ္စ"

'ချစ်စု' က တအိအိငိုရင်း...

" 'ချစ်စု' က အလျော်လိုချင်လို့ လာပြောတာမဟုတ်ပါဘူး... လေးလတောင်ရှိနေပြီဆိုတော့ အမြန်လက်ထပ်မှုကို ဖြစ်တော့မှာမို့လို့ပါ"

'မြင့်နီ' ရောက်လာတော့ ပွဲကြမ်းပြီပေါ့။

"ညည်း အပိုင်ဖမ်းတာကိုး... ယောကျ်ားလေးက မယူနိုင်ပါဘူးပြောထားလျှက်နဲ့ ဘာဖြစ်လို့ အထုပ်အထည်ကိုလက်ခံခဲ့သေးလဲ... ကောင်းတယ် ဟိုကောင်လည်း ကမြင်းချင်ဦး... ဘွဲ့ရပြီးတော့ မိန်းမ ကောင်းကောင်းရမလား အောင်းမေ့တယ် ခုတော့ မင်းပါ နေကြာစေ့လှော် ကွာစေ့လှော်ပေတော့"

"အို ကျွန်တော့်မှာ ရည်းစားရှိတယ်... မယူနိုင်ပါဘူး"

'ချစ်စု' နေ့ရောညရော ငိုနေယုံ။ 'အေးခွဲ့' က ရပ်ကွက်တွင် သွားတိုင်သဖြင့် တကယ်လည်း ကိုယ်ဝန်ရှိနေသဖြင့် မယူ





လျှင်မဖြစ်တော့။

'ခင်လေး' ခမြာ အိမ်တွင်းအပူကြောင့် သူမ၏ ရင်ခုန်ဖွယ်ရာ ဓာတ်လမ်းနှင့် လက်ဆောင်ပစ္စည်းထုပ်ကလေးကို သူငယ်ချင်းတစ်ယောက်ထံတွင် ဖွက်ထားရသည်။

လွယ်အိတ်ထဲရှိ စာအုပ်တစ်အုပ်၏ အဖုံးကြားတွင်တော့ စာလေးတစ်စောင် ရှိနေပါသည်။

မနက်ကျောင်းသွားခါနီး တစ်ခါ၊ ညဘက်စာဖတ်လျှင် တစ်ခါ ထုတ်ဖတ်ကြည့်မိသည်။

မြတ်နိုးမိရပါသော 'ခင်မျိုးလှ' အတွက်...

ပန်းတွေပေါ်တဲ့ တောကြီးထဲမှာ ခင့်ရဲ့ အလှက ဘယ်ပန်းနဲ့မှမတူဘဲ တသီးတခြား ပွင့်လန်းနေခဲ့တယ်နော်...

မဂ္ဂဇင်းရဲ့ မျက်နှာဖုံးအတင်ခံရတယ်ဆိုတည်းက ချောလို့လှလို့ ပေါ်လွင်လို့ဆိုတာ သိပြီးသားပါ...

ကိုယ့်အမျိုးတစ်ယောက်အိမ်မှာ ခင်မျိုးလှ ပုံကိုမြင်ရပြီးတည်းက စွဲလန်းမိလို့ ကျောင်းကိုရောက်တာ နှစ်ခေါက်ရှိသွားပြီ...

အပြင်မှာ ပိုတောင်လှနေသေးတယ်...

ကြိုက်တဲ့လူတွေကလည်း ဝိုင်းဝိုင်းလည်လို့ဆို...

ဒါပေမဲ့ ဘယ်သူ့အချစ်ကိုမှလက်မခံသေးဘဲ 'ခင်မျိုးလှ' ရဲ့မျက်ဝန်းအစုံကတော့ တစ်စုံတစ်ဦးကို လိုက်ရှာနေသလိုပါပဲလား...

ခင်မျိုးလှ ရဲ့ မြန်မာဝတ်စုံ ဝတ်ပုံလေးကို နှစ်ခြိုက်သဘောကျမိတဲ့အတွက် လက်ဆောင်ထည့်ပေးလိုက်ပါတယ်...

ကို

နာမည်အပြည့်အစုံ မပါ။ လိပ်စာလည်း မပါပါ။

ပေးသည့်လက်ဆောင်က ဆိုင်မှာသွားမေးသောအခါ ချိတ်က တစ်သောင်း၊ ဓာကတစ်သောင်း။ လွယ်အိတ်က ပိုးလွယ်အိတ်၊ မြင်တောင်မမြင်ဘူး၊ ဘယ်ဆိုင်မှာမှ မတင်၊ စပါယ်ရှယ်သီးသန့်အပ်ထားကြောင်းသိရသည်။

'ခင်လေး' သက်ပြင်းချမိသည်။

'ခင်လေး' ရှာဖွေနေတဲ့သူက 'ကိုရဲ' ပါ။

'ကိုရဲ' ကိုတွေ့ချင်လွန်းသဖြင့် မျက်လုံးတွေမအားအောင်ရှာနေမိသည်။ တချို့ 'ခင်လေး' ကို မျက်လုံးကစားသည်ဟု မကြားတကြား ပြောကြသည်။ 'ကိုသန့်' က ကမာရွတ်မီးပွိုင့်တွင် 'ကိုရဲ' ကိုတွေ့ခဲ့ဖူးသည်ဟု ပြောဖူးသဖြင့် မိန်းကလေးတန်မဲ့ ထိုမီးပွိုင့်တဝိုက်တွင် တစ်ပတ်သုံးလေးခါတောင် ကိုယ်





ယောင်ပြနေမိတတ်သည်။

" 'ခင်လေး' လည်း ကြပ်ကြပ်သတိထား... ပညာတွေသင်ပေးထားလျှက်နဲ့ မိုက်လုံးကြီးရင် မြေပဲဆားလှော်သယ်နဲ့ရတတ်တယ်ဆိုတာ မှတ်ထား"

ကြီးဒေါ်အကြီးကတော့ တစ်အိမ်ထဲအတူတူနေရသဖြင့် တူဖြစ်သူ မတန်မရာနှင့် ယူလိုက်ရသည်ကိုကြည့်ပြီး သနား၍မဆုံးတော့။ ဒီဘက်အခန်းက ဟိုဘက်အခန်းကို ပြောင်းသွားခဲ့ရသည်။ ရုံးမှာ လက်မှတ်ထိုး မင်္ဂလာဆွမ်းကပ်ပြီး နှစ်လလောက်နေတော့ ဗိုက်က ထွက်နေပြီ။ နောက်သုံးလဆိုရင် မွေးတော့မည်။

ယောက္ခထီးကလည်း ခြေတစ်ဖက်မရှိ။ 'ချစ်စု' က ကိုယ်ဝန်ရင့်လာသဖြင့် ယောက္ခထီးကို သူက ရေချိုးပေးရသည်။ တကယ့်ကို မြေပဲဆားလှော် လှော်နေရသည်။ တခြားအလုပ်မှ သူမလုပ်တတ်ဘဲ။ ကလေးမွေးပြီးရင်တော့ အလုပ်ထွက်လျှောက်မည် ပြောနေသည်။

သို့သော် 'ချစ်စု' က ရုံးအလုပ်ထွက်လုပ်လျှင် ရသည့်လခနှင် သွားရသည့်စရိတ်၊ အဝတ်အစားဘိုးကုန်ပြီး အိမ်မှာလူနည်းသွားမည်စိုး၍ အိမ်ရှေ့မြေကွက်လပ်တွင် စားသောက်ဆိုင်

ဖွင့်ဖို့ စီစဉ်နေသည်။

"ဟဲ့ ဟဲ့ ဗိုက်တွေဘာတွေနဲ့ပါလား… ငါ့ကိုလည်း ဖိတ်စာမပို့ပါလား နေနိုင်လိုက်ကြတာ"

အိမ်ရှင် 'ဒေါ်အေးကွန့်' က ထုံးစံအတိုင်း ထီးဂျိုင်းကြားညှပ်ပြီး ရောက်လာသဖြင့် လန့်သွားကြသည်။

အိမ်လခပိုတောင်းဖို့လား အိမ်ရောင်းဖို့ လာပြောပြန်ပြီလား။ အိမ်ရောင်းလျှင်လဲ ကောင်းတာပါပဲ။ တူတော်မောင်နှင့် ခပ်ဝေးဝေး နေချင်ပြီ။ အနှိပ်သည် 'အေးနွဲ့' ကို အမျိုးတော်လိုက်ရသည့်အတွက်ကြောင့်လည်းကောင်း၊ ခြေတစ်ဖက်ပြတ် ဒုက္ခိတကို 'ကိုသန့်' က ယောက္ခထီးတော်ပြီး ပြုစုနေရတာတွေကိုရော မကြည့်ချင်၊ မမြင်ချင်တော့ပါ။ သူတို့လည်း ထိုက်သင့်သလောက်ရပြီး အဝေးကိုပြောင်းသွားရင် အကောင်းဆုံးပါပဲ။

"လာ ထိုင် 'မမကွန့်'"

"အင်း ကိုယ်ဘယ်လောက်အိုသွားတယ်ဆိုတာ မှန်ကြည့်နေစရာမလိုဘူး… 'မြင့်နီ' ကို ကြည့်တာနဲ့သိတယ်… ဆံပင်တွေဖွေးသွားတွေကျိုးကုန်ပြီ"

"ဟုတ်ကဲ့… သခင်္ါရပဲလေ… ဒါနဲ့ 'မမကွန့်' လာတဲ့ကိစ္စက"





"ညည်းတို့ကလည်း ကိစ္စရှိမှ လာရတော့မှာလား"

"ကိစ္စရှိမှပဲ လာတတ်လို့မေးရတာပါ"

"အေး ဒီတစ်ခါလာတာ သတင်းထူးတယ်… မင်္ဂလာသတင်း"

"'ကြီးကြီးကွန့်' ယောကျ်ားယူတော့မလို့လား"

'ကိုသန့်' စကားကြောင့် 'ဒေါ်အေးကွန့်' က ထီးဖြင့် လှမ်းခေါက်ရင်း…

"နင့် ကြီးဒေါ်ကို ပေးစားမလို့"

"တကယ်လား… နှစ်ယောက်တောင်ရှိတာနော်… ဘယ်လောက်တင်တောင်းမှာလဲ"

"ကောင်လေး ဒါ နောက်စရာလား"

'မြင့်ရီ' က မျက်စောင်းထိုးပြီး ငေါက်လိုက်သည်။

"ကိစ္စကဒီလိုပဲ့… အိမ်ဆောက်တဲ့ကံထရိုက် သုံးလေးယောက်လာတယ်… အဲ့ဒီထဲက အကြိုက်ဆုံးကိုရွေးထားတယ်… အဲ့ဒီသူဌေး က မြေရောင်းရင်လဲဝယ်မယ်တဲ့… မရောင်း ဘဲ အိမ်ဆောက်ပြီး အိမ်ရှင်တစ်ဝက် ကံထရိုက်တစ်ဝက် ယူရင်လည်းရတယ်တဲ့"

'မျိုးသန့်' က မျက်နှာထားတင်းတင်းဖြင့်…

"ကံထရိုက်တွေက အလည်တွေကြီးပဲ... တချို့ကံထိရိုက်တွေက ငွေပိုလည်းပေးသေးတယ်... ကျွန်တော်တို့ကျေနပ်မှ ဆောက်လို့ရမှာဆိုတော့ ကိုယ့်ကြိုက်ဈေးမရရင် မဆောက်ဘူး မရောင်းဘူးဗျာ"

ထိုစကားကြောင့် 'ဒေါ်အေးကွန့်' မျက်နှာပျက်သွား သလို 'မြင့်ရီ' လည်း အတွေးပိုသွားရသည်။

မိမိတို့က နှစ်ခန်း။ 'ကိုသန့်' ကလည်း မိမိတို့ထဲက ပိုင်ဆိုင်ချင်ဦးမှာ။

"အေးလေ တိုင်ပင်ကြပေါ့... ငါလည်း ဝမ်းသာလို့လာပြောတာ... သူများတွေ တစ်သက်လုံးအိမ်ငှားလာပေမယ့် ခုလို တိုက်ဆောက်လိုက်တော့ တိုက်ခန်းပိုင်သွားတယ်... တိုက်သစ်နဲ့နေရတယ် သူ့ဘက်ကိုယ့်ဘက် မျှမျှတတတွေးမှပေါ့ကွယ်... အိမ်ငှားတွေကကြီး မာနကြီးနေရင်တော့ ညှိမရရင် အိမ်ပြိုတဲ့အထိနေကြပေါ့... အိမ်ရှင်မသိဘဲ သံတစ်ချောင်းရိုက်ခွင့် မရှိဘူး ဆိုတာကိုလည်း မမေ့နဲ့ဦးနော်"

ထုံးစံအတိုင်း 'ဒေါ်အေးကွန့်' အောင်ဖျာလိပ်ကာ ပြန်သွားရစမြဲ။





## ၁၆

ထုံးစံအတိုင်း 'မြင့်နီ' တစ်ယောက် အိုပယ်ဘဝ ရောက်သွားရှာသည်။ ပင်စင်ရပြီး အိမ်ပြန်ရောက်လာသည်။ နေ့စားပြန်ဝင်လုပ်သည့်တိုင် အသက်ကြီးလာပြီဖြစ်၍ ခါးနာ၊ ကျောနာရောဂါတွေကြောင့် အလုပ်ပျက်ရက်များလာသည်။

မိသားစုဝင်ငွေ သိသိသာသာ လျော့နည်းသွားသဖြင့် 'ခင်လေး' တတိယနှစ်ဆက်တက်ဖို့ စိတ်ပျက်မိတာ အမှန်။

အလုပ်တစ်ခုခုဝင်လုပ်မည် ပြောတိုင်း ကြီးဒေါ် နှစ်ယောက်က ခါးခါးသီးသီးငြင်းကြစမြဲ။ ဘွဲ့တစ်ခုတော့ရအောင်

ယူရမည်ဟု ကြွေးကြော်ထားသည်။

"ငွေအတွက်တော့ မပူနဲ့... ဒီအိမ်နှစ်ခန်းကို ကွက်ရောင်းမယ်ဆိုရင်လည်း 'ဒေါ်ကွန့်' တို့က ဝယ်ကြမှာပဲ"

"အေးဗျ... လေးပုံပုံမှာလား... ဒါမှမဟုတ် မောင်နှမနှစ်ယောက်နှစ်ပုံလား"

တစ်ဘက်ခန်းမှ 'မျိုးသန့်' က လှမ်းမေးခြင်းဖြစ်သည်။ ထုံးစံအတိုင်း 'မြင့်နီ' က လူသာအိုသွားပြီး စိတ်ကမအို။

"ဟေ့ 'ချစ်စု' ကို သဒ္ဒါလို့ ငါတို့စေတနာရှိသလောက်ပေးချင်ပေမယ့် မင်းကိုတော့လုံးဝ မပေးချင်ဘူး... ပညာသင်ပေးခဲ့ရတဲ့မျက်နှာ ကျွေးမွေးစောင့်ရှောက်ခဲ့ရတဲ့မျက်နှာကိုမှ မထောက်တဲ့ကောင်"

တတိယနှစ်ကျောင်းမဖွင့်ခင် 'မြင့်နီ' တစ်ယောက် 'ဒေါ်အေးကွန့်' အိမ်သို့ရောက်ခဲ့ရပါတော့သည်။

"ငွေအစဉ်မပြေလို့ 'ခင်လေး' ကျောင်းစရိတ်အတွက် အခန်းတစ်ခန်းကို အရင်ဖဲ့ရောင်းရင် ကောင်းမလားလို့"

"'ခင်လေး' ကျောင်းတက်ဖို့ဆိုတော့ တတ်နိုင်ရင် ငါတို့လည်းပေးချင်ပါတယ်အေ... ဒါပေမဲ့ စားစရိတ်ထက် ဆေးဘိုးကထောင်းနေတာလေ... ညည်းတို့ဘက်က လူညီရင် တိုက်





ခန်းလည်းအပိုင်ရမယ်... ငွေပိုလေးလည်းသုံးရအောင် ငါ ပြောကြည့်ပေးမယ်လေ"

"သိပ်ကြာလို့မဖြစ်ဘူး 'မမကွန့်' ရဲ့... ကျောင်းမဖွင့်ခင် ငွေနည်းနည်းရမှဖြစ်မယ်"

"ဘူးသီးခရမ်းသီးရောင်းတာမှ မဟုတ်တာပဲအေ... စိတ်ရှည်ရမှာပေါ့... ရှိတဲ့ရွှေလေးပဲ အရင်ရောင်းသုံးနှင့်ဦး... ငါသွားဆွေးနွေးပေးမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

အိမ်သားတွေ အရင်ညှိကြသည်။ 'ချစ်စု' တို့ကလည်း သဘောတူသည်။ တိုက်ခန်းရလျှင်ရောင်းပြီး မြေစိုက်အိမ်သာ ပြန်ရှာကြမည်။ ဒုက္ခိတအတွက် ဦးစားပေးရမည်။ မိမိတို့နှစ်ခန်းအတွက်လည်း လေးပုံပုံရမည်။

ပင်စင်စားများကလည်း တိုက်ခန်းတစ်ခန်းပြရလျှင် လေးလွှာငါးလွှာလောက်ဆိုရင် လက်ခံသည်။ ခုနစ်လွှာ၊ ရှစ်လွှာတော့ မြင့်လွန်းသည်။ အားလုံးပျော်နေကြသည်။

တိုက်ဆောက်နေစဉ် နေဖို့ အိမ်ငှားပေးဦးမည်တဲ့။

တစ်ပတ်ခန့်ကြာမှ ကံထရိုက်ရောက်လာသည်။ အသက် ၄၀ ကျော် ဝဝဖိုင့်ဖိုင့်ပုပုမည်းမည်း။ ကွမ်းတွေမြုံလို့၊

ခပ်ပြုံးပြုံးနှင့် သဘောကောင်းပုံရသည်။

"ဒီနေရာတွေက တစ်နေ့ရွှေဖြစ်မှာဗျ... ဈေးသစ်တွေ ကျောင်းသစ်တွေ ဆေးရုံသစ်တွေနဲ့ လူအရမ်းစည်ကားမှာ... အခန်းယူထားရင် တစ်နေ့တိုက်ခန်းတစ်ခန်းကို သိန်းရာချီတန်လာမှာ"

'ခင်လေး' တို့ လေးခန်းစလုံးကလူတွေ ခြံဝင်းကြီးတစ်ခုအတွင်းရှိ တန်းလျားတစ်ခုသို့ ခေတ္တပြောင်းနေပေးရသည်။

တခြားမိသားစု ခြောက်စုလည်း တန်းလျားတွင် ခေတ္တလာနေကြောင်း တွေ့ရသည်။

အားလုံးတိုက်ဆောက်နေ၍ ခေတ္တလာနေသူများသာဖြစ်သည်။

အပျိုတွေ၊ လူပျိုတွေ၊ လေးငါးဆယ်လောက် စုမိသွားသည်။ ဆယ်တန်း၊ တက္ကသိုလ်ကျောင်းသူကျောင်းသား၊ မူလတန်း၊ အလယ်တန်း စုံနေအောင်ရှိသည်။ ပိုက်ဆံရှိသူ၊ မရှိ သူ၊ အဆင့်ရှိသူ၊ မရှိသူ ပုံစံစုံ စရိုက်စုံ၊ စုပြုံနေရခြင်းဖြစ်သည်။

'ခင်လေး' ကို ဂစ်တာတီး သီချင်းတွေဆိုရင်း ပိုးသူလည်းရှိသည်။

ကျောင်းရောက်သည်အထိ တကောက်ကောက်လိုက်သူ





လည်းရှိသည်။

"သမီးကိုပြောရဦးမယ်... ကံထိရိုက် 'စောရွှေ' လာ တယ်... သမီးကိုသဘောကျလို့တဲ့"

"ရှင်..."

'ခင်လေး' က မျက်လုံးပြူးလေးဖြင့် အလန့်တကြားအော်လိုက်ခြင်းဖြစ်သည်။ မျက်ရည်လေးဝဲရင်း...

"အဖေအရွယ်ကြီး... ပြီးတော့ ကြောက်စရာကြီး... သမီးချမ်းသာချင်ပေမယ့် အဲ့ဒီပုံစံကြီးမျိုးကိုတော့ မယူပါရစေနဲ့"

"ဟော စကားကိုဆုံးအောင် နားမထောင်ဘူး... သူ့ညီနဲ့ပေးစားချင်တာ... သူ့ညီက သူ့လိုရုပ်မဆိုးဘူးတဲ့... သဘော်လိုက်နေတာတဲ့... သူ့ညီပိုတဲ့ငွေနဲ့ ဒီလုပ်ငန်းတွေကို လုပ်နေတာတဲ့"

" 'ခင်လေး' အိမ်ထောင်ပြုချင်မှပြုမှာ... 'မေရီ' တို့လို့ပဲ အပျိုကြီးလုပ်မှာ"

"အပြောမကြီးနဲ့လေ... နောက်ကလိုက်နေတဲ့သူတွေက တစ်ပြုံတစ်ခေါင်းကြီး... တော်ကြာ အပြောကောင်းပြီး အသုံးမကျတဲ့လူမျိုးနဲ့ ဖြစ်သွားမှ ငါတို့ထပ်ပြီး ရင်ကျိုးရမှာ... ညည်းလည်း နွံနစ်မှာ"

"စိတ်ချပါ... 'မေရီ' တို့ ဒုက္ခရောက်အောင် စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်ဘူး... မယူရင်လဲနေရော... ယူရင်လဲ ကောင်းကောင်းပဲယူမှာပါ"

ယုံပါသည်။ ခြောက်လခန့် ကြာသောအခါ တိုက်ဆောက်ပြီးသွား၍ ကိုယ့်နေရပ်၊ ကိုယ်ပြန်ကြရသည့်တိုင် 'ခင်လေး' နောက်လိုက်သူတွေ အဖြေမရကြ။ ကျောင်းပြီးမှ အိမ်ထောင်ရေးစဉ်းစားမည်ဆို၍ ထိုရပ်ကွက်ကောင်လေးတွေ မျှော်လင့်ချက်ဖြင့် ဝေးလံသောတိုက်သစ်အထိ မကြာခဏ လိုက်လာကြသည်။

ရွှေနေပေါက်စ၊ စစ်ဗိုလ်၊ ဆရာဝန် စုံနေအောင်ပါသည်။

ဆရာဝန်ကတော် ဖြစ်စေချင်လွန်း၍ ဆရာဝန်လေးကိုတော့ လာတိုင်းဧည့်ခံပေးမိပါသည်။

"ကျောင်းပြီးရင်တော့ ဆရာဝန်နဲ့ယူဖို့ စိတ်မဝင်စားဘူးလား"

"'မေရီ' တို့ သူ့ကို ခဏခဏ ဧည့်ခံနေတာ အရေးမကြီးဘူး သူ့အိမ်က ရည်ရွယ်ပြီးသား ရှိနေရင်ကော"

"စိတ်ချ... ညည်းကို သူ့အမေကော သူ့ညီမတွေကော မြင်ဘူးကြတယ်တဲ့... သဘောတူကြတယ်တဲ့... ဒါကြောင့် ညည်းလက်ခံရင် စေ့စပ်ပေးမလားလို့"

"ဟာ မလုပ်ပါနဲ့... 'ခင်လေး' သူ့ကိုမကြိုက်ဘူး"

"အလိုတော်... ညည်းကျတော့လည်း ကြီးကျယ်လိုက်တာ... ခပ်ချောချော ဆရာဝန်ကိုများ ငြင်းနေလိုက်တာ... ဇာတ်လမ်းရှိနေပြီထင်တယ်... မှန်မှန်ဖွင့်ပြော... မပြောရင် 'မောင်မောင်အေး' ကို လက်ခံလိုက်မှာနော်"

'ခင်လေး' တွေဝေနေသဖြင့်...

"မှန်မှန်ပြောစမ်း... ရှိနေပြီ မဟုတ်လား... ဘယ်သူလဲ ဘယ်ကလဲ... ဘာအလုပ်လုပ်သလဲ"

မျက်လုံးပြူးကြီးဖြင့် စိုးရိမ်တကြီး မေးနေသူ 'မေရီ' ကို စိုက်ကြည့်နေပြီးမှ...

"ဘယ်သူလဲ ဘယ်ကလဲ ဘာလုပ်သလဲဆိုတာ မသိသေးလို့ 'ခင်လေး' မှာခက်နေတာ"

"ဟင် ညည်းစကားကဘယ်လိုတုန်း... မပွင့်မလင်းမပြတ်မသားနဲ့ အူကြောင်ကြောင်နိုင်လိုက်တာ... ဘယ်ကမှန်းလဲမသိ... ဘယ်သူမှန်းလည်းမသိဘဲနဲ့ ညည်းက ဘာကိုကြိုက်နေတာလဲ"

"ခဏနေဦးနော်... 'ခင်လေး' ပြစရာရှိတယ်"

ဖွက်ထားသော ပစ္စည်းသုံးထုပ်ကို ယူလာပြသည်။

"ဒါက ပထမနှစ်တုန်းက ပေးတာ... ဒါက ဒုတိယနှစ်... ဒါက တတိယနှစ်အတွက်"

ပိုးချိတ်၊ ပိုးဇာ၊ အယ်လ်ဘမ်အကောင်းစား၊ ရွှေရောင်လက်ကိုင် အိတ်ကလေး။

'ကို ပေးတဲ့ပစ္စည်းတွေဝတ်တာ မတွေ့သေးဘူးနော်... ဘွဲ့ယူတဲ့နေ့ကျရင်တော့ ဝတ်တန်ကောင်းပါရဲ့"

ပစ္စည်းတွေစာတွေကြည့်ပြီး 'မြင့်ရီ' လည်း ငြိမ်သွား သည်။

နာမည်၊ နေရပ်မပါသော်လည်း 'ခင်လေး' ကို စိတ်ဝင်စားမှုရှိပြီး တန်ဖိုးထားမှန်းသိသာသည်။

"သူ ဘယ်သူလဲဆိုတာ 'ခင်လေး' အရမ်းသိချင်တာပဲ"

"ဒါပေါ့... သိရင်လက်ခံမှာလား"

"တွေ့မှပြောလို့ရမှာပေါ့... ပစ္စည်းကတန်ဖိုးဖြတ်လို့ရပြီးဝယ်ယူလို့ရတာပဲ... ကိုယ်နှစ်သက်မှလဲ ဖြစ်ဦးမှကို... ပြီးတော့ လူပျို မဟုတ်ဘဲ တမင်စိတ်ဝင်စားအောင်လုပ်ပြီး ရင်းနှီးအောင်လုပ်ပြီး သိမ်းပိုက်ချင်လို့လားမှမသိတာ"

"အင်း ဒီပစ္စည်းပို့တဲ့လူဟာ 'ဘိုရဲ' ဆိုရင် ညည်းဘယ်လို





နေမလဲ"

ထိုစကားကြောင့် 'ခင်လေး' မျက်နှာလေး ရဲတွတ်သွားပါသည်။ 'ခင်လေး' ဒီလူကို ကျောင်းသွားတိုင်းရှာနေတာ 'မေရီ' တို့ မသိလို့ပါ။

"သူ ဖြစ်ရင်သိပ်ကောင်းမှာပဲ... သူက စိမ်းကားရက်စက်လိုက်တာ... ဘယ်ရောက်နေမှန်းလဲ မသိဘူး... အရမ်းတွေ့ချင်တာပဲ"

မျက်ရည်ဝဲဝဲလေးပြောနေသော တူမ၏ ချစ်ခင်လွမ်းဆွတ်မှုကို 'မြင့်ရီ' သိတာပေါ့။ သူမ၏ မှတ်စုနှင့်ဒိုင်ယာရီများ၏ အဖုံးများကြားတွင် 'ဘိုရဲ' ၏ နာမည်တွေအပြည့်ရေးထား တာ တွေ့တွေ့နေရတာပဲလေ။

"အင်း ပြန်တွေ့ရင် ငါတို့ထက်အဆင့်အများကြီးမြင့်ပါစေ... 'မြင့်နီ' အထင်ကြီးတဲ့လူဖြစ်ပါစေ"

" 'မေရီ' က သဘောတူတယ်ပေါ့လေ"

"အင်း ကောင်လေးက ဘွဲ့မရပေမယ့် ကြိုးစားတဲ့သူပဲ... မပျက်စီးလောက်ပါဘူး... ငါ့တူမကို သစ္စာရှိရှိပေါင်းပြီး ချမ်းချမ်းသာသာ ထားနိုင်ရင်ပြီးတာပဲ"

"ဘွဲ့မရနိုင်တာကိုတော့ ခွင့်လွှတ်နိုင်တယ်ပေါ့လေ"

"ကဲ 'ကိုသန့်' လည်း ဘွဲ့ရပြီး ဘွဲ့မရတဲ့မုန့်သည်မလေးကို မချစ်ဘဲယူနိုင်သေးတာပဲ"

"မချစ်ရင် သူများသားသမီးကို ကိုယ်ထိလက်ရောက် မစော်ကားနဲ့ပေါ့"

"အေး စည်းမရှိရင်ခံရမှာပဲ... လည်လွန်းတဲ့ဘီးချေးသင့်တာပဲ အငိုက်မိမှာပဲ... တန်ရာတန်ရာရမှာပဲ... တစ်ခုတော့ ကျေနပ်ပါတယ် 'ချစ်စု' က ကိုယ့်မျက်စေ့ရှေ့တွင်ကြီးလာပြီး ဘာအရှုပ်အရှင်းမှမရှိဘူး... စီးပွားလဲရှာတတ်တော့ ကိုယ့်တူ မပင်ပန်းဘူးပေါ့... ခုတော့ ရုံးအလုပ်ရသွားပြီဆိုတော့ မျက်နှာမငယ်တော့ဘူးပေါ့"

"ဟုတ်တယ်... 'ချစ်စု' က အရှာအဖွေကောင်း"

လူရိပ်မြင်သဖြင့် စကားပြတ်သွားကြသည်။

"ဟော ပြောရင်းဆိုရင်း 'ကိုသန့်' ပါလား... ဒီနေ့ ရုံးမတက်ဘူးလား"

"အေး ပြောစရာရှိလို့... 'မေနီ' ရော မရှိဘူးလား"

"ဈေးသွားတယ် ပြန်လာတော့မှာပါ"

'မျိုးသန့်' ၏ မျက်နှာကိုကြည့်ယုံနဲ့ ပြဿနာရှာတော့မည်ဆိုတာသိပါသည်။





"ဘာလဲ အိမ်ကိစ္စလား"

"ဟုတ်တယ်... မရောင်းကြသေးဘူးလား... ဈေးကောင်းပေးနေပြီပဲ"

"ဆက်ထားရင် ပိုကောင်းမှာပေါ့ကွယ်... ငါတို့တောင် ဖြစ်သလိုစားပြီးနေတာပဲ... အိမ်တစ်ခန်းနဲ့ ငွေသုံးသိန်းစီပေးတာပဲ... မင်းကိုလည်း ငါတို့တစ်သိန်းပေးလိုက်သေးတာပဲ"

"ဒါတွေ မပြောနဲ့တော့လေ... ကျွန်တော်တို့က အိမ်ပြန်ဝယ်ရတော့မှာ... အောက်ထပ်တွေ ငှားနေရတာမကိုက်ဘူး... ဈေးပေါပေါ ခြံလေးဝင်းလေးပြန်ဝယ်ရမှာမို့... ကျွန်တော်တို့အခန်းတော့ရောင်းတော့မယ်"

"အေးလေ ရောင်းလေ... ငါတို့ရောင်းတဲ့အချိန် မင်းကိုခွဲပေးမှာပေါ့"

"ဟာ ဘယ်လောက်ကြာအောင် စောင့်ရမှာလဲဗျာ"

"အခုရောင်းတော့ ငါတို့သေရင် မင်းကပြဿနာလုပ်ဦးမှာလေ ငါတို့ဝေစုကိုမင်းနဲ့ဆိုင်တယ်ဆိုပြီး... ငါကတော့ ပြတ်ပြတ်ပဲပြောမယ်... ငါတို့သေမှ ရောင်းပြီး မောင်နှမနှစ်ယောက်ခွဲယူကြ... ဒါပဲ ဒီစကားမပြင်ဘူး... 'မြင့်နီ' ကို စောင့်နေစရာမလိုဘူး"

"ပြီးတာပဲ"

ဒေါ်ကြီးမောကြီးနှင့်ဆင်းသွားသော တူကြီးကိုကြည့်ပြီး 'ဒေါ်မြင့်ရီ' က ခေါင်းတရမ်းရမ်းလုပ်ရင်း...

"အင်း ကျွေးရကျိုး ပညာသင်ပေးရကျိုးမနပ်ဘူး အထင်နဲ့အမြင် တက်တက်စင်အောင် လွဲတော့တာပဲ"





## ၁၇

'ခင်လေး' ဘွဲ့ယူပြီးပြီ။

ဧည့်ခန်းထဲတွင် 'ခင်လေး' ၏ ဘွဲ့ဝတ်စုံနှင့်ရိုက်ထားသော ဓါတ်ပုံများကို အများကြီးချိတ်ထားသဖြင့်...

" 'မေနီ' ရယ်... အကြီးဆုံးတစ်ပုံပဲဖြစ်ဖြစ် မျက်နှာပုံတစ်ပုံပဲဖြစ်ဖြစ် ချိတ်ရင်တော်ပြီလေ... အများကြီးမချိတ်ပါနဲ့ ရှက်စရာကြီး"

"အို ကိုယ့်အိမ်ထဲကိုယ်ချိတ်တာများ ဘာရှက်ရမှာလဲ... ဒီပုံကိုကြည့်ချင်လို့ ကျုပ်သူများအိမ် ကျန်သွားလုပ်ခဲ့တာ...

တန်အောင်ချိတ်မယ်... အားရင် ဒီပုံတွေပဲ ထိုင်ကြည့်နေမှာ"

ကြီးဒေါ်နှစ်ယောက်လုံး၏ စေတနာမေတ္တာတွေကတော့ စာဖွဲ့လို့ပင်မှီမယ်မထင်ပါ။ သူတို့ကိုဖိမ်နဲ့ထားနိုင်အောင် ကျေးဇူးဆပ်နိုင်အောင် ကြိုးစားရဦးမည်။

လောလောဆယ် 'ကိုသန့်' တို့ရုံးမှာပင် နေ့စားဝင်လုပ်တာ ငါးလရှိပြီ။ ရုံးသွားတိုင်း ဈေးထဲကဖြတ်ပြီးသွားသည်။ ဈေးပုံစံပြောင်းသွားသော်လည်း ဈေးသူဈေးသားတွေက ကျန်နေသေးသည်။ 'ခင်လေး' ကို မှတ်မိသူတွေရှိသည်။

" 'ခင်လေး' ရယ်... နင့်ကို 'ကိုအံ့မောင်' တို့တူဝရီးများ မြင်ရင်အရမ်းအံ့ဩမှာပဲ... ကြည့်ပါဦး... ချောလိုက်လှလိုက် တာ... ဘွဲ့လဲရပြီးသွားပြီ... အိမ်ထောင်ပြုတော့မယ်ဆို"

ထိုစကားကြောင့် 'ခင်လေး' လန့်သွားသည်။

'ကိုရဲ' နာမည်လေးကြားချင်၍၊ 'ကိုရဲ' ကို ဟိုမှာတွေ့တယ်၊ ဒီမှာတွေ့တယ်များ ပြောကြမလားလို့ ဈေးထဲကဖြတ်သွားဖြတ်လာ နေ့တိုင်းလို လုပ်နေမိခြင်းဖြစ်သည်။

"ဆရာဝန်နဲ့ စေ့စပ်တော့မှာဆို"

"ဘယ်သူပြောတာလဲ ဒေါ်လေး ရယ်"

" 'မမြင့်နီ' နေ့တိုင်း မောင်းခတ်နေတာပဲလေ... ငါတို့က





တော့ဝမ်းသာတယ်... ဖိတ်စာသာပို့လိုက်... လူကိုယ်တိုင်လာ ပြီး လက်ဖွဲ့ပေးမှာ လာမယ့်လူတွေတောင် စုထားပြီးပြီ... ဘယ်ဟိုတယ်မှာလုပ်မှာလဲ... ဘယ်လောက်ဝေးဝေး ကားခဘယ်လောက်ကုန်ကုန် လာကိုလာမှာ"

'ခင်လေး' နားထဲမှာလေတွေ တဟူးဟူးထွက်နေပါပြီ။

"မဟုတ်ပါဘူး... 'မေနီ' လျှောက်ပြောနေတာ"

ဟုပြောပြီး ခေါင်းလေးငုံ့၍ ပြန်ထွက်ခဲ့မိသည်။

အိမ်ရောက်တော့ 'မေနီ့' ကို ထိုအကြောင်းပြောပြသော အခါ...

"ဟုတ်တယ်... ဟိုဘက်ကလည်း ပြတ်ပြတ်သားသား သိချင်လို့ မေးနေကြပြီလေ... ဘွဲ့လဲရပြီးတာ တစ်နှစ်ပြည့်တော့မယ်ဆိုတော့ အချိန်ထပ်မဆွဲသင့်တော့ဘူး... ဟိုဘက်က တစ်မျိုးထင်သွားမယ်"

'ခင်လေး' အချိန်ဆွဲဖို့ ဥာဏ်နီ၊ဉာဏ်နက်ထုတ်ရပေပြီ။

" 'ကိုမောင်မောင်အေး' က အရမ်းပွေတာနော်... တခြားကောင်မလေးတွေနဲ့ တွဲသွားတွဲလာလုပ်နေတာ 'ခင်လေး' ကိုယ်တိုင် ခဏ ခဏ မြင်ဘူးတယ်... အဲ့သလိုပွေနေရင်ကော... သေချာလဲစုံစမ်းကြည့်ပါဦး... ကံထရိုက် 'ဦးစောရွှေ' ရဲ့ ညီဆို

တာကရော... သဘော်လိုက်နေတာ ပြန်မလာသေးဘူးလား"

'ဒေါ်မြင့်ရီ' က မျက်စောင်းထိုးကြည့်ရင်း...

" 'ဘိုရဲ' ကို ထပ်မျှော်ချင်လို့ အချိန်ဆွဲနေတာ မသိဘူး မှတ်နေလား... အရိုးများသလေး ချေးခါးသလေးနဲ့ အချိန်ကြပ်ကြပ်ရွေး... လင်ခွေးနဲ့ရနေဦးမယ်"

"ဒါဆိုလဲ အားလုံးကို ငြင်းလိုက်ပါတော့ 'ခင်လေး' အိမ်ထောင်မပြုချင်ဘူး"

'ခင်လေး' ကံကောင်းသွားသည်။

မမျှော်လင့်ဘဲ 'ကိုမောင်မောင်အေး' ၏ စေ့စပ်သတင်းပါလာသဖြင့် 'မေရီ' တို့ မြှားဦးက သဘော်သားဘက် လှည့်သွားတော့သည်။

" 'ခင်လေး' သိပ်ရှက်တာပဲ...ဈေးဘက်ကိုတောင် မသွားရဲတော့ဘူး... မသေချာဘဲ ဆရာဝန်နဲ့လက်ထပ်တော့မယ် လျှောက်ပြောထားတော့ 'ခင်လေး' အရှက်ကွဲပြီပေါ့လို့"

တအိအိငိုနေသော တူမကိုကြည့်ပြီး...

"ပူမနေနဲ့... ညည်းလက်မခံလို့ ကြန့်ကြာနေတာလို့ အရင်တည်းကပြောထားပြီးသား... ရှက်မနေနဲ့...ဒါပေမဲ့ တစ်ခုတော့ကတိပေးရမယ်... ကျုပ်တို့မရှိရင် ညည်းတစ်ယောက် တည်း





အထီးကျန်နေမှာတော့ စိုးရိမ်တယ်... နောက်ဆံတင်းနေ တယ်... သေရင်တောင် အသေဖြောင့်မှာမဟုတ်ဘူး... ဒီတစ်ခါ ကံထရိုက် 'စောရွှေ' လာထပ်ပြောရင် ငါလက်ခံလိုက်မှာပဲ"

"မိန်းကလေးဘက်က စပြောရတဲ့အဖြစ်မျိုးတော့ မလုပ်ပါနဲ့နော်... 'ခင်လေး' ရှက်လို့သေလိမ့်မယ်"

"အံမယ်လေး... ညည်းကလဲ ငါ့အကြောင်းသိလျှက်နဲ့ တစ်ပြားမှမရှိတာတောင် မာနအလံထူထားသေးတာ... ခုလိုလေးလွှာမှာ တိုက်ခန်းနှစ်ခန်းနဲ့နေရတော့ လေးတဖြူးဖြူးနဲ့ မာနကပိုကြီးသွားသေးတယ်မှတ်... ကိုယ့်တူမက ဘွဲ့နဲ့အလုပ်နဲ့... ငယ်ငယ်တုန်းက ဘာမှမရှိဘဲနဲ့တောင် ညည်းကိုဘယ်သူနဲ့မှ သဘောမတူတာ... ခု တော့ ပိုဘဝင်မြင့်သွားပြီ... တော်ယုံဆို စဉ်းကိုမစဉ်းစားဘူး"

"ကဲ ညည်းနဲ့နီးစပ်မှာစိုးလို့ တစ်ချိန်လုံး ရန်လုပ်ခဲ့တဲ့ 'ဘိုရဲ' လိုကောင်က တိုက်တစ်လုံး ကားတစ်စီး လက်ဝတ်လက်စားအပြည့်အစုံနဲ့ လာတင်တောင်းရင်ကော"

ထိုစကားကြောင့် 'မြင့်နီ' က မျက်မှောင်ကြုတ်ရင်း...

"ဘာလဲ ဒီကောင် လာကပ်နေပြန်ပြီလား... တခြားယူမယ့်လူ မရှိတော့ဘူးဆိုရင်တော့ တစ်ယောက်တည်းမထားချင်

လို့ နှမြောစွာ နဲ့ပေးစားလိုက်မယ်… ဒါပေမဲ့ ဒီကောင့်ထက်သာတာတွေ ငါ့တူမအဘေးမှာ ဝိုင်းလို့ပါနော်"

"ကိုယ့်ထက်သာတဲ့လူကလည်း ကိုယ့်လိုပဲ မိန်းကလေးရဲ့ နောက်ခံသမိုင်းကို လေ့လာကြတာပဲလေ… မျိုးရိုးကောင်းရဲ့လား ဘာဂုဏ်ဒြပ်တွေရှိသလဲ ကြည့်ကြတာ…ကြည့်လေ 'မောင်မောင်အေး' ယူသွားတဲ့ကောင်မလေးက ကျောင်းတောင်မပြီးသေးဘူး… ဒါပေမဲ့ ကောင်မလေးရဲ့ အသိုင်းအဝိုင်းက ကုမ္ပဏီပိုင်ရှင်တွေ ဟိုတယ်ပိုင်ရှင်တွေလေ"

'ခင်လေး' ဝမ်းနည်းပြီး မျက်နှာလေး ညှိုးနေပါသည်။

တူမ၏ ရှက်စိတ်၊ ဝမ်းနည်းစိတ်ကို ကြီးဒေါ်နှစ်ယောက်လုံးက သဘောပေါက်ကြပါသည်။

တိုက်တွေဆေးသုတ်ဖို့ နှိုးဆော်ထားသဖြင့် ကံထိုက်ရိုက်'စောရွှေ' ရောက်လာပြီး ကုန်ကျစရိတ်အချိုးကျထည့်ဝင်ရန်လာပြောသဖြင့် 'မြင့်နီ' တစ်ယောက် ရေငတ်တုန်း၊ ရေတွင်းထဲကျသလိုဖြစ်သွားပါသည်။

"မတွေ့ရတာတောင် ကြာပြီပဲ ကံထိုက်ရိုက်ကြီးရဲ့"

"ဟုတ်တယ်… ကျွန်တော် မြို့ထဲကတိုက်တစ်လုံးမရလို့မအားဘူး… 'ဒေါ်အေးကွန့်' နဲ့စာရင်းရှင်းစရာရှိလို့လာရင်း





တိုက်ဆေးသုတ်ပေးပါဆိုလို့ ရောက်လာတာ… 'ခင်လေး' ရောလက်ထပ်သွားပြီလား"

"မထပ်ဖြစ်ပါဘူးကွယ်… သူအချိန်ဆွဲနေတာနဲ့ ဟိုကစိတ်တိုသွားပုံရတယ်… တခြားတစ်ယောက်နဲ့ ကောက်ယူသွားတယ်လေ… ဒီကောင်မလေး ဘာတွေရွေးနေမှန်း မသိပါဘူး"

"ရည်းစားရှိလို့နေမှာပေါ့"

"မရှိဘူး မရှိဘူး အဲ့ဒါတော့စိတ်ချ… ကံထိုက်ရိုက်ရဲ့ညီဆိုတာရော အိမ်ထောင်ကျသွားပြီလား"

"မကျသေးဘူး… သူက ဒီမှာ စိတ်ချရတဲ့စီးပွားရေးစီမံကိန်းချပြီးမှ နှစ်ချီပြီးပြန်လာနားမှာ… မိန်းမယူပြီးရင် သဘော်မလိုက်ချင်တော့ဘူးတဲ့"

"ဩော် ကောင်မလေးကကော စိတ်ရှည်လက်ရှည်စောင့်နေတာပဲလား"

"ပိုက်ဆံပေါတော့ လာမှ ခေါင်းခေါက်ရွေးမယ်နဲ့တူပါတယ် ကျွန်တော်ကတော့ 'ခင်လေး' နဲ့ သဘောတူတာအမှန် ပဲ… ဒီတိုက်ကို အခု သူပိုင်သွားပြီလေ… 'ဒေါ်အေးကွန့်' ဆီကပြန်ဝယ်လိုက်တာ… ဟိုဘက်တစ်ခြမ်းလုံးကို ကိုယ်ပိုင်ဆေးကုခန်းဖွင့်ဖို့ စီစဉ်ထားတယ် သုံးလလောက်နေရင် သူ ပြန်လာမှာ

ပါ… တကယ်လို့ 'ခင်လေး' ကို သူ သဘောကျရင်ပေးစားမလား"

"ပေးစားမှာပေါ့… ကိုယ့်အိမ်ရှင်လည်းဖြစ်… ကိုယ်နဲ့လည်း အနီးကပ်နေရမှာဆိုတော့"

"သူက ပါရမီမှာလုံးချင်းတိုက်ရှိတယ်… မိန်းမယူပြီးရင်အဲ့ဒီမှာနေမယ့်ပုံပဲ… 'ခင်လေး' ဓါတ်ပုံတစ်ပုံပေးလိုက်ပါလား… သူ ဒီပြန်မလာခင်ပို့ထားမှ…တော်ကြာ ပြန်ရောက်လာရင် သူကပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေတော့ သူများလက်ထဲပါသွားမှာစိုးလို့ပါ"

"အေး အေး… 'ခင်လေး' ကြည့်ဖို့ သူ့ပုံလဲပေးထားဦးလေ… နာမည်ကရော ဘယ်လိုခေါ်လဲ"

" 'မိုးမြင့်မောင်' "

'ခင်လေး' တစ်ယောက် မျက်လုံးအစ်အစ်၊ ဆံပင်တွန့်တွန့်၊ အနည်းငယ်ဝဖိုင့်သော 'မိုးမြင့်မောင်' ပုံကိုကြည့်ပြီး သက်မဲ့အရုပ်လို ငြိမ်သက်နေပါသည်။

'ဦးစောရွှေ' လို ပုံမပျက်သော်လည်း၊ 'ခင်လေး' ကို ရင်မခုန်စေပါ။ စွဲမက်အောင် ဓါတ်ပုံကို ခဏခဏကြည့်ချင်လောက်အောင် မစွဲဆောင်နိုင်ပါ။





"အပြင်မှာပိုကြည့်လို့ကောင်းတယ်တဲ့… အသားဖြူတယ်တဲ့ 'ကိုစောရွှေ' နဲ့အသက်ဆယ်နှစ်ကွာတယ်တဲ့… 'ကိုစောရွှေ' က အကြီး ဆုံး… 'မိုးမြင့်အောင်' က အငယ်ဆုံးတဲ့"

ဒီတစ်ခါတော့ 'ခင်လေး' မငြင်းနိုင်တော့ပါ။ ရွေးစရာလမ်းလဲ မရှိတော့ပါ။ ကြီးဒေါ်နှစ်ယောက်၏ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ခေါင်းညိတ်လိုက်ရပြီ။ သူတို့ အရမ်းပျော်နေကြသည်။

၃၂ ခန်းသော တိုက်ကြီးကိုပိုင်သူ။

ဆေးခန်းနှင့်တည်းခိုခန်းလည်း ပိုင်ဦးမည်။

ပါရမီမှာလည်း တိုက်နှင့်ခြံ ရှိသေးသည်။

သဘော်မလိုက်တော့လျှင်လည်း ပူစရာမလိုတော့၊ ထိုင်စားယုံ။

မိမိတို့သေသွားလျှင်လည်း တူမအတွက် မပူတော့ပါ။

'မိုးမြင့်မောင်' ပြန်လာမည့်ရက်ကို 'ခင်လေး' က တွေးကြောက်နေသလောက် ကြီးဒေါ်နှစ်ယောက်ကတော့ ရင်ခုန်ကြည်နူးစွာဖြင့် မျှော်လင့်နေကြသည်။

" 'မေနီ' နော်… ဈေးထဲလျှောက်ပြောမနေနဲ့ဦး… ဒီတစ်ခါထပ်ပျက်ရင် 'ခင်လေး' ရှက်လို့သေလိမ့်မယ်"

"အေးပါ အေးပါ"

စောင့်မျှော်နေသော ရက်ကိုရောက်လာခဲ့ပါပြီ။

'ကိုစောရွှေ' တို့ ညီအစ်ကိုလာမယ်ဆို၍ ကြီးဒေါ်နှစ်ယောက် တစ်ညလုံး အိပ်မပျော်၊ တစ်မနက်လုံး အိမ်ရှင်းနေကြသည်။ အိမ်မှာ ထမင်းကျွေးမယ်ဆိုပြီး ချက်ပြုတ်နေကြသည်။

ရုံးပိတ်ရက်မို့ 'ခင်လေး' ရောင်ပြေးချင်ပေမယ့် မရပါ။

"ဟော့ ကားတစ်စီးတော့ ရပ်ပြီတော့... မီးခိုးရင့်ရောင် ဗင်ဖင်ကောက်လေး ဟုတ်တယ် ဟုတ်တယ်... 'မိုးမြင့်မောင်' ဆင်းလာပြီ အသားကတော့ ဖြူဖွေးနေတာပဲ"

လှေကားထစ်ဝတွင် ရပ်သွားသော ခြေသံများက 'ခင်လေး' ၏ နှလုံးသားတံခါးကို တွန်းကန်ထည့်လိုက်သလို အောင့်ကနဲခံစား လိုက်ရပါသည်။

'မိုးမြင့်မောင်' က လက်ဆောင်ပစ္စည်းထုပ်များကိုပွေ့ရင်းခပ်ပြုံးပြုံးဝင်လာသည်။ အရပ်မြင့်သဖြင့် ကြည့်၍တော့ကောင်းပါသည်။ 'မေနီ' တို့ကတော့ ဖြူဖြူမြင့်မြင့်ချောချောကြီးဆိုပြီးတော့ ကြိဖန် သဘောကျနေကြဦးမှာ။ 'ခင်လေး' အတွက် တော့ ရုပ်ရှင်မင်းသား တစ်ယောက်လို ချောနေလျှင်တောင် ရင်ခုန်တော့မည်မထင်ပါ။





"လက်ထပ်မယ့်ရက်ကို နောက်နှစ်လလောက်ကျရင် ရက်ရွေးလို့ရပါတယ် ဒေါ်ဒေါ်... ဒီရက်ပိုင်းတွေအတွင်း ကျွန်တော် အောက်ဆုံးထပ်က ဆေးခန်းနဲ့ အပေါ်ထပ်က တည်းခိုခန်းသဘောလေးဖွင့်ဖို့ စီစဉ်ထားလို့ပါ... 'ခင်လေး' ကြိုက်တဲ့နေရာမှာ ဧည့်ခံပွဲကိုလုပ်ပေးမယ်နော်... ကြိုက်တဲ့နေရာကိုသာ ရွေးပါ... မင်္ဂလာပွဲမှာဝတ်ဖို့ကိုလည်း စိတ်ကြိုက်ဝယ်ပါ... ကျွန်တော် ကိုယ်တိုင်လိုက်ဝယ်ပေး ရမလား"

"အို ရပါတယ်... ကြီးဒေါ်တွေနဲ့ပဲ သွားပါ့မယ်"

"ဒါဆို နောက်တစ်ပတ် တနင်္ဂနွေနေ့ကျရင် ဝယ်ဖို့ခြမ်းဖို့ ဆယ်သိန်းလောက် လာပေးထားမယ်လေ"

'ဒေါ်ခင်နီ' မျက်လုံးတွေက အရည်လဲ့နေပါပြီ။

'ခင်လေး' မျက်လုံးတွေလည်း မျက်ရည်လည်ချင်နေသဖြင့် မျက်လွှာချထားရသည်။

"ဟီး ဟီး ငါတို့တော့ စိတ်ကူးယဉ်ထားတဲ့အတိုင်းဖြစ်လာပြီ ဟေ့"

"ဟီး ဟီး ငါ့တူမလောက် ကံကောင်းတဲ့မိန်းကလေး ရှိဦးမလား"

'မေနီ' တစ်ယောက် တဟီးဟီး သဘောကျနေချိန်တွင်

'ခင်လေး' ရင်ထဲတွင် တဟီးဟီး ငိုကြွေးနေရပါပြီ။

ဖိတ်စာတွေရောက်လာသဖြင့် 'မေနီ' တို့ပျော်နေချိန်တွင် 'ခင်လေး' မထိန်းနိုင်တော့ဘဲ မျက်ရည်တွေကျလာသဖြင့်...

"ဘာဖြစ်လို့ငိုတာလဲ... ညည်းမျက်နှာက ခပ်တည်တည်ကြီး လုပ်နေတာများတယ်နော်... ဒီတစ်ခါ 'မိုးမြင့်မောင်' စိတ်ပျက်ပြီး မင်္ဂလာပွဲပျက်သွားရင် ငါသေမယ်မှတ်... ဒီလောက်အဖက်ဖက်က ပြည့်စုံတဲ့လူမျိုးကိုရလို့မှ ညည်းက မလိုချင်လောက်အောင် မပျော်ရွှင်ရအောင် မိုးကျရွှေကိုယ်ကို မျှော်လင့်နေတာလား... ညည်းမျှော် လင့်နေတဲ့ကောင်က သေသလားရှင်သလားမသိ... ဂျပိုးသူခိုးဖြစ် နေသလားမသိနဲ့...

စိတ်ကူးယဉ်ရမယ့် အရွယ်လဲမဟုတ်တော့ဘူးနော်... ဒီပွဲပျက်ရင် ညည်းလည်းသေ ငါတို့လည်းသေရင် အကောင်းဆုံးပဲ... ပါးစပ်က ကျေးဇူးဆပ်နေမယ့်အစား လက်တွေ့ပဲ ကျေးဇူးဆပ်ပါအေ... ညည်းကောင်းစားဖို့ပါ... ငါ တောင်းပန်ပါတယ်"

'ဒေါ်မြင့်နီ' က ပြောရင်း ငိုပါလေပြီ။

အိမ်နီးနားချင်းတွေ၊ တစ်ရပ်ကွက်တည်းသားတွေ၊ ဈေးထဲက လူတွေ၊ ရုံးကလူတွေအားလုံးကတော့ 'ခင်လေး' အတွက်





ဝမ်းသာနေ ကြသည်။ မင်္ဂလာပွဲတက်ဖို့ ဝတ်ကောင်းစားလှတွေ ချုပ်ပြီးကြပြီတဲ့။

ကုန်သည်ကြီးများဟိုတယ်တွင် လာမည့်တနင်္ဂနွေနေ့။

'ခင်လေး' ကို နာမည်ကြီးအလှပြင်ဆရာနှင့် ပြင်ပေးနေပါပြီ။

အလှပြင်နေပုံကို ဗွီဒီယိုရော၊ ဓါတ်ပုံရောရိုက်နေကြ သဖြင့် မျက်ရည်မကျအောင် ကြိုးစားနေရသည်။

ထိုင်နေရင်းငုတ်တုတ် ဦးနှောက်သွေးကြောပြတ်ပြီး သေသွားရင်ကောင်းမှာပဲဟု စဉ်းစားနေမိသည်။

အချိန်တန်ပြီမို့ ပွဲထုတ်ဖို့ခေါ်ထုတ်ကြပြီ။

'ကိုမိုးမြင့်မောင်' ၏ ခေါင်းပေါင်း၊ တိုက်ပုံနှင့်ချိတ်ပုဆိုးတို့ကို မကောင်းတတ်၍ တစ်ချက်လှမ်းကြည့်ပြီး မျက်လွှာချထားမိသည်။

သတို့သားကိုမြင်လိုက်ရသော 'ဒေါ်ခင်နီ' တစ်ယောက်ကိုယ့်မျက်စေ့ပင် ကိုယ်မယုံချင်တော့ပါ။

အရပ်မြင့်မြင့် ကိုယ်ဟန်ထွားထွားဖြစ်သော်လည်း အသားညိုနေပြီး နှာတံပေါ်ပေါ်နှင့် ခပ်ချောချောဖြစ်နေသဖြင့်...

" 'မမရီ' သတို့သားမှားနေပြီထင်တယ်... လူမှားနေပြီ

ထင်တယ်"

'ဟုတ်တယ်... သေချာကြည့်လေ... အဲ့ဒါ 'ဘိုရဲ' ပဲ"

"ဟင် ဘယ်ဖြစ်မှာလဲ... ဒါမျိုးလုပ်လို့ဘယ်ရမလဲ... 'ကိုစောရွှေ'... 'ကိုစောရွှေ' ရော"

ပြာယာခတ်သွားသော 'ခင်နီ' လက်ကို အတင်းပြန်ဆွဲထားရပြီး...

"ငါတို့ကိုလှည့်စားနေကြပြီ ထင်တယ်... ငါတို့အလိမ်ခံရပြီထင်တယ်"

"ဟင် ဟိုမှာ 'ကိုအုံမောင်' မဟုတ်လား... 'ကိုသန်း အောင်' ကလည်း ရယ်လို့မောလို့... ဘယ်လိုဖြစ်ကုန်ကြတာ လဲ"

ဧည့်ခန်းမကြီးထဲရှိ အမျိုးသမီးဘက်က ဧည့်သည်တော်များမှာလည်း အသံတွေထွက်ကုန်ပါပြီ။

"အဲ့ဒါ 'ဘိုရဲ' ပဲ...'ကိုအုံမောင်' ကြီးပဲ ဘာပဲဖြစ်ဖြစ် ငါတို့တော့ ဝမ်းသာတယ်ဟေ့"

တချို့ကတော့ သတို့သားဘက်က ဧည့်သည်များကိုမေးနေကြသည်။

စပ်စုနေကြသည်။





"ကျွန်မတို့ဖိတ်စာထဲမှာ သတို့သားနာမည်က 'မိုးမြင့်မောင်' ပဲ... 'ဘိုရဲ' မှ မဟုတ်တာ"

"ဟုတ်တယ်လေ... 'မိုးမြင့်မောင်' ဆိုတာ သူ့ကျောင်းနာမည် ပဲ"

"ဒါတော့ ဟုတ်ပါပြီ... ကျွန်မတို့ဖိတ်စာထဲမှာ 'မိုးမြင့်မောင်' ရဲ့မိဘတွေက 'ဦးအောင်ဝင်းနဲ့ ဒေါ်လီလီ' ပဲ... အခုပွဲထုတ်လာတဲ့ မိဘတွေက 'ဦးသန်းအောင်' နဲ့ မိန်းမတစ်ယောက်... မှားနေပြီထင်တယ်... ပထမမင်္ဂလာပွဲနဲ့ ဒုတိယမင်္ဂလာပွဲမှားတာလား... ဘာမှားတာလဲ... တစ်ခုခုမှားနေပြီထင်တယ်"

ငယ်ဇာတ်လမ်းကိုမသိခဲ့သူ မိန်းကလေးဘက်မှ ဧည့်သည်များ ပြာယာခတ်နေချိန်တွင် ဈေးသူဈေးသားများကတော့ 'ဘိုရဲ' ကိုမြင်လိုက်ရသဖြင့် သဘောပေါက်ကျေနပ်နေကြသည်။

ထိုစဉ် အခမ်းအနားမှူးက...

"မင်္ဂလာကျက်သရေအပေါင်းနဲ့ပြည့်စုံတဲ့ ဒီရက်မြတ်အချိန်အခါမှာ ရောက်ရှိလာသော မင်္ဂလာပွဲလာ ဆွေမျိုးမိတ်သင်္ဂဟများကို ထူးဆန်းသော သည်မင်္ဂလာပွဲအကြောင်းလေးကို

ရှင်းပြချင်ပါတယ် ခင်ဗျား...

ဧည့်ပရိသတ်တွေထဲမှာရော မိန်းကလေးရှင် လူကြီးမိဘများရော ရုတ်တရက် သတို့သားမှားခေါ်လာပြီလားလို့ ထင်ကောင်းထင်နိုင်ပါတယ်...

ဒါပေမဲ့ ဒီသတို့သားကအစစ်ပါဗျာ အိမ်မှာလာတောင်းရမ်းတာကသာ အတုပါခင်ဗျား... လူ ငှားလွှတ်လိုက်တာပါ..."

"ဟင်..."

'ခင်လေး' နားမရှင်းသလို နားထောင်နေရာမှ ဖျတ်ကနဲ သတို့သားကို လှည့်ကြည့်လိုက်ပါသည်။

"ဟင် ကို 'ကိုရဲ' ..."

'ခင်လေး' ၏ မျက်ဝန်းတွင်မျက်ရည်တွေ ဝဲတက်လာပြီး ရေတံခွန်လို စီးကျလာသဖြင့် 'ဘိုရဲ' က လက်ကိုင်ပုဝါနှင့်သုတ်ပေးရင်း...

"မငိုနဲ့... အလှတွေပျက်ကုန်လိမ့်မယ်... ငိုရမယ့်အချိန် မဟုတ်တော့ဘူးလေ"

သတို့သားက သတို့သမီးကို မျက်ရည်သုတ်ပေးနေချိန်တွင် လက်ခုပ်သံတွေ ဆူညံသွားသလို၊ တဖျတ်ဖျတ်မီးတွေလင်းလာပြီး ဓါတ်ပုံရိုက်သံတွေ၊ ဗွီဒီယိုသမားတွေနှင့် ရှုပ်ကုန်ပါ





တော့သည်။

မင်္ဂလာတီးလုံးကို ခပ်တိုးတိုးဖွင့်ပေးထားရင်း အခမ်းအနားမှူးက ဆက်၍ စကားပြောနေပါသည်။

"မိန်းကလေးရှင်ဘက်က သဘောမတူ၍ ငယ်စဉ်တည်းက ကွဲကွာသွားလင့်ကစား ငယ်ချစ်ကိုမှ မြတ်နိုးမိသော 'ဘိုရဲ' က နှစ်ပေါင်းများစွာဝေးကွာနေသော်လည်း မမေ့နိုင်သလို မိန်းကလေးရှင်များ အထင်ကြီးသည့် လုပ်ငန်းရှင်သူဌေးလေးဘဝ ရောက်အောင် ကြိုးစားခဲ့ပါတယ်...

သတို့သမီးလေးကတော့ ဣန္ဒြေရှင်မိန်းကလေးဖြစ်တဲ့ အတွက် သူမြတ်နိုးတဲ့ သူကို နှစ်ပေါင်းများစွာ တိတ်တခိုးမျှော်လင့်စောင့်စားနေခဲ့ရှာပါတယ်...

ဒီပွဲက ငယ်သံယောဇဉ်ရယ် မေတ္တာရယ် သစ္စာရယ် ကြိုးစားမှုရယ် မျှော်လင့်ယုံကြည်မှုရယ် ရှိနေကြတဲ့ ချစ်သူနှစ်ဦးရဲ့ ဆုံဆည်းတဲ့ပွဲကလေးပါပဲ ခင်ဗျား..."

လက်ခုပ်သံတွေ ဆူညံသွားပြန်ပါပြီ။

ကြီးဒေါ်အငယ်၏မျက်နှာက ပုပ်ခွက်နေသဖြင့် 'ခင် လေး' က တိုးတိုးကလေး လှမ်းပြောရှာသည်။

" 'မေနီ' အရမ်းစိတ်ဆိုးနေပြီထင်တယ်... သူ့ကိုလူတွေ

ရှေ့မှာ အရှက်ခွဲသလိုများ ဖြစ်နေပြီလား မသိဘူး"

" 'ခင်လေး' က 'မေနီ' မကြိုက်ရင် ငြင်းဦးမလို့လား"

"အို ဘယ်ဖြစ်တော့မှာလဲ"

"ဒါဆို ပါးစပ်ပိတ်ထား... 'ကိုရဲ' ခေါ်တဲ့နောက်ကိုသာ လိုက်ခဲ့ပေတော့"

ပွဲပြီး၍ စင်မြင့်ကဆင်းသောအခါ မင်္ဂလာစုံတွဲကို ရှာမတွေ့တော့။ 'ကိုရဲ' ၏ မိဘများနှင့် 'ဒေါ်မြင့်ရီ' ကတော့ ဧည့်သည်များကို နှုတ်ဆက်နေပါသည်။

'ဒေါ်မြင့်နီ' က ပုပ်သိုးနေသောမျက်နှာဖြင့် ပုဝါကိုခေါက်သိမ်းပြီး အရင်ပြန်နှင့်လေပြီ။

သူမရင်ထဲတွင် ဒေါသတစ်လှည့်၊ ကျေနပ်ခြင်းတစ်လှည့်ဖြစ်နေတာကိုတော့ ဘယ်သူမှသိမည်မထင်။





## ၁၈

ဟိုတယ်အိပ်ခန်းတွင်း၌ ဖြစ်ပါသည်။

ခေါင်းငုံ့၍ မလှုပ်မယှက် အရုပ်ကလေးလိုထိုင်နေသော 'ခင်လေး' ကို 'ဘိုရဲ' ကလည်း မျက်တောင်မခတ် စိုက်ကြည့်နေသည်မှာ ကြာပါပြီ။

"ကဲ မညောင်းသေးဘူးလားဗျာ... ဟောဗျာ ငိုနေတာကိုး... ဘာဖြစ်လို့ငိုနေတာတုန်း"

"ဒီပွဲမှာ သတို့သားဟာ 'ကိုရဲ' မဟုတ်ခဲ့ရင်ဆိုတဲ့အတွေးကြောင့်ပါ"

"'ကိုရဲ' မဟုတ်မှန်းသိလျှက်နဲ့ ဘာဖြစ်လို့လက်ခံခဲ့သေးလဲ ခုမှ အပိုတွေမပြောပါနဲ့ဗျာ"

"'ခင်လေး' မှာ ရွေးစရာလမ်းမရှိတော့လို့ပါ... ဒါပေမဲ့ 'ခင်လေး' ရဲ့ မေတ္တာနဲ့မျှော်လင့်ချက်ကြောင့် 'ခင်လေး' ချစ်တဲ့လူနဲ့ ပြန်တွေ့ရတာပဲလို့ထင်တယ်"

"ဟုတ်လား... 'ခင်လေး' က ဆုတောင်းပြည့်လို့ကျေနပ်နေပြီပေါ့လေ... ဒီကောင့်မှာသာ ပြန်ဆုံခွင့်လဲရအောင် ပိုင်ဆိုင်ခွင့်လဲရအောင် နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ရတာပါဗျာ"

"'ကိုရဲ' သိပ်နေနိုင်တယ်... သူများကိုပစ်ထားတယ် အီးဟီး ဟီး "

'ခင်လေး' က 'ဘိုရဲ' ၏ လက်မောင်းကို လက်သီးဆုပ်များနှင့် ထုရိုက်ရင်း ရှိုက်ကြီးတငင် ငိုနေခြင်းဖြစ်သည်။

"ကဲ မကျေနပ်သေးဘူးလား... ဆက်ထုဦးမလား... 'ခင်လေး' လက်တွေနာနေပါ့မယ်... ပစ်ထားလို့ ခုလို ပြန်ဆုံခွင့်ရတာပေါ့ဗျာ 'ဒေါ်လေးနီ' ပုံစံကြီးက တဇွတ်ထိုးကြီးဆိုတော့ 'ကိုရဲ' ကို မြင်တွေ့နေရသမျှ ကာလပတ်လုံး ဟိုပြောင်းဒီရွှေ့ လုပ်မယ်... ဟိုလူဒီလူနဲ့ အတင်းပေးစားမယ်လေ"

"ဒါဆိုလဲ တစ်နေ့ 'ခင်လေး' နဲ့ပြန်ဆုံမယ်ဆိုတာ ပြော





ထားပါလားလို့... သူများကဖြင့် သူနဲ့ဝေးပြီထင်ပြီး ငိုရတာ ခဏခဏပဲ... ဆယ်တန်းအောင်တုန်းကလည်း ပေါ်မလာလို့ မျှော်နေတာ... ကော လိပ်ရောက်တော့လည်း ဟိုနားကပေါ်လာမလား ဒီနားကပေါ်လာမလားဆိုပြီး လိုက်ရှာနေမိတာ"

"ဒါကြောင့် နန်းတွင်းသူ မျက်လုံးကစားတယ်ဆိုပြီး နာမည်ကြီးတာကိုး"

"ဟင် 'ခင်လေး' ကို နန်းတွင်းသူလို့ ခေါ်ကြတာကို လည်း 'ကိုရဲ' သိတာပဲလား"

"သိတာပေါ့... နန်းတွင်းသူကို ပိုးတဲ့လူတွေ ဝိုင်းဝိုင်းလည်နေလို့ ဒီကောင့်မှာပါသွားမှာစိုးလို့ စိုးရိမ်နေရတာ"

"စိုးရိမ်လို့ပဲတော်တော့တယ်... တစ်ခါလောက်တောင် လာမတွေ့ဘူး စာလေးတစ်စောင်တောင် ရေးဖော်မရဘူး... တခြားမှာ ချစ်သူတွေရှိနေလို့ နေမှာပါနော်... အဲ့ဒီချစ်သူတွေနဲ့ ကွဲသွားမှ သူများကို သတိရတာမဟုတ်လား"

"အဲ့သလိုချစ်သူရှိနေရင် မင်းလေးဆီ ပြန်တောင်ရောက်လာမှာကို မဟုတ်ဘူး... မင်းကြီးဒေါ်တွေက လူကိုနှိမ်တဲ့ဒဏ်တွေက ကိုယ့်ရင်မှာ နာကျင်အောင်ကိုခံစားခဲ့ရတာ... ကိုယ်တွယ်တာတဲ့ ကလေးမလေးတစ်ယောက်ကို ခင်ခွင့် စကား

ပြောခွင့်တွေ့ခွင့်တွေ တားမြစ်ပိတ်ပင်ထားတဲ့အတွက် ကိုယ်အရမ်းတွေ့ချင်တယ် မြင်ချင်တယ်...ခဏလေးတွေ့ရဖို့အတွက် စိတ်ကိုအလိုလိုက်မိရင် တစ်သက်လုံးဝေးသွားရဖို့ကများတယ်လေ...

အဲ့ဒီတုန်းက 'ခင်လေး' က အရွယ်ရောက်သေးတာ မဟုတ်ဘူး... သူတို့ရိုက်ရင်လည်း ခံရမှာပဲ... လူဆိုတာနာကြည်းချက်ရှိမှ ရင်မှာခံပြင်းပြီး ကလဲ့စားချေချင်ကြတာ... အနိုင်ယူချင်ကြတာလေ... 'ကိုရဲ' ကိုအထင်သေးတာ သိပ်မှားသွားပြီ... ကိုယ်ကစာတွေဖတ်ပြီး ဗဟုသုတတွေရပြီးတစ်နေ့တခြားလိမ္မာလာတဲ့ကောင်လေ... ငယ်ငယ်နဲ့ပိုက်ဆံရှာတတ်ပေမယ့်ဘဝနာတဲ့ကောင်ဆိုတော့ ဖြုန်းဖို့ထက် တန်ဘိုးရှိတဲ့နေရာမှာ အသုံးချခဲ့တယ်...

'ခင်လေး' တို့နဲ့ဝေးတဲ့နေရာကို ပြောင်းသွားပြီးတဲ့နောက်ပိုင်း ပိုပြီးကြိုးစားရတယ်လေ... မိတ်ဆွေဆရာဆရာမတွေနဲ့တိုင်ပင်ပြီး အကူအညီတောင်းပြီး ဆယ်တန်းစာမေးပွဲဝင်ဖြေခဲ့တယ်... သိတဲ့အတိုင်း ကိုယ်စာကိုဘယ်လိုကျက်ထားတယ်ဆိုတာ 'ခင်လေး' အသိဆုံးပဲ... ဆယ်တန်းအောင်တော့စာပေးစာယူတက်ရင်း တစ်ဖက်က စီးပွားရှာနေခဲ့တဲ့အတွက်





ကိုယ်သဘော်လိုက်ဖို့ အဆင်ပြေသွားခဲ့တယ်... "

" 'ကိုရဲ' ဖေဖေက မျက်စေ့ပြန်မြင်သွားတာလား"

"ဟုတ်တယ်... တစ်ဖက်ပဲမြင်တာပဲ... မျက်လုံးလှူထားတဲ့အလှူရှင်ကြောင့် အဖေ့မျက်လုံးကလည်းခွဲစိတ်ပြီးပြန်ကောင်းခွင့်ကြုံသွားလို့ပေါ့လေ... ပိုက်ဆံလည်းတတ်နိုင်ပြီဆိုတော့ ဘဘက သူ့ညီအတွက် ပုံအောပြီးသုံးတာ"

"ဒါနဲ့အိမ်ကိုလာတဲ့ ကံထရိုက် 'ဦးစောရွှေ' နဲ့သူ့ညီဆိုတာကရော"

"အဟင်း ဟင်း ဟင်း... 'ကိုစောရွှေ' ကြီးက ကိုယ့်အစ်ကိုလေ"

"ဟင် မဖြစ်နိုင်တာ... သူတို့မှာ မောင်နှမနှစ်ယောက်တည်းရှိတာများ ဒါနဲ့ 'ချိုသဲ' ရော"

"သူ့အမေ ပြန်လာခေါ်သွားတာကြာပြီ... 'ချိုသဲ' က ကိုယ်တို့နဲ့သိပ်မပျော်ဘူး... 'ကိုစောရွှေ' က ကိုယ့်အမေ 'ဒေါ်သိန်းကြည်' ရဲ့ လင်ပါသားလေ... အဖေနဲ့ကွဲပြီး ပိုက်ဆံချမ်းသာတဲ့မုဆိုးဖိုကြီးကို ယူလိုက်တာ... အဖိုးကြီးသေသွားတော့ အမေကအမွေလည်းရလိုက်တယ်... အဖေနဲ့ကိုယ့်ကို ပြန်ဆက်သွယ်လာတယ်... အဖေမျက်လုံး ခွဲတုန်းက အမေပဲလာပြု

စုပေးတာ… အမေပြန်ရောက်လာလို့လဲ ကိုယ်သဘော်တက်ဖြစ်တာလေ…

'ကိုစောရွှေ' တို့က တစ်သက်လုံး အိမ်ဆောက်တဲ့ကံထရိုက်အလုပ်နဲ့ချမ်းသာလာတာ… ကိုယ်လွှတ်လိုက်လို့ 'ခင် လေး' တို့အိမ်တွေတိုက်ဖြစ်ကုန်တာ"

"ဒါပေမဲ့ 'ခင်လေး' လွမ်းနေမယ်ဆိုတာ သိလျှက်နဲ့ တစ်ခါမှ လာမတွေ့တာတော့ မကျေနပ်ဘူးကွာ"

ကလေးလိုဂျီကျနေသူလေးကို ထွေးပွေ့ရင်း…

"လာတွေ့ပါတယ်… ခဏခဏကို လာတွေ့ပါတယ်… သတင်းလည်းအမြဲမေးပါတယ်… ဓါတ်ပုံလေးတွေလည်းအမြဲရအောင် တောင်းခဲ့ပါတယ်"

"ဟင် ဘယ်တုန်းကလာတွေ့တာလဲ… ဓါတ်ပုံကကော ဘယ်ကရတာလဲ"

"စုံထောက်ငှားထားတယ်လေ… 'ခင်လေး' ရဲ့သတင်းကို အမြဲစုံစမ်းနေတာ"

"ဟင် တကယ်"

"တကယ်ပေါ့… ပင်စင်စားလင်မယားဆိုတာက ကိုယ့်ရဲ့ဖိုးလေးနဲ့ဖွားလေးတော်စပ်တယ်… အဖိုးရဲ့ညီနဲ့ခယ်မလေး…





သူတို့ကလည်း ပင်စင်ယူမယ့်အချိန် 'ကိုရဲ' ကလည်း 'ခင်လေး' တို့အခန်းဘေးကို တခြားလူစိမ်းအဝင်မခံချင်လို့ သူတို့ကိုလာနေခိုင်းလိုက်တာ… ကဲ သဘောပေါက်ပြီလား… 'ခင်လေး' အီးဘယ်နှစ်လုံးပေါက်တယ်ဆိုတာတောင် သိတယ်"

"ဟင် ကြည့်ပါလား… ဘာတွေလျှောက်ပြောနေတာလဲလို့"

'ခင်လေး' က ရှက်ပြီး မျက်နှာကို လက်ဖဝါးနှစ်ဘက်နှင့်အုပ်ထားသည်။

" 'ခင်လေး' ဝရံတာမှာ ထွက်ထွက်မျှော်နေတာကိုလည်းသိတယ်"

"အင်း ဟင်း"

"တက္ကသိုလ်ကျောင်းမှာ ပိုးချိတ် ကြိုးချိတ်တွေ ဇာတွေခဏခဏလက်ဆောင်ရတိုင်း ဖွားလေးဆီမှာ အပ်ထားတာကိုလည်းသိတယ်"

"ဟွန်း အဲ့သလိုသိတော့ စိတ်မပူဘူးလား… သူများတွေကြိုက်သွားမှာကို"

"ပူတာပေါ့… ဒါပေမဲ့ အဲ့ဒီလက်ဆောင်ရှင်က ကျွန်တော်ပဲလေ"

"ဟင် တကယ်"

"တကယ်ပေါ့… လက်ဆောင်ပစ္စည်းထုပ်လေးကိုင်ပြီး ဟိုရှာဒီရှာလုပ်နေတာကို 'ကိုရဲ' မြင်နေတာပဲ… တကယ်လို့သာ အဲ့ဒီလက်ဆောင်ရှင်ဟာ တခြားတစ်ယောက်ဆိုရင် 'ခင်လေး' ပြန်ကြိုက်မယ်ထင်တယ်"

" 'ခင်လေး' ကတော့ 'ကိုရဲ' ပေးတယ်ဆိုပြီး စိတ်ကူးယဉ်ပစ်လိုက်တာပဲ… လွမ်းနေဆွေးနေလိုက်တာ"

"ယုံပါတယ်ကွာ… တိုက်ဆောက်လို့ ခြံထဲမှာသွားနေတုန်းက 'ခင်လေး' ကို ကြိုက်တဲ့လူတွေများလွန်းလို့ 'ကိုစောရွှေ' က ကိုယ့်ကို လှမ်းအကြောင်းကြားသေးတယ်လေ… အဲ့ဒီ တုန်းက အရမ်းကိုစိတ်ပူပြီး သဘော်ပေါ်ကဆင်းလာချင်တာ… နောက်ဆုံးကြံရာမရတာနဲ့ 'ကိုစောရွှေ' ရဲ့ညီနဲ့ပေးစားချင် တယ်လို့ 'ဒေါ်လေးရီ' တို့ကိုပြောခိုင်းရတာ… တကယ်တော့ 'ကိုစောရွှေ' မှာ ညီမရှိပါဘူး"

"ဟင် ဒါဆို အိမ်ကိုလာတဲ့ 'ကိုမိုးမြင့်မောင်' ဆိုတာက ရော"

"အဟင်းဟင်း အဲ့ဒါက ကိုယ်တို့လုပ်ငန်းထဲက သဘော်သားနဲ့တူတဲ့မိတ်ဆွေကို အကူအညီတောင်းရတာ သူကလည်း





ကြောက်တတ်လိုက်တာ ဒူးတွေကိုတုန်နေတာပဲတဲ့"

"အင်းပေါ့… သူများအိမ်ပေါ် တက်လိမ်တဲ့ကိစ္စကိုး 'ကိုရဲ' လေ သိပ်ဉာဏ်နီဉာဏ်နက်များလွန်းတယ်… သူ့ကိုယ်သူ ရုပ်ရှင်ဒါရိုက်တာကျနေတာပဲ"

"ဘယ်ဟုတ်မလဲ… ဒီဇာတ်ထုပ်မှာ ကိုယ်က ဇာတ်ညွှန်းဆရာ ကိုယ်ပဲမင်းသား… ကိုယ်ပဲဒါရိုက်တာပဲလေ… ဒီတော့ ကိုယ်ပိုင်ဆိုင်ချင်တဲ့ မင်းသမီးလေးကိုရဖို့အတွက် ကြံရဖန်ရတော့တာပေါ့"

"အင်း 'မေနီ' တစ်ယောက် ဘယ်လောက်များဒေါပွနေမလဲ မသိဘူး"

" 'ဒေါ်လေးရီ' ကတော့ သဘောတူလား"

" 'မေရီ' က ငယ်ငယ်တည်းက သိပ်မကန့်ကွက်ဘူး… 'ကိုရဲ' ကို သံယောဇဉ်ရှိပုံရတယ်"

"ဟုတ်လား ယောက္ခမကြီးကြီးကို ကောင်းကောင်းကန်တော့ရမယ်… ယောက္ခမကြီးကြီးငယ်ကိုလည်း ကောင်းကောင်းကန်တော့ရမှာပါပဲ… ဒါပေမဲ့ သုံးလေးရက်နေမှသွားကြမယ် နော်"

"သဘောပဲလေ"

"သူတို့ဆီဖုန်းဆက်မလား… ဆေးခန်းကိုခေါ်လိုက်မယ်လေ"

"အို မခေါ်တော့ပါဘူး… သဘက်ခါမှပဲသွားမယ်လေ"

ရွှေညိုရောင်ဖဲဇာဝမ်းဆက်နှင့် စိန်လော်ကက်၊ စိန်နားကပ်၊ စိန်လက်စွပ်တို့ကို ဝတ်ဆင်ထားသော 'ခင်လေး' မှာရှုန်းလက်တောက်ပ၍နေပါသည်။

ဆေးခန်းရှေ့တွင် ကားတွေ စီတန်း၍ရပ်ထားပြီး လူနာတွေ တန်းစီစောင့်နေပါသည်။

ဘဘ 'ဦးအုံမောင်' က 'ခင်လေး' တို့ စုံတွဲကို ထွက်နှုတ်ဆက်ပါသည်။

" 'မေနီ' နဲ့ ပြဿနာဖြစ်သေးလား ဘဘ"

"မဖြစ်ပါဘူး… သူတို့လဲအောက်မဆင်းဘူး… ငါလည်းအပေါ်မတက်ဘူး… ဖိုးလေးဖွားလေးတို့နဲ့တော့ ခေါ်ခေါ်ပြောပြောပါပဲ ကဲ သွားကြ သွားကြ"

'ခင်လေး' တို့ အိမ်ခန်းဝတွင် ဒေါက်ဖိနပ်တစ်ရံနှင့်ယောကျ်ားစီးဖိနပ်တစ်ရံကိုတွေ့ရသဖြင့် ဧည့်သည်ရောက်နေပြီဆိုတာ သိလိုက်ပါသည်။

"ဟယ် 'အန်တီငြိမ်း'… အန်ကယ် 'ဦးတင်ထွတ်'… ဘယ်





ကိုလာတာလဲဟင်"

လုံးဝမမျှော်လင့်မထားသော သူများကို တွေ့လိုက်ရသဖြင့် 'ခင်လေး' က ဝမ်းသာအားရအော်လိုက်မိသည်။

"သတင်းစာထဲက မင်္ဂလာသတင်းကို ဖတ်လိုက်မိတယ်လေ… ဒါကြောင့် အလုပ်ကိစ္စရှာပြီး ဒီကိုတမင်လာခဲ့တာ… ရော့ဗျာ မင်္ဂလာလက်ဖွဲ့"

လှပစွာထုပ်ပိုးထားသောအထုပ်က စားပွဲပေါ်မှာ။

"ကိုယ့်တူနဲ့တူမ ပြန်တွေ့ကြပြီး တစ်သက်လုံးအတူနေခွင့်ရသွားကြတဲ့အတွက် အန်ကယ်ကတော့ အရမ်းကိုဝမ်းသာမိတာပဲကွယ်"

"ပြန်ဆုံတာမဟုတ်ဘူး အန်ကယ်ရ… ကျွန်တော်က သူ့ကိုပဲချစ်တာ… သူကလည်း ကျွန်တော့်ကိုပဲ မျှော်နေစောင့်နေတာ"

"အေးပေါ့ကွာ… သစ္စာပေါ်မှာ မေတ္တာထားပြီး စောင့်ရကျိုးနပ်သွားတာပေါ့ကွာ… အားလုံးလည်း ဝမ်းသာကြရတာပေါ့"

"အခုမှ ကျွန်တော် ဖွင့်ပြောပြမယ်… အန်ကယ်က 'အန်တီငြိမ်း' အပေါ်မှာ ခွင့်လွှတ်ပြီးချစ်တဲ့အချစ်ကို ငယ်ငယ်တည်း

က ကျွန်တော် အားကျခဲ့တာ… တကယ်လို့သာ 'ခင်လေး' တခြားလူတွေနဲ့ချစ်ခဲ့ပြီးလဲ ကျွန်တော့်ဆီပြန်ရောက်လာရင် ကျွန်တော်ဆက်ချစ်နိုင်တယ် အိမ်ထောင်ကျပြီး ကွဲခဲ့ရင်လည်း ကျွန်တော်ခွင့်လွှတ်ပြီး ချစ်နိုင်တယ် ခုမှတွေ့ခုမှကြိုက်ပြီး ချစ်ခဲ့ယူခဲ့ကြတဲ့လူတွေထက် ကျွန်တော့်မေတ္တာက ပိုပြီး ယုံကြည်စိတ်ချရပါတယ်… ကျွန်တော်က သူ့ကိုငယ်ငယ်လေးတည်းက အရိပ်တကြည့်ကြည့်နဲ့ ချစ်ခဲ့ရတဲ့သူပဲလေ"

အခန်းအောင်းနေသော 'ဒေါ်လေးနီ' ကြားအောင် တမင်ပြောနေခြင်းဖြစ်ပါသည်။

"မင်းတို့စုံတွဲ ဘယ်တော့လောက် အိမ်ပြန်လာကြမှာလဲ"

'ဒေါ်ခင်ရီ' က မေးခြင်းဖြစ်သည်။

"ကျွန်တော် ဒီအခြေအနေရောက်ဖို့အတွက် ကြိုးစားခဲ့ရတဲ့ ကာလတွေက အကြာကြီးအများကြီးပဲလေ… 'ခင်လေး' ကတော့ လူမပင်ပန်းပေမယ့် စိတ်ကတော့ မောနေရှာမှာပါ… ကျွန်တော်တို့နှစ်ယောက် ချောင်းသာ ငွေဆောင် ငပလီ မောင်းမကန် ကမ်းခြေလေးခုလုံးမှာ တစ်ပတ်ဆီအနားယူဖို့ စဉ်းစားထားကြတယ်… မသွားခင် 'ဒေါ်လေးရီ' နဲ့ 'ဒေါ်လေးနီ' ကို လာကန်တော့တာ…





ဒီကအပြန် ဖိုးလေးဖွားလေးရော မိဘတွေကိုရော ဘဘကိုရော အားလုံးလိုက်ကန်တော့ရဦးမှာ… အန်ကယ်နဲ့အန်တီ ကိုပါ ကန်တော့သွားမယ်"

သစ္စာမဲ့ခဲ့ဘူးသော 'အန်တီငြိမ်း' ၏ မျက်နှာကတော့ ရှက်သလိုလို ဖြစ်နေရှာပါသည်။

" 'မေနီ' ကို သတ်သတ်ဝင်ကန်တော့မှ ထင်တယ်"

ခပ်ကျယ်ကျယ်ပြောလိုက်သော 'ဘိုရဲ' စကားကြောင့်…

"နေ နေ ငါလာပြီ ငါလာပြီ"

'ဒေါ်လေးနီ' မျက်နှာလည်း အားနာသလို၊ ရှက်သလိုလို ဖြစ်နေရှာပါသည်။ သို့သော် သူမပါးစပ်မှ ဆုတွေပေးသံကြားနေရပါသည်။

"ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေ… ဘဝဆက်တိုင်း ငှက်ဖြစ်လဲတစ်ကိုင်းတည်း နားရပါစေ"

"ကြွက်ဖြစ်လဲ တစ်တွင်းတည်း အောင်းရပါစေ… ဟား ဟား ဟား"

အခန်းဝတွင်ရုတ်တရက်ရောက်လာသော 'ဦးအုံးမောင်' ၏အသံကြောင့် ကျန်သူများ တဟားဟားရယ်မောနေကြသော်လည်း 'ဒေါ်လေးနီ' က မျက်စောင်းလှမ်းထိုးရင်း…

"ဒီလူနဲ့ကတော့ သေတောင် မျက်နှာကြောက တည့်မှာကိုမဟုတ်ဘူး... "

"အေးဗျာ ကျုပ်ကတော့ ခင်ဗျားတို့နဲ့အမျိုးတော်ချင်လွန်းလို့ ကျုပ်တူကို မြှောက်ပေးခဲ့တာလေ... ဟဲ ဟဲ ခုတော့ ခင်ဗျားဘာတတ်နိုင်သေးလဲ... မခေါ်ချင်လဲ ကျုပ်ကိုခေါ်ရမှာပဲ...မတော်ချင်လဲကျုပ်ကို အမျိုးတော်ရမှာပဲ ဟဲ ဟဲ ဟဲ"

'ဒေါ်လေးနီ' က စိတ်တိုပြီး အိမ်ခန်းထဲဝင်သွားသည်ကိုကြည့်ပြီး အားလုံး ကျေနပ်စွာ ရယ်မောနေမိကြပါ သည်။

**စာဖတ်ပရိတ်သတ်များကို**

**အခ်ဲလေးစားလျက်**

**ဆွေဆွေအောင်**